## ဝိဇ္ဇာဓရ ဗျည်းအင်းပုံ



...ဤ ဝိဇ္ဇာဓရ ဗျည်းအင်းကို စက္ကူတွင်ချ ပြာပြု...

မားမဲ့ဆရာတော်ဘုရားကြီး

၏

မားမဲ့ဝိဇ္ဇာအမည်ရှိသော

# မဟာသိဒ္ဓိကျမ်းရင်းကြီး

ပထမတွဲ

* * *

ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်
အောင်ဆန်းလမ်း၊ မန္တလေးမြို့။

၁၃၂၄-ခု။

သီတင်းကျွတ်လ

| ရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | နိဒါန်း | ၁ |
| ၂ | ပဏာမ | ၃ |
| ၃ | ဗားမဲ့ ဆရာတော် အတ္ထုပ္ပတ္တိ | ၅ |
| ၄ | ဝိဇ္ဇာဝိုရ်နှင့် ဗားမဲ့ဆရာတော် တွေ့ခြင်း | ၅ |
| ၅ | အင်းဘီလူးထံသွားခြင်း | ၈ |
| ၆ | နက္ခတ်ရွေးနည်း | ၁၂ |
| ၇ | အင်းချ, မန္တန်ဝိပ် အစီအရင် | ၁၉ |
| ၈ | အင်းပျက်ခြင်းလက္ခဏာ | ၂၀ |
| ၉ | အင်းပေါက်ခြင်း ခုနစ်ပါး | ၂၀ |
| ၀ | အင်းကန်းခြင်း ခုနစ်ပါး | ၂၀ |
| ၁ | အင်းကျိုးခြင်း ခုနစ်ပါး | ၂၁ |
| ၂ | အင်းချသောအခါ လိုက်နာရမည့်နည်း | ၂၂ |
| ၃ | လေးကျွန်း အဓိပတိအင်း | ၂၄ |
| ၄ | အတုလသရဏဂုံအင်း | ၂၅ |
| ၅ | ကျေးဇူးတော် အင်း | ၂၆ |
| ၆ | ရွှေယပ်စီရင်နည်း | ၂၆ |
| ၇ | လက်ကိုင်ပုဝါစီရင်နည်း | ၃၁ |
| ၈ | ခြသေ့်လက်အင်း | ၃၃ |
| ၉ | ဇမ္ဗူ့ သနင်းရေချမ်းအင်း | ၃၄ |
| ၀ | သဗ္ဗပီယ လက်တွေ့နတ်ဆေး | ၃၉ |
| ၁ | မဟာသမ္ဗုတပီယစီရင်နည်း | ၄၂ |
| ၂ | ပုတီးစီရင်နည်း | ၄၄ |
| ၃ | ဗျည်းအင်းများအကြောင်း | ၅၀ |

မာတိကာ


| ခန်းရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၄ | ဝိဇ္ဇာဓရဗျည်းအင်း | ၅၂ |
| ၂၅ | သုံးလူ့ကေသီအင်း | ၅၃ |
| ၂၆ | ရန်မျိုးခေအာင်ဗျည်းအင်း | ၅၄ |
| ၂၇ | မဏိဇောတအင်း | ၅၅ |
| ၂၈ | စူဠာမဏိဗျည်းအင်း | ၅၅ |
| ၂၉ | အာသောကအင်း | ၅၆ |
| ၃၀ | အန္တိမသုခအင်း | ၅၇ |
| ၃၁ | ဗျည်းအင်းများ၏ ဂုဏ်ထူး | ၅၈ |
| ၃၂ | ပုဏ္ဏကအင်း | ၆၁ |
| ၃၃ | ဣန္ဒာသယ မီးထွန်းအင်း | ၆၂ |
| ၃၄ | တုရုးငါးဆူအင်း | ၆၃ |
| ၃၅ | သရဏဂုံ အဝင်အင်း | ၆၃ |
| ၃၆ | သရဏဂုံ အထွက်အင်း | ၆၄ |
| ၃၇ | အဲကုံရ အက္ခရာအင်း | ၆၅ |
| ၃၈ | အက္ခရာ သချ်ာအင်း | ၆၅ |
| ၃၉ | အစိမန္တယျအင်း | ၆၇ |
| ၄၀ | ဖယောင်းတိုင်အစီအရင် | ၇၀ |
| ၄၁ | အတုလှာသရဏဂုံအင်း | ၇၁ |
| ၄၂ | ထမ္ဘာဒေဝ ယတြာပြုအင်း | ၇၂ |
| ၄၃ | ခေါင်းခံဆေးမင်္ဂလာ မဟာသုခအင်း | ၇၃ |
| ၄၄ | ရတနာတံတိုင်းအင်း | ၇၄ |
| ၄၅ | အာယုဗီဃအင်း | ၇၄ |
| ၄၆ | သဗ္ဗပီယသိမ်ဝင်အင်း | ၈၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇ | ရန်လွှတ်အင်း | ၇၅ |
| ၄၈ | သီရိမင်္ဂလာအင်း | ၇၆ |
| ၄၉ | မြင်းသေ မြင်းကိုက်သွားနည်း | ၇၆ |
| ၅၀ | ခုထားသွားနည်း | ၇၇ |
| ၅၁ | ဖြောင့်ရှစ်ချက်အင်း | ၇၇ |
| ၅၂ | အန္တရာယပဝိသောစနအင်း | ၇၈ |
| ၅၃ | ဓမ္မစေတီမှော်အင်း | ၇၉ |
| ၅၄ | အံရှစ်ချက် သဗ္ဗသုစအင်း | ၈၀ |
| ၅၅ | ရှင်ကျော်လေးပါးအင်း | ၈၂ |
| ၅၆ | မိုးရွာအင်း | ၈၃ |
| ၅၇ | နေပူအင်း | ၈၄ |
| ၅၈ | နေကြောက်အင်း | ၈၅ |
| ၅၉ | လ,ကြောက်အင်း | ၈၆ |
| ၆၀ | အာဏာတည်အင်း | ၈၇ |
| ၆၁ | မိတ်တက်အင်း | ၈၈ |
| ၆၂ | သမ္ဘုဒ္ဓေ အဝင်,အထွက်အင်း | ၉၀ |
| ၆၃ | သရဏဂုံနံပေါ်အင်း | ၉၁ |
| ၆၄ | အရဟံဗျည်းအင်း | ၉၂ |
| ၆၅ | ဂုဏ်တော်သစ္စာလေးပါးအင်း | ၉၃ |
| ၆၆ | မိတ်နှံ့ဂြိုဟ်တက်အင်းများ | ၉၄ |
| ၆၇ | ရန်နှံ့ ဂြိုဟ်တက်, ဂြိုဟ်ဆုတ်အင်း | ၉၆ |
| ၆၈ | မိတ်ရန်နှံ့ဂြိုဟ်အင်းတို့၏ အကျိုး | ၉၈ |
| ၆၉ | ဘုရားလေးဆူ ယတြာအင်း | ၉၉ |

မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၀ | ဝေံ အဝိန္တိယာအင်း အစီအရင် | ၁၀၅ |
| ၇၁ | ပဌနာသိမ်းအင်း | ၁၀၇ |
| ၇၂ | စောရဘိတအင်း | ၁၀၈ |
| ၇၃ | ချစ်နှံ့မပြယ်အင်း | ၁၀၈ |
| ၇၄ | ရုပ်ပွားတော် ထုလုပ်စီရင်နည်း | ၁၁၁ |
| ၇၅ | အန္တရာယ်ကင်း ဂါထာများ | ၁၁၇ |
| ၇၆ | သံရှစ်ချက်ဂါထာ | ၁၁၉ |
| ၇၇ | လုပ်ရပ် လုပ်ထုံးအကြောင်း | ၁၁၉ |
| ၇၈ | ရွှေရတနာ လုပ်ရပ်လုပ်ထုံး | ၁၂၄ |
| ၇၉ | ကုန်းသံ့ ရေသံနှစ်ပါးစီရင်နည်း | ၁၃၇ |
| ၈၀ | ယောကျ်ားကောင်းတို၏ နှလုံးရည် | ၁၃၈ |

# နိဒါန်း

ဘုရားသာသနာတော် နှစ်ထောင်ကျော်စ ခါသမယက ကမ္ဘာ့ကြက်သရေ နေ, လ-ပမာ လွန်စွာ ထင်ရှားသော ဗားမဲ့ ဆရာတော်ဘုရားနှင့် ဝိဇ္ဇာဓိုရ် ယောကျ်ားတို့၏ ဥပ-နိဿယ ဒိဋ္ဌ လက်တွေ့ ဖြစ်သော အင်းအိုင် ခါးလှဲ့ လက်ဖွဲ့ မန္တရား ဆေးဝါးအတတ် လုပ်ယပ် ဝဲဃာ, ယတြာ ထောင်သောင်း များစွာသော ပညာအပေါင်းတို့ကို စုဆောင်းမှတ်သားထားတော်မူခဲ့သည့် ဆယ်ကြောင်းရေးပေ ၂၆ အင်္ဂါခန့် ရှိသော စာမူကို တပည့်စဉ်ဆက် အထက်ထက်က လျှို့ဝှက်စောင့်ရှောက်တော်မူခဲ့ကြရာ ယခုအခါ ရတနာပုရ အင်းဝမြို့လျှင် ဖွားမြင်တော်မူရာ ဇာတိ၊ ပဝတ္တိ မဟာမြိုင်ဆရာတော်ဘုရားကြီး ဦးဝဏ္ဏဓဇ အရှင်မြတ်က အမွေဆင်းသက် ဆက်လက် ရရှိတော်မူပါသဖြင့် များစွာသော မျိုးကောင်းသားသမီးတို့၏ စီးပွားချမ်းသာ ကြက်သရေ မင်္ဂလာ အလို့ငှာ ဥတ္တရကုရု ကောင်းချီးဆုဖြင့် အမှုဝပ်သိမ်း ပြီးငြိမ်းတော့တလိုတိုင်းရသော ဣစ္ဆိတပဒေသာ ရတနာ ဆယ်ပါးမျှ မှတအဖိုးထိုက်တန်လှသော ဗားမဲ့ဝိဇ္ဇာ မဟာသိဒ္ဓိ ကျမ်းရင်းကြီး ပထမပိုင်း စာအုပ်ကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ဒုတိယအကြိမ် ချဲ့ထွင်ပြင်ဆင်ရိုက်နှိပ်ပြီးနောက် ယခုအခါ ကျွန်တော်များ ပိဋကတ်တော် ပြန့်ပွားရေး ပုံနှိပ်တိုက်မှ တတိယအကြိမ်မြောက်အထူးသောသပ်သန့်ရှင်းလှစွာ ရိုက်နှိပ်ပြီးစီးပါကြောင်း။

ပိဋကတ်တော်ပြန့်ပွားရေး

# မဟာသိဒ္ဓိကျမ်းရင်းကြီး

## ပထမတွဲ

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

ဇယံ ပတ္တော ဇိနော ဝီရော၊ သဗ္ဗတ္ထ အပရာဇိတော၊
သော သန္တာနံ ဇယံ ဒေတု၊ တေ ဇယန္တု ဇယာ မဟာံ။

ဝီရော-ရဲရင့် တက်ကြွ ကြိုးမားလှသော လုံ့လဝီရိယရှိတော်မူသော၊ ဇိနော-ကိလေစစ်မာရ်ရ် တွင်းပရန်ကို တွန်းလှန် ခုတ်ထွင် အောင်ပွဲဝင်သည့် သုံးခွင်ကျော်ကြား ရှင်တော်ဘုရားသည်၊ သဗ္ဗတ္ထ-အလုံးစုံသော မာရ်နတ်စစ်ပွဲ အာဋ္ဌဝကစစ်ပွဲ အင်္ဂုလိမာလစစ်ပွဲ စသော အရပ်ရပ်သော စစ်ပွဲဟူသမျှ တို့၌ အပရာဇိတော-ဘယ်အခါကာလမှ ရှုံးဘူး ကျဘူးသည် ဟူ၍ မရှိပဲ၊ ဇယံ-ဘုန်းကံအလျောက် ထ,မြောက်အောင်မြင်ခြင်းသို့၊ ပတ္တော- အလွယ်တကူ ရောက်တော်မူနိုင်လေပြီ၊ သော- ထို အောင်ပွဲသခင် ဘုရားရှင်သည်၊ သန္တာနံ- ပညာအရပ်ရပ် ဆည်းကပ်သင်ကြား အရှင့်တပည့်တော်များအား၊ ဇယံ- လို အင်ဆန္ဒရှိသမျှကို ပြည့်ဝစေမှု အောင်ပန်းဆုဖြိုး၊ ဒေတု- သနားကြည်ဖြူ ပေးတော်မူပါစေသတည်း၊ တေ- ထိုဘုရား သာသနာတော်နှင့် ဆန့်ကျင်ဘီလာ မဟုတ်ပါသော လောကီ

ပညာ လေ့ လာလိုက်စား တပည့်များတို့သည်၊ ဇယန္တု-ကြည်
ဿာရှင်လန်း အောင်ဆုပန်းကို ဆင်မြန်းနိုင်ကြပါစေကုန် သ
တည်း၊ အဟံ-အကျွန်ုပ်သည်၊ ဇယာမိ- မဂ်ဖိုလ်အောင်နန်း
အောင်ဆုပန်းကို ဆင်မြန်း ကြည်သာ အောင်ရပါ လို၏၊
ဇယာမိ- အောင်ပွဲမင်္ဂလာ ဧဖြာဖြာဝယ် ကြည်သာရွှင်ပျ
အောင်ပန်းဆင်ရပါလို၏ဘုရား။ ၂

ပဏာမပြီး၏။

## ဗားမဲ့ဆရာတော်ဘုရား၏ အတ္ထုပ္ပတ္တိအကျဉ်း နှင့် ပညာရခြင်း အကြောင်း

ဗားမဲ့ဆရာတော်ကား ရခိုင်နယ်ဧပ် ဗားမဲ့ တောင်ခြေရွာ၌ သက္ကရာဇ် ၉၃၃ ခုနှစ်တွင် ဖွားမြင်တော်မူ၍ ဟံသာဝတီ မြည်ကြီး၌ ရှင်သာမဏေပြုလုပ်ပြီးလျှင် စာပေ ပိဋကတ်တို့ကို သင်ကြား၍နေတော်မူ၏။ ဘွဲ့တော်ကား "နန္ဒသာရ"တည်း။ တရံရောအခါဟုဆိုအပ်သော ထိုနေ့၌ ဟံသာဝတီ မြစ်ကမ်းသို့ ဒေသစာရီ ကြွချီတော်မူရာ သူရူးတယောက်နှင့် တွေ့ကြုံမိစဉ် မြစ်လယ်မှ မိကျောင်းတကောင်သည် ကြေးနီပရပိုက်ကိုကိုက်၍ ပေါ်လာပြီးလျှင် ကမ်းသို့ ကူးလာ၏။ ထိုအခါ သာမဏေက သူရူးအား "ကြေးနီပရပိုက်ကို လုယူပါ"ဟု ပြောလျှင် သူရူး လည်း ဆင်း၍လု၏။ ရသောကြေးနီပရပိုက်ကို သာမဏေအား ပေး၍ကြည့်ရှုရာ အချို့သောပညာရပ်များကိုသာသိ၍ အချို့သော ပညာရပ်များကို နားမလည်သဖြင့် စုံစမ်းမေးမြန်းခြင်း ကိုပြု၍နေစဉ် တနှစ် လွန်မြောက်လေ၏။ ထို့နောက် ဟံသာဝတီမြို့ရှေ့ လေးထပ်ဆရာတော် ကျောင်းတွင် ရဟန်းပြု လေ၏။

## ဝိဇ္ဇာဓိုရ်ရှိနှင့် ဗားမဲ့ဆရာတော် တွေ့ခြင်း

တညဉ့်သ၌ ဗားမဲ့ဆရာတော်ဖြစ်လတ္တံ့သည့် "နန္ဒသာရ" အမည်ရှိသော ရဟန်းပျိုသည် အင်ကြင်းပင်အောက် ဆောက် အပ်သော ဝါးကျောင်းငယ်တွင် မိမိ အားထုတ်နေကျ ဖြစ် သော "ဇုဋ္ဌါနုဿတိ" ကမ္မဋ္ဌာန်းကို ပွားများ၍ နေတော်မူရာ

တကာယောကျ်ားတယောက် ဝင်ရောက် ရှိခိုးလာသော ဟူ၏။ အထူးသဖြင့် မွှေးကြိုင်၏၊ ထိုအခါ ရဟန်းတော်က "အသူနည်း"ဟုမေးရာ 'တပည့်တော် ဝိဇ္ဇာဓိုရ်ယောကျ်ားပါ'ဟု ပြန်ကြားလျှောက်ထားသဖြင့် အမည်ကိုမေးရာ "မဟာသိဒ္ဓိ" မည်ကြောင်းကို လျှောက်ထား၏။ ထို့နောက် နေထိုင်သော နေရာမှစ၍ သိလိုသမျှ အကြောင်းတို့ကို အစဉ်တစိုက် မေးမြန်းရာ အောက်ပါအတိုင်း လျှောက်ထားလေ၏။

ထူးဆန်း အံ့ဩဖွယ်ကောင်းအောင် တန်ခိုးသတ္တိ ရှိသော ဆေးပင်များပေါက်ရာ သိရိရက္ခမည်သော တောင်၌ နေပါကြောင်း၊ ထိုတောင်၏အနီး ကြီးမားသော ဂန္ဓမာဒနတောင်သည် ရှိကြောင်း၊ ထိုတောင်၌ ရွှေဂူ ငွေဂူ စသည်လည်း ရှိကြောင်း၊ ၎င်း၏အနီး၌ အနောတတ်ရေအိုင် ရှိပါသည်၊ ထိုရေအိုင်သည် ဥတုသုံးပါးလုံး၌ နေရောင် မရောက်ပါ၊ ထိုရေအိုင်တွင် တန်ခိုးကြီးသော နဂါး ဂဠုန်မှစ၍ ဝိဇ္ဇာဓိုရ်ယောကျ်ားများနှင့် အချို့နတ်များ ရေသုံးသပ်၍ ပျော်ပါးကြပါသည်၊ တပည့်တော်များမှာ အစာအာဟာရ စားလိုသောအခါ ဇမ္ဗူသပြေသီးနှင့် အမ္ဗတ္တရမည်သော သရက်သီးများကိုသာ စားသုံးကြပါသည်၊ ထိုအသီးများသည် အိုးစရည်းခန့် ကြီးမား၍ အနံ့အရသာများမှာ လွန်စွာကောင်းမွန်လှပါသည်၊ ထိုအသီးများကို စား၍ တပည့်တော်၏ ကိုယ်နံ့များလည်း မွှေးကြိုင်ပါသည်၊ အလွန်ပေါ့သော ကိုယ်လည်း ရှိပါသည်ဟု လျှောက်ထားလေ၏၊ ထိုအခါ "ဤအရပ်သို့ အဘယ် အကြောင်းဖြင့် လာဘိသနည်း" ဟု

မေးမြန်းတော်မူပြန်ရာ "အရှင်ဘုရားနှင့် တပည့်တော်သည် လွန်ခဲ့သော ဘဝက ညီအစ်ကိုအရင်း ဖြစ်ခဲ့ဘူး၍ ရွှေပေကို လျှေါက်ထားလေ၏။ ထိုအခါ ရယန်းတော်က မိကျောင်း ပါးစပ်မှ ရသော ကြေးနီပရပိုက်ကိုပြ၍ မသိသော အရာများကို မေးမြန်းရာ "တပည့်တော်မှာ အရှင်ဘုရားအား သင်ကြားဖို့ အချိန်မရနိုင်ပါ၊ ပုပ္ပါးတောင်၏ အရှေ့ဘက်တွင် ကျောက်ဂူရှိပါသည်၊ ထိုကျောက်ဂူတွင်နေသော အင်းဘီလူး ထံ ကြွသွား၍ အမဲသား အတုံးငယ်ကလေးတွေ ယူပြီးလျှင် အင်းဘီလူးမင်း အမဲသားစားမည်လားဟုမေးပါ၊ စားမည်ဟု ပြောပါလိမ့်မည်၊ စားချင်လျှင် ပါးစပ်ဟာဟု ဆိုလျှင် ဟပါ လိမ့်မည်၊ ခပ်လှမ်းလှမ်းမှနေ၍ အမဲသားကို ပစ်၍ ပေးပါ၊ ဘီလူးပါးစပ်တွင်းသို့ရောက်၍ စားနေသောအခါ အလိုတော် ရှိသမျှ မေးပါ၊ ပြောပါလိမ့်မည်၊ နောက်ဆုံး အမဲသားတုံး ကြီးကြီးကို ပေးထားခဲ့ပြီးလျှင် အမြန် ပြန်ကြွတော်မူပါ" ဟု လျှောက်ထားလေ၏။

ထိုအခါ ရဟန်းတော်က ကျေးဇူးတင်ကြောင်း ပြောပြီး လျှင် ဆက်၍ မိန့်တော်မူပြန်သည်မှာ "လွန်ခဲ့သော ဘဝက ညီအစ်ကို တော်သည် ဆိုရာမှာ ကြာမြင့်လှ လေပြီ၊ ယခုမှ လာရောက် ထောက်ပံ့သည်မှာ မေ့လျော့၍နေဟန် ရှိသည်" ဟု မိန့်တော်မူရာ ဝိဇ္ဇာဓိုရ်ယောကျ်ားက ပြန်ကြားလျှောက် ထားသည်မှာ မေ့ လျော့၍နေသည် မဟုတ်ပါ၊ ဤလူ့နေရာ

ဝန်လေးလှပါသည်၊ ဘုန်းကံကြီးသိုလာရခြင်းမှာ လွန်စွာ ဝန်လေးလှပါသည်၊ ဘုန်းကံကြီး သိုလာရခြင်းမှာ လွန်စွာ သီလ, သမာဓိ စသော ဂုဏ်များသော သူများထံသို့ဖြစ်စေ၊ ဤလိုပုဂ္ဂိုလ်များထံသို့သာ လာလိုရောက်ရှိသူများထံသို့ဖြစ်စေ၊ အရှင်ဘုရားမှာ ယခုကဲ့သို့ သီလလိုသောစိတ် ရှိပါသည်၊ အရှင်ဘုရားမှာ ယခုကဲ့သို့ သီလ လိုသောစိတ် ရှိပါသည်၊ သိကွာ စင်ကြယ်စွာနေခြင်းကြောင့်သာ လာလိုရောက်လိုသော စိတ်အတိုင်း လာရောက်ရပါသည် ဘုရား'' ဟု အလုံးစုံကို လျှောက်ထားနှုတ်ဆက်၍ သင်းသက်ပြန်သွားလေ၏။

## အင်းဘိလှူးထံသွားခြင်း

ထို့နောက် နန္ဒသာရ အရှင်မြတ်၏တပည့် ရှင်မုန်ယိုဆိုသူ သာမဏေတပါးနှင့် ပုပ္ပါးတောင်သို့ သွားရောက်ကြ၍ ဝိဇ္ဇာဓိုရ်ယောကျ်ား ပြောသွားသည့်အတိုင်း ဆောင်ရွက်ကြရာ မကြာမီပင် လိုအင်ဆန္ဒ ပြည့်ဝစုံလင်တော်မူခဲ့လေ၏။

ထိုနောက် ပုပ္ပါးတောင်မှ ဟံသာဝတီမြို့သို့ ပြန်ရောက်ကြပြီးလျှင် ရဟန်းတော် အရှင်မြတ်သည် အရပ်ရပ်သော လောကီ ပညာရပ်များကို လိုက်စားတော်မူလေ၏။ နေကြောက်အင်း, လ-ကြောက်အင်း, သံပေါက်အင်း စသည်တို့ကိုလည်း စမ်းသပ်တော်မူ၏။ ''ကာယသိဒ္ဓိ, ပိယသိဒ္ဓိ, ဓနသိဒ္ဓိ'' စသော လမ်းများကိုလည်း ကြိုးပမ်းတော်မူ၏။ ရှိမ်းဆာယာအတတ်, သက်ပြောင်းကိုယ်ခွာ အတတ်မှစ၍ အရပ်ရပ်သော လောကီဘက် ဆိုင်ရာ အတတ်များကိုလည်း ထူ, ပြောက် အောင်မြင်တော် မူကြောင်း အလွန် ကျော်ကြားတော်မူလေ၏။

ဤကဲ့သို့ လောကီပညာရပ်များကိုသာ လိုက်စားတော်မူကြောင်းကို ငါးဆူဒါယကာ မင်းတရားကြီး ကြားသိတော်မူလေလျှင် "ရဟန်းတော်တို့၏ ကျင့်ဝတ်သိက္ခာနှင့် မညီ"ဟု ဆို၍ ညောင်ရမ်းမြို့သို့ပို့ လေ၏။

သက္ကရာဇ် ၉၅၅-ခုနှစ်၌ ညောင်ရမ်းမြို့သို့ ရောက်လျှင် မင်းရဲ နန္ဒမိတ် အမည်ရှိသော ညောင်ရမ်း မင်းလည်း ရဟန်းတော် နန္ဒသာရ၏ အတ္ထုပ္ပတ္တိနှင့် ပညာများကိုစုံစမ်း သိရှိတော်မူလေလျှင် အားရတော်မူလှ၍ 'နန္ဒသာရ ကဝိဓဇ' ဟူသော ဘွဲ့တံဆိပ်တော်ကို လှူဒါန်း၍ ကျောင်းဆောက် ကိုးကွယ်တော်မူ၏၊ "ဗားမဲ့ ဆရာတော်" ဟု ထင်ရှားတော်မူလေသတည်း။

ထိုနောက် တိုင်းရေး ပြည်ရေး မငြိမ်မသက် ရှိသောကြောင့် ဗားမဲ့ ဆရာတော်ကို ပင့်၍ ဤသို့ တိုင်ပင်တော်မူ၏၊ ယခု နောင်တော် မင်းတရားကြီးသည် တိုင်းပြည်နိုင်ငံတို့ကို မသိမ်းမပိုက်နိုင်၊တာရှည်သော် အရေးခက်ချိမ့်မည်၊အဘယ်သို့ စိမ် ကြံစည်သော် သင့်ပါမည်နည်း၊ တံသာဝတီသို့ ချီ၍ လုပ်ကြံရသော် သင့်မည်လော၊ နေ့ရင်းညောင်ရမ်းတွင် နေရသော် သင့်မည်လော၊ ရတနာပုရ အင်းဝနေပြည်တော်သို့ ချီတက်လုပ်ကြံရသော်၊ သင့်မည်လောဟု လျှောက်သည်တွင် ဗား.မဲ့ ဆရာတော် မိန့်ဆိုသည်ကား၊ "တလိုင်း သုံးရပ်သည် နုံစံနိမ့်သည်၊ ထောင်းထောင်း ညက်ညက် ပျက်လိမ့်မည်၊ ညောင်ရမ်းမြို့လည်း မင်းတို့ စံရာ ရာဇဌာနီ မဟုတ်၊ သို့ဖြစ်သောကြောင့် အင်းဝမြို့သည် ရာဇဌာနီ မြန်မာတို့ ဦးစွန်း

ထွန်းရာ ဖြစ်သည်၊ တိုင်းခရိုင်နိုင်ငံလည်း အလွန် ကျယ်ဝန်းသည်၊ ရတနာပုရ အင်းဝပြည်ကြီးက နေ၍ အရပ်ချပ် သိမ်းယူတော်မူသော် ထီးဆောင်းမင်း အပေါင်းတို့ကို စိုးမိုးပိုင်သ တော်မူပြီးလျှင် သားတော်အစဉ် မြေးတော် အဆက် မြစ်တော်, အညွန့် လက်နက်နိုင်ငံတော် ဖြစ်၍ သာသနာတော် အလွန်ပွင့်လင်း စည်ပင်မည်၊ မြန်မာပြည်အလုံးကို လက်ရုံးဆန့်ကာစိုးမိုးပိုင်သရန် အစီအစဉ်မှာ ဆရာတော်၏ တာဝန်ဖြစ်ပါစေ” ဟု မိန့်ဆိုတော်မူသည်ကို မင်းတရားကြီးနှင့်တကွ မှူးတော်မတ်တော်မှစ၍ ရဟန်းပညာရှိ လူပညာရှိ အပေါင်းတို့ အကြိုက် ညီကြသဖြင့် အရပ်ရပ်သော လောကီပညာ စီရင်စရာ အင်း, အိုင်, ခါးလွဲ, လက်ဖွဲ့, မန္တရား စသည်များကို ကိုယ်တော်၏ အဆောင်အရွက်နှင့်တကွ သန်လျက်တော်, ရွှေယပ်, ချေးသုတ် ပုဝါမှစ၍ အလံ, ဗုံ, မောင်း, ဆင်, မြင်း, တံခွန်, စည်ကြီး ခွက် ခွင်း စသည့်တို့တွင် စီရင်တော်မူလေ၏၊ မင်းတရားကြီးလည်း ညောင်ရမ်းမြို့မှာ ရှိသည့် အမှုထမ်း အရာထမ်းတို့ကို အပါးတော်သို့ လာ၂ ရောက်စေ၍ အရပ်ရပ်ကို သိမ်းကျုံးစည်းကြပ်၍ ဗားမဲ့ ဆရာတော်သို့ အပ်လေ၏။

မှတ်ချက်၊ ။ ယခုပြဆိုလတ္တံ့သော အစီအရင်အနှံ့အထာများသည် သာသနာတော်မြတ်နှင့် ဆန့်ကျင်ဖီလာဖြစ်သော အရာ တစုံတရာမျှ မပါမဝင်မစပ်မယှက်ပါ၊ ဓမ္မကုန္တာလောကီ လောကုတ္တရာ ကြောင်းနှင့်သာ သက်ဆိုင် ပါသည်၊ ဥပမာ—စမ ကကြီးတလုံးနှင့်ပင် ဖြစ်စေ၊ တခါ နှစ်ခါ နှင့်ဖြစ်စေ၊ ဖြန့်ချိဝေဖန်၍ အသုံးချနိုင်လျှင် လောကီ

ချမ်းသာ, လောကုတ္တရာ ချမ်းသာ မဂ်ဖောက် ဖိုလ်ပေါက် ထ မြောက်နိုင်သော အကြောင်းအကျိုးတရား ထင်ရှား ရှိပါသည်၊ သို့ပါ၍ ဤအစီရင်တွင် ပါသော ဂါထာ, အင်းဆံများကို လောကီပညာဝါသနာ မပါလှသော်လည်း တတ်အားသမျှ နှုတ်တက် ဆောင်ထား၍ မပြတ်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပါသော်လည်းကောင်း၊ ဤစာအုပ်ကို အမြဲဆောင်ထားသော်လည်းကောင်း မကောင်းသော အနိဋ္ဌဖလဘေးရန် အပေါင်းတို့မှ ကောင်းကောင်းကြီး လွတ်မြောက်၍ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သော ဣဋ္ဌဖလ တို့နှင့်သာ တွေ့ကြုံခံစားကြရမည်မှာ အမှန်ဖြစ်ပါသည်။

အင်းကြီးမောင်

**ဥပဒေသ**

ဤလောကီပညာရပ်များကို လိုက်စားစီရင်သူများသည် နေ့ကောင်းရက်သာ အချိန်အခါ ပြက္ခဒိန် နက္ခတ် နေ့မြွတ်, စန်းကောင်း တို့နှင့်သာ အရာဌာန အား လျော်စွာ ဆောင်ရွက်နိုင်မှ လိုရာကိစ္စ ပြည့်စုံလင်ကြောင်း များကို အရပ်ရပ်သော လောကီကျမ်းများနှင့် ကေနိပါတ် ပေလးခုမြောက်ဖြစ်သော "ရူဋ္ဌသေဋ္ဌိ" ဇာတ်တွင် အထင် အရှား ဟောကြားတော်မူသဖြင့် အမှုခပ်သိမ်းပြီးမြောက်စေလို တိုင်းရခသော ဤမင်္ဂလာ အခါနက္ခတ် တို့ကို သတ်မှတ်၍ စီရင်ဆောင်ရွက်ကြရမည်။

## နက္ခတ်ရွေးနည်း

ဖန်ဝန်းနေခြည်၊ လမ်းသုံးလည်ဖြင့်၊ လှည့်လည် ပြောင်းကြွ၊ ဒွါဒသတွင်၊ ဘယ်ပတ်ဘယ်ဆီ၊ ဘယ်ရာ သီဟု၊ ဒိုမိစွဲမှတ်၊ ဘယ်နက္ခတ်နှင့်၊ ဘယ်ပတ်နဝင်း၊ ယခုနှင်းဟု၊ နေမင်းရောက်ဟန်၊ သိချင်ပြန်သော်၊ ယမန်အတာ၊ တက်သည်ခါက၊ သင်္ကြာရက်စေ့၊ လို သည့်နေ့ကို၊ တည်၍ခြောက်ဆယ်၊ မြောက်ပြီးဝယ်မှ၊ စားဖွယ်ရှစ်ရာ၊ လာဘာနက္ခတ်၊ သေသကြွင်းရာ၊ များသေးပါမူ၊ ခြောက်ရာစားမှ၊ လာသတြွင်း၊ ဆကြွင်းကိုကား၊ နှစ်ရာစားလေ၊ လာဘ်ကားနဇင်း၊ အကြွင်းကိုမူ၊ နာရီယူလေ၊ စတူရပါဒ်၊ ပုံနက္ခတ်နှင့်၊ နေနတ်ခရာရာ၊ သိကောင်းစွာသည်။ ။သုံးဖြာဥတု လမ်းကြောင်းတည်း။

စန်းဝင်မည်သာ၊ နက္ခတ်တာကို၊ ထိုခါမြင်တိုင်း၊ သင့်နှိုင်းတည်ထွေ၊ စားချေနိုင၊ ကြွင်းသုညနှင့်၊ ပဉ္စကော၊ နက္ခတ်မှာမူ၊ မှန်စွာမပျက၊ တဘက်ကန်းတည်၊ တခန်းဘောမ၊ သင်္ဂြာ ဗသျှု၊ ကြွင်းမှုမပျက်၊ နှစ်ဘက်မမြင်၊ ထို့ပြင် စန္ဒရ၊ ဗုဒ္ဓ သော်ကြာ၊ ကြွင်းသည်မှာကား၊ ချမ်းသာ ကြည်လင်၊ နှစ်ဘက် မြင်တည်၊ ထို့ပြင်တခန်း၊ တဘက်ကန်းကား၊ ဘုရားဂူရုကျောင်း၊ တန်ဆောင်းမဏ္ဍပ်၊ စရပ်မြေစိုက်၊ တည်ထိုက်တောင်းစွာ၊ နှစ်ဖြာမမြင်၊ အကန်းတွင်၌၊ ရိပ်ငင်ဆာယာ၊ ပတ္တနာနှင့်၊ ဝိဇ္ဇာဝိုရ၊ ကာယသိဒ္ဓိ၊ ပြီးဘိစီရင်၊ နှစ်ဘက်မြင်မူ၊ ချစ်ခင်ဆွပွား၊ သနားကြင်နာ၊ ဣတ္ထိယာနှင့်၊ ရာဇာသဗ္ဗ၊ ဟူသမျှကို၊ စီရင်ကြလေ၊ မှတ်ကြောင်းဖွေသည်။ ။ခွဲဝေလူတို့သုံးရန်တည်း။

## တနည်း-နက္ခတ်အဝင်အထွက် ခါးပတ် စသည်ရွေးနည်း

တနင်္ဂနွေနေ့၌ နက္ခတ် အထွက်ကိုလည်းကောင်း, နက္ခတ် အဝင်ကို လည်းကောင်း, ခါးပတ်ကို လည်းကောင်း သိရန် အောက်ပါပုံစံအတိုင်း ဇယားကွက်ချပြီးလျှင် တနင်္ဂနွေထောင့် အရပ်ကစ၍ 'ရဝိသောင္ဂသ' ဟု ကျမ်းဂန်တို့တွင်ဆိုခြင်းကြောင့် ၁၆-တတန်၊ ဂုဏ်းတွင်တစ်ခုတိုး၍ ၁၇-ထာတန်၊ ဂုဏ်းတွင်တစ်ခုတိုး၍ ၁၈-တတန်၊ ဂုဏ်းသုံးတန် တနင်္ဂနွေ ထောက်ကွက်တွင်ချပြီးလျှင် ဂုဏ်းတွင် တစ်ခုတိုး၍ တနင်္ဂလာအဲရပ်မှာ ၁၉-တ ၀-၃။

တန့်၊ ငှင်းတွင်ကိတ်ဂြိုဟ်အတွက်
တန့်၊ ငှင်းတွင်တစ်ခုတိုး၍ ၂၀တတန့်၊ ငှင်းသုံးတန့်ချပြီးမှ ၉ယား
ဂဏန်းမတိုးပဲ ကြက်ခြေတတန့်ချ၊ ငှင်းသုံးတန့်ချပြီးမှ ၉ယား
အတွင်းသို့ငင်၍ ငှင်း၂၀ထွပ် တစ်ခုတိုး၍ ၂၁၀ ချ။ ငှင်းတွင်
တစ်ခုတိုး၍ အင်္ဂါထောင့်တွင် ၂၂တတန့်၊ ၂၃တတန့်၊ ၂၄တ
တန့်အားဖြင့် တစ်ခုစီတိုး၍ သုံးတန့်ချ။ ငှင်း၂၄တွင် တစ်ခုတိုး
၍ ဗုဒ္ဓဟူးအရပ်တွင် ၂၅-၂၆ သတ္တပီသ ဖြင့်လျှင်ရေ၍ သုည
ချပြီးမှ အတွင်း၌ ၁ ကိုချ၊ တစ်ခုတိုး၍ စနေထောင့်၌ ၂-၃-၄
ချ၊ ငှင်းတွင် တခုတိုး၍ ကြာသပတေးအရပ်၌ ၅-၆-၇ သုံးတန့်
ချပြီးလျှင် တစ်ခုတိုး၍ ခါးပတ်၌ ၈ ချ။ တစ်ခုတိုး၍ ရာဟု
ထောင့်၌ ၉-၁၀-၁၁သုံးတန့်ချ။ သောကြာအရပ်၌ ၁၂-၁၃-
၁၄ သုံးတန့်ချပြီးလျှင် ခါးပတ်၌ ၁၅-ချ။

တနင်္ဂနွေအဖို့ ပြီး၏။

---

ဤနည်းအတိုင်း တနင်းလာ နေ့မှာ "စန္ဒရာ ဝိသဋ္ဌ" ဆို
သောကြောင့် ၂၀ ကို အစပြု၍ အထက်နည်းအတိုင်းချ။

အင်္ဂါနေ့၌ "ဘောမ တေဝိသ" ဆိုသောကြောင့် ၂၃ က
စ၍ချ။


ဗုဒ္ဓဟူးနေ့၌ "ဗုဒ္ဓ စတု" ဆိုသောကြောင့် ၄ ခုကစ၍ချ။
ကြာသပတေးနေ့၌ "ဂုရု သုည" ဆိုသောကြောင့် သုညကို
အစပြု၍ချ။

သောကြာနေ့၌ "ဘဂ္ဂု အဋ္ဌ" ဆိုသောကြောင့် ၈ ခုကို
အစပြု၍ချ။

စနေနေ့၌ "သောရီ ဒွါဒသ" ဆိုသောကြောင့် ၁၂ ကို အစ ပြု၍ရေ။

အောက်ပါ ဇယားပုံစံကား တနင်္ဂနွေနေ့အဖို့ ဖြစ်သည်။ ကျန်နေ့များမှာ ဤနည်းကိုမှီ၍ သိလေ။

တနင်္ဂနွေနေ့ အဖို့ ဇယားပုံ




ဤအထက်ပါပုံ၌ လေးထောင့်အရပ်ကား အထွက်နက္ခတ် လေးမျက်နှာ၊ တည့်တည့်အရပ်ကား အဝင်နက္ခတ်၊ အတွင်းကွက်ကား ခါးပတ်ဟု မှတ်ရမည်။

အထွက် အဝင် ခါးပတ် ကျသည်ကို သိနိုင်ရန်မှာ- ကဆုန်လကို အစပြု၍ ရေတွက်၊ ရောက်သောလကို ချန်၊ ရသော

(လ)၏ (လ)ပေါင်းကို ၂၃မြှောက်၊ ၎င်းအရနှင့် ရောက်သော(လ)၏ ရက်ပေါင်းကိုနှော၊ ၂၇ခုခချ၊ အကြွင်း စန်းယှဉ်နက္ခတ်ဖြစ်၏။ ဤ စန်းယှဉ် နက္ခတ်နှင့် ထိုနေ့ရသော နက္ခတ်လည်း ဟူ၏။ ဤ စန်းယှဉ် နက္ခတ်နှင့် တူရာ ဇယားပုံ၌ ကြည့်ရှု၍ အထွက် အဝင် ခါးပတ် တို့ကို သိရာ၏။

ဥပဒ်, မိတ္တူ-စသည်ကို ရှေးလိုသော် စန်းယှဉ်နက္ခတ် ၂၀ မကျော်လျှင် 'သိကုံးပြည့်အောင် လတန်ခေါင်'ကို နှော၍ တည်၊ ၂၀ ကျော်လျှင် 'နောင် ဆိုသည်ကား မြအထား'ကို နှော၍တည်၊ သတ်နှင့်စား၊ အကြွင်း ၁-၂-၃တို့မှာ "ဥပဒ် မိတ္တူ-ကာန"ဟု သိလေ၊ ၄-၅-၆-၀ တို့မှာ အမြိတ္တ-လာဘ-ဝရ-သဒ္ဓိ ဟု သိလေ၊ နောက်လေးမျိုးမှာ စုတ်ကောင်း ဖြစ်သည်၊ နေ့ ၇ပါးအလိုက် နှောရမည်။

ဤကဲ့သို့ နက္ခတ်အခါ, ဗိဇနာ ပြက္ခဒိန် စသည်တို့ကို နှိုင်းချိန်ခြင်းငှာ မတတ်သာသော အစီအရင်များ၌မူကား အောက်ပါ ဂါထာကို အနည်းဆုံး ခုနစ်အုပ်မန်း၍ စီရင်လေ။

သု-နက္ခတ္တံ သုမင်္ဂလံ၊
သု-ပဘာတံ သုဟုဋ္ဌိတံ။
သု-ခဏော သု-မုဟုတ္တောစ၊
သု-ယိဋ္ဌံ ဗြဟ္မစာရိသု။
(အနက်အဓိပ္ပာယ်ကို သိနားလည်စေ)

ဤသို့အားဖြင့် သော်လည်းကောင်း အခြားသော ကျမ်းများတွင် ပါသောအတိုင်း သော်လည်းကောင်း ရွေးချယ်၍

ဆောင်ရွက်ကအောင်မြင်နိုင်ချေ၏။ အချို့သူတို့သည် လောကီပညာများကို လုံးဝပယ် ပယ်ထားကြကုန်၏။ ထိုလောကီပညာများ၏တန်ခိုးသတ္တိကြီးမားပုံကို 'လောက ဝိသယ အစိန္တေယျ' ဟု ဘုရားမြတ် ဟောကြားတော်မူ၏။

တဦး၏အပြုအစုအစီအရင်ကိုတဦးသို့ ထိခိုက်ပုံမှာ မြေဆက်ခြင်း, ရေဆက်ခြင်း, လေဆက်ခြင်း တို့ကြောင့် ဓာတ်သဘာဝအားဖြင့် ထိခိုက်သည်ဟု မှတ်။ ဓာတ်ပိုဓာတ်မသဘော, အပူအအေးသဘော, မြေနှင့်လေသဘော, မီးနှင့်ရေသဘော စသည်တို့ကို ဖြစ်မြောက်ထိခိုက်အောင်ကြံစည်နိုင်လျှင် ကေန္ဒအလိုရှိရာဖြစ်မြောက်နိုင်သည်ဟုမှတ်။

တနည်းအားဖြင့်ကား— မေတ္တာပို့သော အရာနှင့်လည်း နှိုင်းယှဉ်အပ်၏။ မေတ္တာပို့သည်ဆိုသော စကားမှာ ကျနစွာ အစီပွားယ်ကို ကောက်ယူလျှင် မေတ္တာရှိန်ကို စေလွှတ်သည်၊ မေတ္တာတန်ခိုးကို ဖြန့်ထည်ဟုဆိုရပေမည်။ ထို့အတူ အင်း အိုင် ခါးလှဲ့ လက်ဖွဲ့ မန္တရား စသည်ဖြင့် စီရင်၍ထားသောအရာများ သည်လည်း ထိုဓာတ်တို့၏တန်ခိုးကို စေလွှတ်ခြင်း ညို့စေခြင်း ထိုပေတည်း။

ထို့ကြောင့် နေ့ထားတကျ အင်္ဂါပယောဂတို့ဖြင့် လုံလုံလောက်လောက် ဆောင်ရွက်နိုင်သည်သာ ပဓာနဖြစ်၏။ နေ့ထားတကျ ဆိုသည်မှာလည်း....

၁ ကောင်းသော ဆန္ဒ၊
၂ ကောင်းသော ဝီရိယ၊
၃ ကောင်းသော အသိဉာဏ်

ဤတရား သုံးပါးနှင့် ပြည့်စုံစေရမည် ဆိုလိုသည်။

ကို ဆန္ဒ, ဝီရိယ, ပညာ တရားသုံးပါးသည် လိုအပ်သော အကျိုးကို ပြီးစေတတ်သောကြောင့် ဣဒ္ဓိပါဒ်ဟူ၍ ကျမ်းဂန်တို့တွင် ဆို၏။

ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါ၊

ဣဒ္ဓိယာ- လိုအပ်သော အကျိုးပြီးခြင်း၏၊ ပါဒေါ- အကြောင်းတည်း၊ ဣဒ္ဓိပါဒေါ- လိုအပ်သော အကျိုးပြီးစီးခြင်း အကြောင်း။

(ဣဒ္ဓိဝိသယ အစိန္တေယျဟု ဟောတော်မူသည်ကို သတိပြု)

မှတ်ချက်။ ။ယခုအခါ ခေတ်မီးထွန်းခြင်း၊ "ဝါယာလက်"ခေါ် ကြေးနန်းမပါပဲ စကားပြောခြင်းစသော ခေတ်သစ်တော တို့ဖြင့် နှိုင်းယှဉ်လေ။

အချို့တို့သည် အတွေ့အမြင် နည်းပါးကြ သဖြင့် ကာယသဒ္ဒိ၏အစွမ်းကို မယုံနိုင်ကြ၊ မြေမကိုက်စံ့သော ဆေး မြွေကိုက်၍မသေသော ဆေးများကို သတိပြုသင့်ကြ၏၊ အချို့တို့သည် လုပ်ရပ်ပညာများကို အယုံအကြည်မရှိ၊ မြန်မာနိုင်ငံအထက်ပိုင်း တရုတ်နယ်စပ် နန်းမတူမြို့တွင် မိုင်းကုမ္ပဏီကြီးမှရွှေချက်စက်ရုံတည်ထောင်၍ အကြီးအကျယ်လုပ်ကိုင်နေကြသည်ကို သတိပြုပါ၊

ယခုအခါ "ဗားမဲ့ဆရာတော်"ဘုရားကြီး၏ ဥပနိဿယ ဖြစ်သော အင်းချနည်း၊ မန္တန်စိပ်နည်းစသော အစီအရင်တို့ကို ပြပေအံ့။

## အင်းချ, မန္တန်စိပ် အစီအရင်

အင်းချခြင်း, မန္တန်စိပ်ခြင်း, လက်ဖွဲ့ထိုးခြင်း စသော လောကီ အစီအရင်တို့သည် ကမ္မဋ္ဌာန်းတရားတို့ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်များကဲ့သို့ အင်္ဂါပယောဂ ရှိချေသည်။ အကြင် အင်းချခြင်း, မန္တန်စိပ်ခြင်း, လက်ဖွဲ့ထိုးခြင်း စသော အစီအရင်များကို ပြုလုပ်လိုသူတို့သည် မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်စေ၍ သန့်ရှင်းသောအဝတ်တန်ဆာတို့ကိုဆင်ယင်ပြီးလျှင် ဆိတ်ငြိမ်၍ သမာဓိရသောနေရာတွင် ချမ်းသာစွာထိုင်နေ၍ မိမိဆောင်ရွက်မည့်ကိစ္စကို ယုံကြည်လေးမြတ်ခြင်း, သဘောသဘာဝစသော အနက်, အဓိပ္ပာယ်ကိုသိခြင်း, ရတနာသုံးပါး မိဘ ဆရာသမားတို့အား ရိုသေစွာရှိခိုးခြင်း, နတ်တို့အား ပူဇော်ပသအမျှမေတ္တာ ပေးဝေခြင်း, မတရားသော အမှုတို့ကို မပြုခြင်း စသောသစ္စာတရားများကို မြဲမြံစွာ စိတ်၌ ထားပြီးလျှင် ကောင်းမွန်စွာ ဆောင်ရွက်ရသည်။

တနည်း– အစီအရင်ကို အရိပ်ဖြင့်မကွယ်ရခြင်း (ဥပမာ– မွန်းမတည့်သေးလျှင် လူက အရှေ့ဘက်မှနေ၍ အင်းချခြင်း, လက်ဖွဲ့ရေးခြင်းမပြုရ။ နေလွဲလျှင် လူကအနောက်ဘက်မှနေ၍ အင်းချခြင်း, လက်ဖွဲ့ရေးခြင်း မပြုရ ဆိုလိုသည်။)

၁။ တစုံတခုသော ဒွါရကို ပိတ်၍မထားရ။
၂။ စကားမပြောရ။
၃။ မပြီးခင် ထ၍ မသွားရ။
၄။ တခြားအာရုံသို့ စိတ်မရောက်ရ။

ဤအင်္ဂါ (၄) ပါးနှင့်လည်း ပြည့်စုံစေရမည်။

## အင်းပျက်ခြင်း စသည့် လက္ခဏာများ အကြောင်း

အင်းပျက်ခြင်း စသည့် လက္ခဏာများ အကြောင်း
အင်းပေါက်ခြင်း ခုနစ်ပါး၊ အင်းကန်းခြင်း ခုနစ်ပါး၊ အင်းကျိုးခြင်း ခုနစ်ပါး စသောအားဖြင့် ပျက်စီးခြင်း, မအောင်မြင်ခြင်း, အကျိုးကျေးဇူး မများခြင်းသည် (၂၁)ပါး ရှိ၏။ ထို(၂၁)ပါးတို့တွင်—

(က) အင်းပေါက်ခြင်း ခုနစ်ပါးကား

၁။ အင်းဘောင်ချင်း မထိသည်တပါး။
၂။ အင်းဘောင် လွန်သည်လည်းတပါး။
၃။ အင်းချ မမှန်သည်လည်း တပါး။
၄။ အင်းဆံသွင်းသောဂဏန်းစသည်နှင့် အင်းဘောင်အရေးအထားထိခြင်း တပါး။
၅။ အက္ခရာဂဏန်း မပီသခြင်းနှင့် မမှန်ခြင်းတပါး။
၆။ ဂဏန်းထောင့် မကိုက်ခြင်းတပါး။
၇။ အင်းကွက်မညီခြင်း တပါး။

အင်းများမှာ စက်ခေါင်းထိုးလျှင် ကိုက်စေရမည်။

ဤကား အင်းပေါက်ခြင်း ခုနစ်ပါးတည်း။

(ခ) အင်းကန်းခြင်း ခုနစ်ပါးကား

၁။ နက္ခတ်မမှန်ခြင်း တပါး။
၂။ အသွားမမှန်ခြင်း တပါး။
၃။ အက္ခရာဂဏန်းမညီခြင်း တပါး။
၄။ အက္ခရာဂဏန်းအလှည့်မမှန်ခြင်း တပါး။

၅။ ကိုယ်ဝန်ဆောင်မိန်းမ စသော မသန့်မရှင်းသူတို့ ကိုင်တွယ်ခြင်းတပါး။
၆။ အင်းချသူ၏ ညစ်ပေခြင်း တပါး။
၇။ ဂါထာမန္တ မမှန်ခြင်း တပါး။

ဤကား အင်းကန်းခြင်း ခုနစ်ပါးတည်း။

(ဂ) အင်းကျိုးခြင်း ခုနစ်ပါးကား

၁။ အင်းစီရင်သောအခါ လူနေရာလွှဲခြင်း တပါး။
၂။ အင်းစီရင်သောအခါ စကားပြောခြင်း။
၃။ လူလစ်၍ စီရင်ခြင်း။
၄။ စီရင်၍မပြီးမီ ထ၍သွားခြင်း။
၅။ အင်းအုံပြတ်ခြင်း။
၆။ စတုရန်း လေးမျက်နှာကဝိုင်းမိအောင် မသားမူ၍ အစဉ်အတိုင်း သားခြင်း။
၇။ အင်းဘောင် ရွေ့ခြင်း။

ဤကား အင်းကျိုးခြင်း ခုနစ်ပါးတည်း။

ထို့ကြောင့် အလုံးစုံသော အင်းစီရင်သူအပေါင်းတို့သည် ဤပျက်စီးခြင်းအင်္ဂါ (၂၁)ပါးတို့ကို သတိထား၍ရှောင်ကြဉ် လွတ်ကင်းစေပြီးလျှင် အနုကိုလိုသော် ဝဝ်နက္ခတ်နှင့် ကြိမ်၍ အဖြိတ္တစုက် လာဘာစုက် စသည်နှင့် ကြိမ်စေ၍ ၂-ဘက်မြင်နှင့် လည်း ကြိမ်စေရမည်။

ကာယသိဒ္ဓိ-စသည်တို့ကို စီရင်လိုသော် ထွက်နက္ခတ်နှင့် ကြံမ်စေ၍ ဥပစ်,ကာဒန,မိတ္တ၊ စသည်နှင့်လည်း ကြံမ်စေ၍ ၂-ဘက်ကန်းနှင့်လည်း ကြံမ်စေရမည်။

## အင်းချသောအခါ လိုက်နာရမည့် နည်း

အင်းချသောအခါ လိုက်နာရမည်မှာ အင်းဖောင်ခတ်လျှင် "စတုသစ္စံမဟာရင်္ဂံ"ဟုရွတ်၊ အင်းဆံအကွက်ရာသွတ်သောအခါ "အဋ္ဌမဂ္ဂင်္ဂါနိ တိပိဋကတ္တဲယံ သုညံစေဝ ဘဝိဿတိ"ဟု ရွတ်ဆို၍ရေး။

## အင်းဆံဂဏန်း သွတ်သောအခါ

၁။ ရေးလျှင် ဧက-မေရုပဗ္ဗတာ၊
၂။ ဒွေ-စန္ဒ သူရိယာ။
၃။ တေ ပိဋက ဓမ္မက္ခန္ဓာ၊
၄။ စတုလောက မဟာဒီပါ။
၅။ ပဉ္စသီလ သမ္ဗောဓာ၊
၆။ ဆ,တာမာဝစရော။
၇။ သတ္တမေဝ-ဗောဇ္ဈင်္ဂါ၊။
၈။ အဋ္ဌမေဝ-အရဟန္တာ။
၉။ နဝ ဗုဒ္ဓ ဂုဏော။

စသည်ဖြင့် ဆို၍ချလေ။

## သနာ ဖြေနည်း

အင်း၊ ဘော်လည်းကောင်း, တစုံတရာ အဆောင်အရွက် ဘော်လည်းကောင်း၊ မသန့်သော နေရာသို့ ယူဆောင်သွားမိလျှင်....

ဥုံ-သနီ သနာ မဟာသနာ၊ သနအပေါင်း၊ ထောင်ထောင်း မကကျေဆရာကျေ။

ရှင်းဂါထာနှင့် ခုနစ်အုပ် မန်းမှုတ်ရမည်။

အင်း၏အစီအံရင်ကို အမြွက်မျှ ပြဆိုခြင်း ပြီး၏။

### ညောင်ရမ်းမင်းတရားကြီး အဝမြို့သို့ ချီတက်တော်မူခြင်း

သက္ကရာဇ် ၉၅၅-ခုနှစ်တွင် ညောင်ရမ်းမြို့မှ ရတနာပုရ အင်းဝနေပြည်တော်သို့ ချီတက်တော်မူမည်ရှိရာ အောက်ပါ လေးကျွန်းအစိပတိ အင်းတော်ကြီးကို ရွှေပြားတွင် လက်ဖွဲ့နှစ်လုံးထိုး၍ ဘဝရှင်မင်းတရားကြီးအားတလုံး အမြဲဆောင်စေတော်မူသည်။ တလုံးကို သန်လျက်တော်အရိုးတွင် သွင်းထားတော်မူစေသည်။

ဤလက်ဖွဲ့ တန်ခိုးဖြင့် အမျိုးမျိုးသော ရန်အပေါင်းတို့ကို နှိမ်နင်းတော် မူ၍ အလိုတော်ရှိသမျှ ပြည့်ဝ စုံလင်တော်မူသည်။

# လေးကျွန်း အဓိပတိ အင်းတော်



ယခုအခါ နည်းယူဖွယ် ကျော်ဇွင်းလှပေ၏။ ရင်းလက်ဖွဲ့မှာအကျိုး တထောင် ပြီး၏ဟု အမှာအထား ရှိပါသည်။ ကျယ်အံ့စိုး၍ မရေးတော့ပြီ။ ဥာဏ်ရှိတိုင်း သုံးကြလေ၊ ကာယ, ပီယမှစ၍ စုန်းတစ္ဆေ စသော အနှောင့်ပယောဂများကိုလည်း နိုင်နင်းသည်။

## တိပိဋက အတုလ သရဏဂုံ အင်းတော်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | မိ | စ္ဆာ | ဂ | ဏံ | ဂ | စ္ဆာ | မိ | |
| မိ | စ္ဆာ | ဂ | ဏံ | ရ | ဏံ | ဂ | စ္ဆာ | မိ |
| စ္ဆာ | ဂ | ဏံ | ရ | သ | ရ | ဏံ | ဂ | စ္ဆာ |
| ဂ | ဏံ | ရ | သ | ဒ္ဓံ | သ | ရ | ဏံ | ဂ |
| ဏံ | ရ | သ | ဒ္ဓံ | ဗု | ဒ္ဓံ | သ | ရ | ဏံ |
| ဂ | ဏံ | ရ | သ | ဒ္ဓံ | သ | ရ | ဏံ | ဂ |
| စ္ဆာ | ဂ | ဏံ | ရ | သ | ရ | ဏံ | ဂ | စ္ဆာ |
| မိ | စ္ဆာ | ဂ | ဏံ | ရ | ဏံ | ဂ | စ္ဆာ | မိ |
| | မိ | စ္ဆာ | ဂ | ဏံ | ဂ | စ္ဆာ | မိ | |

ဤအတုလ သရဏဂုံအင်းတော်ကြီးကို ရွှေပြားတွင် ချ၍ ခေါင်းအုံးအောက်တွင်ထားပြီးလျှင် စက်တော်ခေါ်လေသည်။ အကျိုးများစွာ ညွန်း၏။ ယုံကြည်ဖွယ်ရာ လွန်စွာကောင်းလှပေသည်။ အထူးအားဖြင့် နတ်လူတို့ ချစ်မြတ်နိုးခြင်း, ဘေးဘယာကင်းလွတ်ခြင်း, မကောင်းသော အိပ်မက် မမြင်မက်ခြင်း စသော အကျိုးတို့နှင့် ပြည့်စုံစေသည်။

## ကျေးဇူးတော်အင်း

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | ၉ | ၂ | | ၂ | ၉ | ၄ |
| ၃ | ၈ | ၁ | | ၁ | ၈ | ၃ |
| ၅ | ၇ | ၆ | သံ | ၆ | ၇ | ၅ |
| | | မ | ယျ | ဂုံ | | |
| ၅ | ၇ | ၆ | ပ | ၆ | ၇ | ၅ |
| ၃ | ၈ | ၁ | | ၁ | ၈ | ၃ |
| ၄ | ၉ | ၂ | | ၂ | ၉ | ၄ |


ထို့နောက် ဤကျေးဇူးတော်အင်းကို ရွှေပြား ၂ချပ်တွင် ညီညီချ၍ မျက်နှာချင်းဆိုင်ပြီးလျှင် လက်ဖွဲ့ထိုး၊ ဆိတ်ငြိမ်ရာတွင် ဂူဏ်တော် တထောင်စိပ်၍ ဘောင်းတော်တွင် အမြဲထား လျှက် ဆောင်တော်မူစေသည် အလွန်အကျုး အထူးအကျိုးကြီးမားကြောင်း ကျယ်ဝန်းစွာ ညွှန်း၏။ အကြောင်းရှိလျှင် ရေစိမ်၍ လိုရာသုံး။ ရှိသေစွာဆောင်ကြလေ။


### ဣစ္ဆိတ အနန္တဂုဏ ရွှေယပ် စီရင်နည်း

ပြီးနောက် စိတ်နှလုံးတော်အေးမြ၍ ကိုယ်တော်၏ချမ်းသာခြင်း, စိတ်တော်၏ ချမ်းသာခြင်းမှုစ၍ အလိုရှိသမျှသော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံတော်မူရန် 'ဣစ္ဆိတအနန္တဂုဏ'မည်သော ရွှေယပ်ကို စီရင်၍ ဆက်သွင်းတော်မူ၏။

ဤရွှေယပ်စီရင်နည်းမှာ မင်းတရားကြီးအား ဆက်သသော နည်းအတိုင်း ရေးသားထည့်သွင်းပါသည်။

ယခုအခါရတန်း, ရှင်လူတို့နှင့် သင့်လျော်ရုံသာတောကျသလို စီရင်၍သုံးစွဲနိုင်သည်ဟု အမှာပါရှိပါသည်။





## စီရင်နည်းကား

ပထမ ယပ်ကိုဝါးပုံနှင့် အလိုရှိရာပုံကို ပြုလုပ်ပါ (ဝါးပုံ မရနိုင်လျှင် ရွှေဝါးဖြစ်စေ, သို့မဟုတ် မြင့်မြတ်သန့်ရှင်းသော နေရာ၌ ပေါက်သည့် ဝါးမျိုးများဖြစ်စေ) မိုင်းကိုင်စက္ကူတွင် အထက်၌ပါသော အင်းပုံကို အစီအရင်နှင့် ညီစွာ ရေးသား ပြီးလျှင် သစ်စေးသုတ်၍ကပ်၊ နောက်တကြိမ် ၎င်းအင်းပုံ အတိုင်းရေး၍ သစ်ခေါက်ဖြင့်ကပ်၊ သုံးကြိမ်စေ့လျှင် ရွှေချရ၏။

ယပ်၏ အရိုးမှာ သစ်သားပြားပြားကို ဖြစ်စေ ဝါးခြမ်း ပြားပြားကိုဖြစ်စေ စီမံရသည်၊ ယပ်ရိုးမှာ ကညစ်နှင့် ဖြစ်စေ, တစုံတခုနှင့်ဖြစ်စေ–

ဥဒ္ဓံ အဓော ဓော အဒ္ဓံ ဥ၊
တိရိယဥ္စ-အသမ္ဘာဓံ၊
အဝေရမ-သုပတ္တံ။

၎င်းဂါထာကို တဘက်စီ အဘက်အဆင်း သုံးခါရေး၊ သုံးခါ သစ်စေးသုတ်ပြီးမှ ရွှေချပြီးလျှင် ဆွမ်း, ပန်း, ရေချမ်း, ဆီမီး, ဖယောင်း, တံခွန်စသော လှူဖွယ်ဝတ္ထုတို့နှင့် တတ်အားသမျှ လေးမျက်နှာရှိသော ဘုရားမှာ တင်လှူ၍ တမျက်နှာလျှင် အောက်ပါဂါထာကို ၁၀၈ ခေါက်စီ စုစ်လေ။

ဣတိပိသော၊ ပိသေ္ဘသောဣ၊ ဣဓသဓေသ ပဋ္ဌနာဓိဣ၊
ဣမိနာ တုမ္ဗိသောတံဣ၊ ဣသောတိ ဗုဒ္ဓံပိတိဣ၊

ကစသအ၊ မအဥ၊ နမဗဓ၊

ဂဋ္ဌအမှုမှို ဩကာသေ တိဋ္ဌာဟိ၊

စိစေရှု၊ သောသအနိ။

ပြီးမှ ကိုင်ဆောင်လေ။

ယခုအခါ– ရွှေမချုပ်ပဲ လှုပအောင် ပြုပြစ်၍ ကိုင်ဆောင်သင့်၏၊ အကျိုးကား အထောင်မကာ များလှ၏၊ အထူးအားဖြင့်ကား ရန်ဟူသမျှ ပြေပျောက်၏၊ အကြံဟူသမျှအောင်၏၊ ဥပဒ္ဒံအန္တရာယ်ကင်းစင်၏၊ အနိဋ္ဌဖလ ဟူသမျှ ကင်းဝေး၏၊ ကုန်ရောင်းရာတွင် ဆောင်သော် ကုန်စွ ၏၊ မင်းထံသွားသော် မင်းချစ်၏၊ ဘုန်းကြွက်ယရေ တိုးတက်၏၊ အထူးသဖြင့် အကျိုးကျေးဇူးများကြောင်း ကြံတိုင် အောင်ကြောင်း ဆောင်တိုင်းမြောက်ကြောင်း အလိုရှိသမျှ ပြည့်စုံကြောင်း ဆရာအမှာရှိသည်၊ ယုံကြည်လေးမြတ်စွာ ကိုင်ဆောင်သုံးစွဲကြပါကုန်။

မှတ်ချက်။ ။သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် အမရပူရ ရွှေနန်းကို သိမ်းမြန်းစိုးချုပ် မင်းလုပ်တော်မူသော ရွှေဘိုဘုရင်မင်းမြတ် လက်ထက်တော်မှာလည်း သာသနာပိုင် မောင်းထောင် ဆရာတော် ဘုရား၏ အမိန့်အရ သမားတော် ဦးပိုးကတာနှင့် ၁၂၀၃-ခုနှစ် ဥက္ကလာပသို့ ချီတက်တော်မူမည် ရှိရာတွင် ဤရွှေယဝ် စီရင်နည်းအတိုင်း စီရင်ဆက်သရာ ယုံကြည်တော်မူလှသဖြင့်မပြတ်ကိုင်ဆောင်တော်မူရာ ဘုန်းသမ္ဘာတိုး၍ ရန်အမျိုးမျိုးတို့ကို အောင်မြင်တော်မူလေသည်။

## အာယုပရိက္ခာရမည်သော လက်ကိုင်ပုဝါစီရင်နည်း

၉၆-ပါးသော ရောဂါ၊ ၃၂-ပါးသော ကံကြမ္မာ၊ ၂၆-ပါးသော ဘေး။ ၁၆-ပါးသော ဥပဒ္ဒဝေါ၊ ဆယ်ပါးသော ဒဏ်၊ ရှစ်တန်သော အပြစ်၊ ငါးပါးသော ရန်သူ၊ မပြုဝံ့စွာ ကင်းကွာ ပျောက်ငြိမ်းတော်မူစေရန် သန့်ရှင်းသော အဝတ်ကို နံ့သာငါးပါးတို့ဖြင့် ထုံမွှမ်း၍ အောက်ပါဂါထာဖြင့် မြတ်စွာဘုရားရှေ့တော်မှာ ၁၀၈ ခေါက်ရွတ်ရမည်။

၁ ဗုဒ္ဓါစ မင်္ဂလာ လောကေ။
သမ္ဗုဒ္ဓါစာပိ လောကဂ္ဂေါ၊
ဗုဒ္ဓံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

၂ ဓမ္မောစ မင်္ဂလာ လောကေ။
ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော။
ဓမ္မံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

၃ သံဃောစ မင်္ဂလာ လောကေ၊
သံဃော ဒက္ခိဏေယျော သဒါ၊
သံဃံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

ထို့နောက်–

(၁) ဥုံ ချာယံ ချာယံ ဆ့ဆာယံ၊
ဆာယိ ဆာယိ ဆ့ဆာယိ။

ဆာယိတဗ္ဗံ ဂစ္ဆအမုမ္ဟိ၊
ဩကာသေ တိဋ္ဌာဟိ။

ငှင်းဂါထာနှင့် သိမ်တွင်းမှာ တထောင်စုပ်၍ ကိုဝ်ဆောင်တော်မူစေသည်။

အံလုံးစုံသော အနိဋ္ဌဖလ အပေါင်း မကောင်း ဟူသမျှ မဝင်မရောက်နိုင်ရန် ဤလက်ကိုင်ပုဝါနှင့် ဖယ်ရှမ်းရမည်၊ မီးလောင်သော် ဤပုဝါနှင့်ပင် ပုတ်ခတ်က ငြိမ်းအေးစေ၏။

မှတ်ချက်။ ။ဆီးတောအရပ်၌ တဲနန်းတော်ကိုမီးလောင်ရာ ဤနည်းဖြင့် စီရင်၍ထားသော ပုဝါကို အမှာအတိုင်း စမ်းသပ် ပုတ်ခတ်ရာ ထင်ထင်ရှားရှား ငြိမ်းအေး၍ သွားကြောင်းကို ဤစာတွင် သေချာစွာ ပါရှိ၏၊ အရာရာမှာဝင် ဥာဏ်နှင့်ယှဉ်၍ သုံးကြလေ။

---

## ခြသေ့်လက် အင်းတော်

ဤအင်းသည် မင်းတရားကြီးအား စီရင်၍ ဆက်သသော အင်းဖြစ်သည်၊ မြင့်မြတ်သော နေရာမှာ ထား၍ ရှိသေစွာ ဆောင်ရပါသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မိ | ဋ္ဌာ | ဂ | ဏံ | ရ | ဏံ | ဂ | ဋ္ဌာ | မိ |
| ဋ္ဌာ | ဂ | ဏံ | ရ | သ | ရ | ဏံ | ဂ | ဋ္ဌာ |
| ဂ | ဏံ | ရ | သ | ဒ္ဓံ | သ | ရ | ဏံ | ဂ |
| ဏံ | ရ | သ | ဒ္ဓံ | ဗု | ဒ္ဓံ | ဗု | ရ | ဏံ |
| ရ | သ | ဒ္ဓံ | ဗု | (နု) | ဗု | ဒ္ဓံ | သ | ရ |
| ဏံ | ရ | သ | ဒ္ဓံ | ဗု | ဒ္ဓံ | သ | ရ | ဏံ |
| ဂ | ဏံ | ရ | သ | ဒ္ဓံ | သ | ရ | ဏံ | ဂ |
| ဋ္ဌာ | ဂ | ဏံ | ရ | သ | ရ | ဏံ | ဂ | ဋ္ဌာ |
| မိ | ဋ္ဌာ | ဂ | ဏံ | ရ | ဏံ | ဂ | ဋ္ဌာ | မိ |

ထိုအင်းကို ရွှေပြား ငွေပြားမှာ ရေး၍ ထီးတော်၏အတွက်တွင် သွင်းထားစေသည်၊ လိုရာမှာ အသုံးပြုပါက အကျိုးကြီးလှ၏။ လက်ဖွဲ့ထိုး၍ဆောင်၊ ခေါင်းအုံးအောက်မှာထား၊ မျက်နှာကြက်လုပ် ပြည်တန်သည့် အင်းတော်၊ အထူးအားဖြင့် မကောင်းသော စုန်း, ဖုတ်, တစ္ဆေ စသော မကောင်းဆိုးဝါးများ အထူးကြောက်ရွံ့၏။

## ဇမ္ဗူ့သနင်း ဧရချမ်း အင်းတော်ကြီး

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၀ | ၃ | ၂ | ၃ | ၁ | ၅ |
| ၁ | ၃ | ၂ | ၄ | [illegible] | ၃ | ၀ |
| ၃ | ၂ | ၄ | ၀ | ၄ | ၂ | ၃ |
| ၂ | ၄ | ၀ | ၆ | ၃ | ၄ | ၂ |
| ၃ | ၂ | ၄ | ၀ | ၄ | ၂ | ၃ |
| ၀ | ၃ | ၂ | ၄ | ၁ | ၃ | ၀ |
| ၅ | ၀ | ၃ | ၂ | ၃ | ၀ | ၅ |

### ၎င်းအင်းတော်ကြီး၏ အင်းဆံ ဂါထာကား

### "သီတာဧရချမ်း ငြိမ်းအောင်ပျန်း"

မဓေ့မချင်းရှုတ်၊ အလယ်အကွက်က စ၍ရေ၊ ဤအင်းကို မင်းတရားကြီးနှင့်တကွ သားတော်, သမီးတော်, ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော် စသော ပြည်သူအပေါင်းတို့အား ကိုယ်စိတ်နှစ်ပြာချမ်းသာအေးမြစေရန် ကျောက်ပြားတွင် ချ၍ ရေစိမ်ပြီးလျှင် သောက်ချိုး သုံးဆောင်စေ၏။ အပူမှန်သမျှ အေး၏၊ အပူနာများကိုလည်း ကုစားနိုင်သည်၊ အဇမာ အပန်းလည်း ခံနိုင်၏၊ ခွန်အား ဗလလည်းကြီးမား၏။

တနည်း- ၎င်းအင်းကို စက္ကူတွင်ချ၊ မြာပြု၍ ဦးခေါင်း ဆေးသောအခါထည့်၊ ကြက်သရေမင်္ဂလာ တိုးတက်၏၊ လူ့

နတ်တို့ချစ်ခင်၏၊ ကိုယ်စိတ်နှစ်ဖြာကြည်သာအေးမြ၏၊ ဤအင်းကို အင်းဝမြို့ အတုလစန္ဒာဒေဝီမိဖုရားကြီး အပြအသုံးပြုသည်ဟု စာတွင် အမှာနှင့်တကွ ရေးသားလျက် ပါရှိသည်။

ဤသို့ အရပ်ရပ်သော အဆောင်အယောင်တို့ကို မင်းတရားကြီးအား စီရင်ဆက်သွင်းပြီးသော် သက္ကရာဇ် ၉၅၉ ခုနှစ်တွင်ပင် ရတနာပုရ အင်းဝရွှေမြို့တော်ကြီးသို့ ချီတတ်သိမ်းယူတော်မူ၏။ ဆင်ဦးကင်း၊ မြင်းကဦးများမှာလည်း တောင်း၊ အလံ၊ ဗိုလ်မောင်း၊ တိုက်စည်စသော စစ်ကိရိယာများနှင့် ဒိုင်း၊ လွှားကာ ရှဲလှံ့စသော လက်နက်များတွင်လည်းကောင်း လက်ယာဘက်က နေရုပ်၊ လက်ဝဲဘက်က လရုပ် ရေးစေ၍—

မနေရုပ်၌- ဥုံ သူရိယ စန္ဒ-ပရိနက္ခတ္တ သွာဟာ၊
လရုပ်၌-ဥုံ စန္ဒသူရိယ-ပရိနက္ခတ္တ သွာဟာ၊

၎င်းဂါထာများကို အရံပြု၍ ဆုန်းဟင်းသပြဒါးများတွင် အောက်ပါ ဂါထာတော်ကြီးနှင့် မန်းမှုတ်ပြီးမှ ရေးသားပြုလုပ်ရပါသည်။

ကကကရဟိ တံ ဒေခံ၊ ကရဏမိတ္တံ ဘာသိတံ၊
ကတ္တိကံ ကတ္တသင်္ဂေယံ၊ ကက ဗြဟ္မဏ မာ ဗုဒ္ဓံ။
ဤဂါထာဖြင့် ၃၇-အုပ် မန်းမှုတ်ရ၏။

အကျိုးကား.... သွားလေရာရာ အရပ်၌ ဘေးအပေါင်း၊ ကင်း၍ ကြံတိုင်း အောင်၍ မကောင်းသော တိတ်နိမိတ်စသော အနိဋ္ဌအပေါင်းတို့မှ ကောင်းကောင်းကြီး ကင်းဝေးစေသည်။

ယခုအခါ ရဟန်းရှင်လူ မည်သူမဆို သွားလေရာရာအရပ်၌ မိမိတို့၏ အဆောင်အယောင် စသော တစုံတခုပစ္စည်းများတွင် ဤနည်းဖြင့်စီရင်၍ သွားလာဆောင်ရွက်သင့်ပေသည်။

နေ့ရုပ်ပုံမှာ- ဒေါင်းရုပ်ရေး၍ အလယ်က "နေ" ဟု ရေး၊ လ,ရုပ်ပုံမှာ ယုန်ရုပ်ရေး၍ အလယ်က "လ" ဟု ရေး။

ထို့နောက် ဗိုလ်မှူးတပ်မှူးတို့အား ချီးမြှောက်သော အစီအရင်များကား-

တ,ဓသေတေ၊ နမော ဗုဒ္ဓါယ၊
လောမာ ယဒ္ဓါ၊ ဗုမော, န,န။
ဒါမ အည္၊ ဒန္တာ ဥအ၊ မတဇော ဣသွာသုမံသိ၊
သုသွာဣ အတ္တိ နမော ဗုဒ္ဓါယံ။

မဆစ်ဆီ ခုဝီ·ကို ၎င်းဂါထာနှင့် ဘုရားရှေ့တော်မှာ ဖြစ်စေ, သိမ်တွင်းမှာဖြစ်စေ, ဆိတ်ငြိမ်ရာမှာဖြစ်စေ ၁၀၈-ခေါက် ရုပ်၍ တနေ့တမတ်သားခန့် သောက်ရသည်၊ ဆူးငြောင့်, ထားလှံ ပြီး၏၊ သိလိုသော် ၎င်းဆီမန်းနှင့် အသားကိုတို့၊ ဖူးပူးထ၏၊ ၎င်းနောက် စမ်းလိုလျှင် ကြိမ်လမောင်း ဆူးရစ်နွယ်တို့ဖြင့် ငေ်၍ငမ်း၊ မစူး·မရှပြီ။

**တနည်း-အစီအရင်၏ဂါထာကား**

ဥုံ-ဗုဒ္ဓတေဇေန်၊ ဥုံ-ဓမ္မတေဇေန၊ ဥုံ-သံဃတေဇေန သတ္တာဗိုဏ်ကာ၊ ဥုံ ထုံ ဟုံ, ထုံ ဟုံ၊ ခုံဆရာခုံ၊ ခံဆရာခံ၊ ကြွ-ဆရာကြွ၊ ထ,ဆရာထ၊ ဥုံ-ပိဿနိုးကာ၊ ဆရိုးလာ၏၊ ထ,ဆရာ-ထ။

အရေးရှိလျှင် တွေ့ရာကိုမန်း၍ အံမှုတ်ခဲ့ရ၏၊ ထား၊ လှံလည်း မပေါက်၊ ညအိပ်လျှင်လည်း သိကြား နတ် အိပ်မက်ပြရသည်။ အစဉ်ဆောင်လိုလျှင် ဒန်းမြစ်ကို လက်တဆစ်ခန့်ဖြတ်၊ ၇-အုပ် မန်း၍ထား၊ အကြောင်းရှိလျှင် အံမှုတ်ခဲ့လေ။

ဩြသာဝင်း-နမော ဗုဒ္ဓါယ၊ ဩြသာဝင်း-နမော ဓမ္မာယ၊
ဩြသာဝင်း-နမော သံဃာယ၊ င,ရ,ထ,က,ရန္တံ,သန္တံ၊ ဓုမေယ၊
အဝယ-အရဟံ၊ သမဏ-ဗုဒ္ဓသုဒ၊ သံ, ဂုံ, ပ, မ, ယျ၊
သရဏံ ဂစ္ဆာမိ၊ တာဏာ လေဏာစ ပါဏိနံ၊
ဂစ္ဆ အမုမှိ ဩြကာသေ-တိဋ္ဌာဟိ။

အထက်တွင် ဆိုခဲ့ပြီးသော ဂါထာနှင့် ဆူးမရှိသော ပန်း သစ်ရွက်ကို ခုနစ်စည်း စည်း၊ ၃၇ ပါးသော ဗောဓိပက္ခိယ တရားတော်ကို စိဋ္ဌာန်ရည်မှန်း၍ ၃၇ အုပ် မန်းပြီးလျှင် ဘုရား ငါးဆူကို ဆုတောင်းပတ္ထနာပြု၍ ပန်းငါးစည်းကိုတင်၊ ကျန် နှစ်စည်းကို ပါသမျှ ဗိုလ်ပါတို့ကို အစေ့ အင တချက်စီ ဝေပေး ရ၏။ ဘေးရန်အပေါင်းမှ ကင်းလွတ်နိုင်ရန် စီမံခြင်း ဖြစ် သည်။

ဤသို့ စီရင်ခင်း စီရင်ဖွယ် ရှိသမျှတို့ကို စီရင်တော်မူပြီးမှ ထိုသက္ကရာဇ် ဝါခေါင်လဆန်း ၂ ရက် တနင်းလာနေ့တွင် ရတနာပုရ အင်းဝနေပြည်တော်ကြီးသို့ ချီတက်တော်မူ၏။

ရောက်တော်မူလျှင် မင်္ဂလာစေတီ အနောက်ဘက်၌ ခေတ္တ စံနေတော်မူပြီးလျှင် မြို့ပြကို စီမံတော်မူရန် ဗားမဲ့ဆရာတော် အား လျှောက်ထားသဖြင့် မာတ်တိုင် ကြငှန်းတိုင်, မြို့လည်,

မြို့ထောင့်၊ ပြအိုး၊ တံခါး စသည်များကို စီရင်တော်မူသော အစီအရင်များမှာ....

သုဝဏ္ဏဘုမ္မိအင်း၊ သုကိတ္တိမာအင်း၊ ဇေယျာစရုနအင်း၊ စမ္မာနဝအင်း၊ ၂၄-ပန္နည်းအင်း၊ ကမ္မဝါသ ည်းခြေ ဇင်း စသည်များဖြင့် ကျယ်ဝန်းများပြားစွာ စီရင်တော်မူလေ၏။

ဤသို့ အရပ်ရပ်သော အစီအရင်တို့ကို စီရင်တော်မူပြီးမှ ရှမ်းပြည်တဝှမ်းနှင့် မြန်မာနိုင်ငံတော် အထက်ပိုင်းကို အလွယ် တကူ သိမ်းယူတော်မူ ပြီးလျှင် သက္ကရာဇ် ၉၆၇-ခုနှစ်တွင် "သီဟသူရမဟာဓမ္မရာဇာ" အမည်တော်ရှိသော ညောင်ရမ်း မင်းတရားကြီးသည် လူ့ပြည် ငြီး၍ နတ်ထီး စံတော်မူလေ သတည်း။

ထို့နောက် သားတော်အကြီး "ဥပရာဇာ" သည် 'မဟာဓမ္မ ရာဇာ' ဟူသောအမည်တော်ကို ခံယူတော်မူ၍ရွှေနန်းပျံကို ဆက် ခံ စိုးအုပ် မင်းလုပ်တော်မူလေ၏၊ ထိုအခါ ခမည်းတော်ဘုရား၏ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့ စသော အဆောင်အရွက် မှန်သမျှတို့ကို ဗားမဲ့ဆရာတော်အား လျှောက်ထား၍ သိဒ္ဓိတင်ပြီးလျှင် ဆင် ယင်ဆောင်ရွက်တော်မူလေသည်။

ဆရာတော် သံဃာတော်များအားလည်း ကျောင်းအသစ် ဆောက်လုပ် လှူဒါန်းတော်မူ၍ နေ့စဉ်နန်းတော်သို့ဝင်ပြီးလျှင် ဆွမ်းဘုဉ်းပေးရသည်၊ ဆရာတော်များ မထောက် မအား ရှိသောအခါ တပည့်များကို အလှည့်ကျ စေလွှတ်ရသည်၊ ထို အခါ ဗားမဲ့ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်၍ နောင်အခါ

'စံကျောင်းဆရာတော်'ဖြစ်လတံ့သော ရဟန်းတော် တပါးသည် အလုံးစုံသော လောကီ, လောကုတ္တရာ ပညာရပ်များကို တတ်မြောက်တော်မူ သော်လည်း ထိုအရှင်မြတ်၏ ဥပမိဟုဆိုအပ်သော ရုပ်အဆင်းသည် အတော်ပင် ညှိုးဖျင်းသဖြင့် "အတုလစန္ဒာဒေဝီ" မည်သော မိဖုရားကြီးက အလွန်အမင်း မကြည်မညို ဖြစ်၏၊ ထိုအကြောင်းကို ရဟန်းတော် သိသဖြင့် အလှူညို့ကျသောအခါ နန်းတော်သို့ မဝင်ရန် ဆရာဖြစ်သူ ဗားမဲ့ဆရာတော်အား ခွင့်ပန် လျှောက်ထားလေရာ ဆရာတော်ဘုရားက "မစိုးရိမ်နှင့်တပည့်၊ လူမှန်သမျှ မြင်လျှင် ချစ်ခင်မြတ်နိုးစေတတ်သောဆေးကိုစီရင်၍ ငါပေးအံ့"ဟု မိန့်ကြားတော်မူပြီးလျှင် အောက်ပါအတိုင်း စီရင်တော်မူ၏။

## သပ္ပဗီယ လက်တွေ့ နတ်ဆေး

နံ့သာဆီအစစ် နှစ်ကျပ်သားကို ပုလင်းတွင် ထည့်ပြီးလျှင် ဘုရားရှေ့မှာ....

ဥုံ-ဗုဒ္ဓတေဇံ လာဘံ ဘဝိဿတိ၊
ဓမ္မတေဇံ သုခံ ဘဝိဿတိ။
သံဃတေဇံ စတုဒိသံ ပိယံ မမ။

သီဝလိစ မဟာနာမံ၊ သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊ သဗ္ဗေ ဟောန္တု ပိယံ မမ။

ဤဂါထာနှင့် တထောင်စုပ်။

ထိုနောက်–

၁။ လမ်းလေးခွ။ ၂။ နတ်ရဲသစ်ပင်။
၃။ မြစ်ဆိပ်။ ၄။ တောင်ထိပ်။
၅။ တံစက်မြိတ်။ ၆။ စရပ်။
၇။ နတ်စင်။ ၈။ တဝဂူ၊

ဤ ရှစ်ဌာနၵ္ဒ စုပ်ရန်ဂါထာကား

မေ စိတ္တံ ဝါ၊ ပိုမံ ဝါ၊ ရာဇာ ဝါ။
ရာဇ ကုမာရော ဝါ၊ ရာဇကုမာရီ ဝါ။
ဣတ္ထိယော ဝါ၊ ပုရိသော ဝါ ပိယံ ဟောိ။

ဤဂါထာနှင့် ၁၀၈-ခေါက်စီ မန်းပြီးလျှင် ၎င်းနံ့ သာဆီကို ရဟန်းခံရာတွင် ရဟန်းလောင်း၏သပိတ်တွင် သုံးကြိမ်ထည့်ပြီးလျှင် ပျားဖယောင်းနှစ်ကျပ်သားကို သုံးခါစစ်ပြီးမှ ခေါင်းပိုရှပ်, ခေါင်းမရှပ် အရွှေလိုက်ဟန် ပီသစွာပြုလုပ်၍ စင်ကြယ်သော ကြေးလင်ပန်းငယ်တွင် ထည့်၍ နေပူတွင် ထားလေ၊ ယခင်က နံ့သာဆီကို အရှပ်ပေါ်က တစက်ချင်း လောင်း၍ မောရပရိတ်တော်ကိုရွတ်၊ နေပူ၍ ဖယောင်းရုပ် အရည်ပျော်ပြီး သမ၍သွားအောင်ရွတ်ရမည်။

ဆောင်ခါနီးတွင် စုနစ်အုပ် နှိုးရန် သိဒ္ဓိတင် ဂါထာကား

ဥုံ နံဋ္ဌာတေ ဗုဒ္ဓမေဝ ဓဇဂ္ဂံ၊
အရဟန္တံ ရာဇကောခံ ဝိနသာန္တံ။

မိန်းမကို လိုသော် "ဣတ္ထိကောခံ ဝိနသာန္တု" အလုံးစုံ ပရိသတ်ကို လိုသော် "သဗ္ဗကောခံ ဝိနသာန္တု" ဟု ၇-အုပ် မန်း၍ ပရိသတ်လေးပါး ရှိရာသို့ သွားသော် နဖူးဆံစမှာ လိမ်း။

ဣတ္ထိ တဖန်၊ လိုလာပြန်သော်၊ လိမ်းကျံရင်စ၊ ငါစကြဝတေးမင်း၊ ဆိုတုံလျှင်းလော့၊ ရွှေအစ်းဝမြို့၊ ဘုန်းရောင်ပျို့သည့်၊ လူတို့ဆည်းကပ်၊ ပူဇော်အပ်သော၊ လေးထပ်ဘုံကျော်၊ ပုဂ္ဂိုလ်တော်ကြီး၊ စီမံပြီးသည်။ ။ဤနည်း ပိယ အကျော်တည်း။

ဤသို့ နံ့ထာဆီနှင့် စီရင်သောဆေးကိုပေးရာ ရဟန်းတော် အရှင်မြတ်သည် ညင်းပယ်တော်မူလေ၏၊ အကြောင်းသော်ကား "မူလကပင် မကြည်ညို ရှိရာ အမွေးအကြိုင်များကို သုတ်လိမ်း၍ ဝင်သော် သာ၍ပင် ရွံမုန်းပါလိမ့်မည်" ဟု ဆရာတော်အား လျှောက်ထားရာ "ငါ့ရှင်- သင်၌ ထုံမွမ်းသော အမွေးအကြိုင်သည် အနည်းငယ်မျှသာဖြစ်၏၊ အတွင်းတော်၌ ရှိသော ဂန္ဓာရုံ အနံ့များသည် သာလွန်၍ များပြားသဖြင့် သင့်အား အပြစ်မရှိရာ" ဟု မိန့်တော်မူမှ အလှည့်ကျသော နေ့တွင် လိမ်းသုတ်၍ ဝင်တော်မူရာ အတုလစန္ဒာဒေဝီမိဖုရားကြီးသည် မြင်လျှင် မြင်ချင်း သနားချစ်ခင်သော အမူအရာ မျက်နှာ ရွှင်လန်း ဝမ်းပန်း တသာ ခရီးဦးကြိုဆိုတော် မူ၏၊ ထိုနေ့တွင်ပင် ဘွဲတော်များနှင့် သိက္ခာတော်များကို မေးတော်မူပြီးလျှင် ကျောင်းဆောက် ကိုးကွယ်တော်မူလို ကြောင်း လျှောက်ထား၍ သားတော် နှစ်ပါးကို အပ်နှင်းတော် မူ၏။

မကြာမီပင် "စံကျောင်းဆရာတော်"ဟု ကျော်ကြားတော်မူလေ၏၊ အံ့ဖွယ်ရှိပေစွ။

ထို့နောက် တပည့်တယောက်အား ချီးမြှောက်တော်မူလို၍ မိန့်ကြားတော်မူ၏၊ ဤနည်းမြန်ရှုံအောက်ပါ အစီအရင်ကို မိန့်ကြားတော်မူ၏၊ ဤနည်းမှာ ကမ္ဘာဦးက မဟာသမ္မတမင်းအား အတိညာဏ်ရ ဈာန်လာဘီ ဖြစ်တော်မူသော ရသေ့မြတ်တို့ ပေးအပ်သနားတော်မူခဲ့သော နည်းဟု အမှာရှိလေသည်။

## မဟာသမ္မတ မီယစီရင်နည်း

စက္ကဝါပိုင်း၊ ညို့ညို့ဆိုင်းသား၊ တံတိုင်းကျောက်
တောင်၊ မြင့်သီခေါင်က၊ မြန်ဘောင်လူတို့၊ သိမှတ်
ဖို့ကို၊ မချို့ဝသီ၊ တပသီလျှင်၊ လောကီ ဘိညာဏ်၊
ဈာန်နှင့်ကြမ့်၊ မြသပြေဦး၊ ဆောင်ခဲ့ကူး၍၊ ရှည်ကျူး
မြင့်လတ်၊ ဘဒ္ဒကကမ္ဘာ၊ ပေါ်ခါအစ၊ သမ္မတ-
ရာဇာ၊ မင်းမြတ်စွာအား၊ ပေးကမ်းပြေား၍၊ ဆင့်ပွား
မပျက်၊ ဘူမြေထက်ဝယ်၊ ဆောင်ရွက်လိုသူ၊ သိစိမ့်
ဟူ၍၊ နောက်လူသားမြေး၊ ငါးမ်မွေး၊ပျောက်ပ၊ မရှိ
ရစေသောင်၊ ပြုဆောင်နှိဒါန်း၊ လဆန်းတရက်၊နဂါးရက်
ဝယ်၊ နံနက်တွန်းပ၊ သူရိယာသည်၊ ပေါ်ထရည်မှန်း၊
ရောင်ခြည်သန်း၍၊ တခြမ်းနေလျှင်၊ မထွက်ခင်က၊
ပီပြင် သေချာ၊ ရှေ့ပေလွှာတွင်၊ တူရွာ သဏ္ဌာန်၊
ဒေါင်းဖိုဟန်ကို၊ တောင်ပံမြီးခေါင်း၊ လည်ချောင်း၊
ဦးစွန်း၊ မချွန်းမမောက်၊ ခြေထောက်အတက်၊ မျက်

ခွက်နှုတ်ဖျား၊ ရေးသားပြီးခါ၊ ဥုံ-မပါဘူး၊ ရုံစာ
တီတီ၊ "ဟေဂိ ဂန္ဓနိယ"၊ ရေးပြီးမှလျှင်၊ ရှင်ပျကြည်
စွာ၊ လိပ်၍သာလျှင်း၊ ပဒေါင်းတွင်း၌၊ သွတ်ခြင်း
ပြီးလတ်၊ ပိုးနီတပ်၍၊ ထားအပ်ပေရာ၊ ကြွတ်နှင့်သာ
လျှင်၊ ထားကာမသွေ၊ ဥဒေတယံ၊ ဂါထာပျံကို၊
အမှန်ပြဲ့ပြဲ့၊ သုံးဆဲ-ခုနစ်ခေါက်၊ စုပ်ပြီးနောက်ကို၊
"[အံ]" ကိုလျှင်၊ (သို့မဟုတ် "အရဟံ" ကိုလျှင်)
တထောင်ပင်တည့်၊ ထို့ပြင်တသုံ၊ ဥုံ-ဣတ္ထိပေါ်ရှုံ၊
'ဗုဒ္ဓတ္တံ'ကို၊ ထောင့်မှန်စုပ်လေ၊ ရဝိနေလျှင်၊ ဝင်လေ
ခါနီး၊ တျာတျာကြီးတွင်၊ ဒေါင်းမသွစ်ကို၊ ပိပြင်သေ
ချာ၊ ရွှေပေလှာတွင်၊ ရုံစာမခြား၊ ရေးသားမချွတ်၊
ပဒေါင်းသွတ်၍၊ မလွှတ်ကြိုးမှာ၊ ပိုးစိမ်းသာတည့်၊
ထိုအခါမသွေ၊ အပေတယံ၊ စုပ်ပြန်ရွေးနည်း၊ ပြီးလျှင်
မပျက်၊ အထက်ဂါထာ၊ ရုံစာထောင်စီ၊ နှစ်လီစုပ်
ဖြား၊ ကြွတ်နှင့်ထားလေ၊ သူများတကာ၊ ငှားဖို့
လာသော်၊ သေချာရက်ကို၊ ချိန်းချက်ဆို၍၊ အဖိုးကို
သာ၊ ငှားတို့ရာ၏၊ သစ္စာမမှန်၊ ပြန်မပေးလာ၊ တောင်း
သောခါလျှင်၊ မိစ္ဆာဝင်စား၊ သူလှည့်ဖြား၍၊ စကား
ခိုက်ရန်၊ အကြံကောက်ကွေ့၊ တောင်း၍မရ၊ ရှိချေ
ကမူ၊ ဒေါင်းမှ့ကိုပင်၊ ဆိတ္တင်စိမ်ကာ၊ ကြွတ်ကိုသာ
လျှင်၊ ဖွင့်ကာထားပြီ၊ "ဥုံ-ဗုဒ္ဓတ္တ"ထောဝ်မှန်စုပ်ခါ၊
ထားရပါသော်၊ ဒေါင်းမှ့ရှိရာ၊ ဒေါဝ်းဖို လာလိမ့်၊
ဆောင်ခါကာလ၊ နိုသ်ံသမူ၊ သိပ္ပပြီးရာ၊ လျော်စွာ
ဆောင်ရ၊ မင်းမိန်းမမူ၊ အဖိုဟူလျက်၊ ထို့တူမင်းမှာ

အမ,သာဟု၊ ဆရာရသေ ၊ မိန့်ခဲ့၍လျှင်၊ စုံစေ့မေးကြဲ၊
နှိုဒါန်းပြသည်။ ၊ပိယသိဒ္ဓိ အခေါင်တည်း။
(အငိုပ္ပါယ် သိသာပြီ)။

ထို့နောက် သက္ကရာဇ် ၉၆၈-ခုနှစ်သို့ ရောက်သောအခါ ဘဂရှင် မင်းတရားကြီးသည် ခပ်သိမ်းသော လောကီ လောကုတ္တရာ စည်းစိမ်တို့၏ အခိုင်အမြဲ တည်စေခြင်းငှာ တစုံတရာ စီရင်၍ ပေးတော်မူပါ''ဟု ဗားမဲ့ဆရာတော်အား လျှောက်ထားတော်မူရာ သဗ္ဗသိဒ္ဓိဂုဏ်တော်ပုတီးကို စီရင်၍ ပေးတော်မူ၏။

## ပုတီး စီရင်နည်း

ထိုပုတီးစီရင်နည်းကား ရွှေပြား ၉-ခုတွင်....

၁ အရဟံ တခု၊
၂ သမ္မာသမ္ဗုဒ္ဓေါ- တခု၊
၃ ဝိဇ္ဇာစရဏသမ္ပန္နော-တခု
၄ သုဂတော-တခု၊
၅ လောကဝိဒူ-တခု၊
၆ အနုတ္တရော ပုရိသ ဓမ္မ သာရထိ-တခု။
၇ သတ္ထာဒေဝမနုဿာနံ-တခု၊
၈ ဗုဒ္ဓေါ-တခု၊
၉ ဘဂဝါ-တခု။

ဤအတိုင်း အစဉ်လိုက်ရေးပြီးလျှင် လက်ဖွဲ့ကဲ့သို့လုပ်၊ ပုတီးခေါင်းအတွက် ရွှေပြားငယ် ၅-ခုတွင် ''သံ-ဂုံ-ပ-မ-ယျ'' ဟု ရေး၊ ရင်းအပြင် ဘုရားဂုဏ်တော်အမျိုးမျိုးများ, ရတနရွှေ

ချိုင့် အောင်ခြင်းရှစ်ပါးစသော စာတော်များကို စက္ကူတွင် ရေး၍ပြီးရှု၊ ထို့နောက် သုတ်ပါဠိတော်, ဝိနည်းပါဠိတော် အဘိဓမ္မာပါဠိတော်များကိုလည်း တတ်အားသမျှ စက္ကူတွင် ရေး၍ပြီးပူဇော်ပြီးလျှင်သစ်စေးဖြင့်နယ်၍သားရိုးလုပ်ပြီးမှ ယခင် ဂုဏ်တော်လက်ဖွဲ့မှာပုတီးစေ့ ဖြစ်အောင် မှန်းမ လျက်အစဉ် လိုက် သီကုံး၍ ဆက်သွင်းတော်မူ၏။

အကြောင်းအားလျော်စွာ ဂုဏ်တော်များကိုစိတ်ရန်စိပ်၍ ပေးတော်မူ၏။ ဤဂုဏ်တော်ပုတီးမှာ ၉-လုံးသာ ပြသည်၊ ၁၀၈-လုံးထိအောင်လည်း ပြုလုပ်စိပ်နိုင်သည်။

ထိုဂုဏ်တော်ပုတီး၏ စိတ်နည်းမှာ အောက်ပါ အတိုင်း ဖြစ်သည်။

၁ ဘုန်းကြက်သရေ တိုးတက်စေလိုလျှင်-

သောဘဂဝါ ဣတိပိ အရဟံ။

သောဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာပိ ကာရဏေန- ဤသို့ လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ပူဇော် အထူးကို ခံတော်မူထိုက်သောကြောင့်၊ အရဟံ - အရဟမည် တော်မူ၏။ ။ဤသို့ နှလုံးသွင်း၍စိပ်ရမည်။

၂ အကြံကောင်း ဉာဏ်ကောင်းပေါ်စေလိုလျှင် -

သောဘဂဝါဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာပိ ကာရဏေန- ဤသို့ သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်,ပညတ်

တည်းဟူသော ဥပယျံတရားငါးပါးကို သိတော် မူသောကြောင့်၊ သမ္မာသမ္ဗုဒ္ဓေါ- သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃ အကြံဟူသမျှ အောင်စေလိုသော်
သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

သောဘဂဝါ-သည်၊ ဣတိပိ ဣမိနာစ ကာရဏေန- ဤသို့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါးပါးနှင့်ပြည့်စုံတော်မူသောကြောင့်၊ ဝိဇ္ဇာစရဏ သမ္ပန္နော ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏။

၄ ပြောသမျှစကားကို အောင်မြင်စေလိုလျှင်-
သောဘဂဝါ ဣတိပိ သုဂတော။

သောဘဂဝါ- သည်၊ ဣတိပိ ဣမိနာစ ကာရဏေန- စကားခြောက်ခွန်း၊ လှူဒ္ဓထွန်းဘိ ကျိုးရှိဟုတ်မှန် သူနာခံလိုနမာလိုအား၊ နှစ်စကားကို ကြောင်း၊အားညီလျော် ဆိုတော်မူတတ် ဤသကတ်ကြောင့်၊ သုဂတော- သုဂတ မည်တော်မူ၏။

၅ ကျော်စောထင်ရှားစေလိုသော်-
သောဘဂဝါ ဣတိပိ လောကဝိဒူ။

သောဘဂဝါ-သည်၊ ဣတိပိ ဣမိနာစ ကာရဏေန- သတ္တ္တဩကာသ သင်္ခါရဟူ လောကသုံးဘုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားတော်လျှင် အာသယာ-နုသယ စရိတစိမှတ်

မြဲ့ဘ်ယုတ်နှစ်ရ မုခုတိကွ စသည်ဒေထုတွေ လေ, ရေ, မြေထု မရှစက္က ဂါ သိဒါပတ်မြဲ တောင်ရုံခုနှစ် လှည့်ရစ် ဖနှ, လ ဒီပလေးတန် ခြောက်တန်နတ်ရွာ ဖြဟ္မာနှစ်ဆယ် သွယ်သွယ် များလှ ဝေဖန်ပြလျက် လကွတ, ရသ ကိစ္စဖေ့ဝိ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် ရုပ်နာမ်ဝေခြား ခပ်သိမ်းအားဖြင့် တွေ့ပြားကုန် စင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊ လော ကဝိဒူ လောကဝိဒူမည်တော်မူ၏။

၆ ဆိုးဝါး သောင်းကျန်းသော လူ, နတ်, တိရစ္ဆာန်တို့ ကို နိုင်နင်း၍ ချစ်ခင်စေလိုလျှင်—

သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ။

သောဘဂဝါ သည်၊ ဣတိပိ ဣမိနာစ ကာရဏေန- ဤ သို့ မယဉ်ကျေးသော လူ,နတ်, တိရစ္ဆာန်တို့ကို အထူးသဖြင့် ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့်၊ အနုတ္တ ရော ပုရိသ ဒမ္မသာရထိ- အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

၇ သူတပါးတို့၏ အလိုဆန္ဒကို ဖြည့်စွမ်း ကယ်ဆယ်လို လျှင်—

သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ။

သောဘဂဝါ သည်၊ ဣတိပိ ဣမိနာစ ကာရဏေန- ဤသို့ ဝဋ္ဋဂါဟော် ယဉ်မှုုးကျော်လျှင် ဖော်လှော် ငယ်သား နောက်ပါများကို ရေရှား, ဘေးခကန္တာရမှ ခေမ မြေငူထုတ်

ကယ်ယူဖို့ ထို ဘုတစ် ခဲယဉ်းဘိသည် ဇာတိဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ရှေနန်းမြေငှ ပြည်နိဗ္ဗူသို့ နတ်, လူ, ဗြဟ္မာ သတ္တဝါကို ဆောင်ကာယူတတ် ဤသကတ်ကြောင့်၊ သတ္ထာဒေဝ မနုဿာနံ သတ္ထာဒေဝ မနုဿာန မည်တော်မူ၏။

၈ လောကုတ္တရာ သမာဓိမှော်ကဲ့သို့ အရာရာမှာ ကြံဆ၍ သိလိုလျှင်-

သောဘဂဝါ ဗုဒ္ဓေါ ဗုဒ္ဓေါ။

သောဘဂဝါ-သည်၊ ဗုဒ္ဓေါ ဗုဒ္ဓမိနာ၁၀ ကာရဏေန-ဝိမောက္ခန္တိက ဉာဏ်တေဇဖြင့် ငွေ့ယျင်းဖြာမဟာသမုဒ္ဒကြင်း ရမထင် ထဲလင်းစင်အောင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူ၏။

၉ သူတပါးတို့ မတုမပြိုင်ဝံ့ ကြောက်ရွံ့ ရှိသေစေလိုလျှင်-

သောဘဂဝါ ဗုဒ္ဓေါ ဘဂဝါ။

သောဘဂဝါ-သည်၊ ဗုဒ္ဓေါ ဗုဒ္ဓမိနာ၁၀ ကာရဏေန-တပါးသူနှင့် မတူထူးချွန် ကဲလွန်သီလ ဉာဏသမာဓိ ဝိမုတ္တိနှင့် ဝိမုတ္တိရသ် ဟိဓဆာဘွပ္ပါ သဒ္ဓါ ဝိရိယ သတိစသည် ရေဆချ်နိုင်၊ အတိုင်းမသိ ဆုံး, မရှိသည့် နိ ရတိသယ ဂုဏာဘာဂ ကျေညာထင်ပေါ် ကျေးဇူးတော်နှင့် အဟောဘ်ယှဉ်ထ နိယတဗျာ ခံယူခါမှ စ၍ အထူး စုစည်းပွားအပ် ဆယ်ချပ်ဝါရမီ

ငါးလီစာဂသင်္ဂဟာတွေ၊ လေးခုအဓိဋ္ဌာ သုံးဖြာစရိယ စသည်
အပြားတုရားဖြစ်ကြောင်း၊ တရားကောင်းတို့ စုပေါင်းညီလတ်
မပြတ်နေ့ရေ ဝင်စားပေသည့် ကုဋေဂဏန်း၊ နှစ်သန်းလေး
သိန်း၊ ဇွက်ကိန်းများမြွတ် သမာပတ်အစု စက္ကုစစ္စာ ဇရာ
မရဏ အဆုံးကျဝလ ပရိညေယျာ ပဟာတဗ္ဗ သစ္ဆိကနှင့် မဂ္ဂ
ဘာဝနာ လေးဖြာအဖို့ နှစ်မြို့မပြတ် မှိုဝဲတတ်ဟု ဘယ်သို့
ပြုက ဝိနေယျဟု ဓမ္မများစွာ တည်ပါမည်နည်း သနား
သည်း၍ ထံနီးခ,စား တပည့်များ၏ စည်ကားဖွံ့ဖြိုး မြွတ်
ကောင်းကျိုးကို မြှော်ကိုးမမြွတ် တောင့်တတတ်ရှောင်း၊ ဤ
အကြောင်းကြောင့်၊ ဘဂဝါ-ဘဂဝါမည်တော်မူ၏။

ဤသို့ အရောင်ဝါနအားလျော်စွာ အထူးဖော်ပြလိုက်သည်၊
မည်သည့်ဂိုဏ်းတော်ကိုမဆို နှလုံးသွင်း၍စိပ်လျှင် မကောင်း
သော အနိဋ္ဌဖလတို့နှင့် မတွေ့မကြုံရပဲ ကောင်းသော ဣဋ္ဌ
ထို့နှင့်သာ မုချတွေ့ကြုံ ခံစားရမည်ကို ယုံကြည်လေးမြတ်
စွာ အသုံးပြုကြလေ၊ လောကဥ္စ လိုသမျှပြီးစီး၍ မဂ်ပေါက်
ဖိုလ်ရောက် အကျိုးခံစားနိုင်ပါသည်၊ ဗုဒ္ဓဘာသာ မှန်သမျှ
အားထုတ်ဖို့ရာ ကောင်းလှ၏၊

“မဟာဓမ္မရာဇာ”မည်သော မင်းတရားကြီးလည်း ဤပုတီး
စိပ်နည်းကို အမြဲမပြတ် စိပ်တော်မူသဖြင့် ဘုန်းသမ္ဘာတော်
တိုး၍ ရန်အမျိုးမျိုးတို့ကို အောင်မြင်တော်မူလေ၏။

ဤ ဂိုဏ်းတော် ပုတီး စိရင်နည်းသည် အထူးအားကိုး ယုံ
ကြည်ထိုက်သောနည်း ဖြစ်ပေသည်၊ အဘယ်ကြောင့် ဆိုသော်
သက္ကရာဇ် ၁၂၁၁-ခုနှစ်တွင် ပဋ္ဌမ သင်္ဂါယနာတင် မင်း
တရားကြီးဖြစ်လတ္တံ့သော မင်းတုန်းမင်းနှင့် ညီတော် နောင်

တော် နှစ်ပါးတို့သည် အမရပူရမြို့တော်မှ ရတနာသိခ ရွှေဘိုမြို့သို့ ထွက်တော်မူမည်ရှိရာ ဤဂုဏ်တော်ပုတီးကို ရွှေမြို့တော် တောင်မြှင် တောင်သမန်အင်းစောင်း၌ နေသော လူသူတော် တဦးက စီရင်ဆက်သ၍ ရသဖြင့် ယုံကြည်စွာ အသုံးပြုတော်မူရာ အလိုတော်ဆန္ဒ ပြည့်စုံတော်မူ ဖူးကြောင်းကို မင်းတရားကြီးဘုရား ကိုယ်တော်တိုင် မိန့်ကြားတော်မူ ဖူးသောဟူ၏။

ထိုပုတီးကို ရှိသေစွာ ကိုင်ဆောင်ရမည်၊ ၉၆-ပါးသော ရောဂါမှစ၍ ကပ်ရောဂါအမျိုးမျိုးများနှင့် ပယောဂအနှောင့်အယှက်တို့ကို ရေစိမ်၍တိုက် (ပွဲတော်။)

ဤ၌ ဂုဏ်တော်ဖွင့် အနက်များမှာ နောက်ပညာရှိများ သိကုံးတော်မူကြသည်ကို ထည့်သွင်းပါသည်။

## ဗျည်းအင်းများ အကြောင်း

တဘက်၌ပြထားသော ဗျည်းအင်းများသည် အင်းရှင်များဖြစ်သည်၊ ကကြီးကစ၍ ချခြင်း, ခခွေးကစ၍ ချခြင်းအားဖြင့် အင်းခေါင်းများစွာ ထွက်နိုင်၏။ အသုံးမှာလည်း လွန်စွာများပြားလှပေ၏၊ ဗျည်းအင်း၏ တန်ခိုးသတ္တိသည် ခေါင်းခဲလည်နာ စးသော ရောဂါငယ်များကို ပျောက်ကင်းနိုင်စေသည်ကစ၍ ထွက်ရပ်လမ်းသို့ ရောက်အောင် ဆောင်စွမ်းနိုင်သဖြင့် ကြီးကျယ်များမြတ်သော တန်ခိုးရှိကြောင်းကို သေချာစွာ မိန့်ဆို ရေးထားထားခဲ့ပါသည်၊ ဤဂုဏ်ယှဉ်၍ သုံးကြစေသတည်း။

ထို့နောက် ဘဝရှင်မင်းတရားကြီးသည် သဒ္ဓါကြည်ညို တော်မူလှသဖြင့် နတ်၏ဗိမာန်တမျှလှပ,ကောင်းမွန်သော လေးထပ်ရွှေကျောင်းကြီးကို ဗားမဲ့ဆရာတော်ဘုရားအား ဆောက်လုပ် လှူဒါန်းတော်မူ၏၊ နောက်မကြာမီ ကျောင်းအနီးရှိ ဒါယကာ တယောက်မှာ ပစ္စည်းဥစ္စာ လွန်စွာပျက်ပြား၍ မကောင်းသောပယောဂများ ပါဝင်နှောက်ယှက်စိတ်ဂဏှတောက် ကတက်ဖြစ်နေရာ များစွာသော သမားကျော်, သမားကောင်းတို့နှင့် ကုသစောင့်ရှောက်သော်လည်း သက်သာ ချမ်းသာခွင့် မရ၍ ဆရာတော်ဘုရားကြီးထံသို့ ခေါ်ဆောင်လာရာ တဘက်၌ပါသော ဝိဇ္ဇာဓရဗျည်းအင်းကို ပြာပြု၍ သောက်စေသဖြင့် ပကတိ ပျောက်ကင်းကြောင်း, နောက် ၎င်းအင်းကိုပင် ချ၍ မိမိအိမ်၌ ဆွဲကပ်ထားစေရာ အကြံအစည်အောင်မြင်၍ နတ်လူအများ ချစ်ခင်ကြောင်း သိသာထင်ရှားလေ၏။

## ဝိဇ္ဇာဓရ ဗျည်းအင်းပုံ



ဤ ဝိဇ္ဇာဓရ ဗျည်းအင်းကို ကြေးပြားတွင်ချ ပြာပြု၍ ခေါက်ဆောင် ပယောဂမှန်သမျှ ပြေပျောက်၏၊ ငွေအင်းပုံရေး၍ မှန်ဘောင် သွင်းပြီးလျှင် မိမိတို့ဝိမာန်၌ ထားသော် ဘေးရန်ဟူသမျှ ကင်း၏၊ ခေါင်းအုံးအောက်တွင်ထား၍ အိပ်သော် နတ်များကကူညီ၏၊ ကောင်းသောအိပ်မက် ပေးလာ၏၊ မိမိတို့ အမြဲ နေသော နေရာတွင် ဝိတာန်ကြက်၍ ထားသော် ကြီး

သမျှ ပြီးစီး၏၊ အရာရာမှာ ညက်ရှိတိုင်း သုံးပါလေ၊ အကျိုးများလှ၏။

မှတ်ချက်၊ ။ဤဝိဇ္ဇာခရေဗျည်းအင်း မှန်သမျှတို့ကို က-ကြီးကစ၍ ချခြင်း၊ ခ-ခွေးကစ၍ ချခြင်း-စသောအကျိုးများမှာ ၈နံ့ဘက်၌ထင်ရှားလတ္တံ့။

အ-အလယ်ဝင်သော သုံးလူ့ကေသီအင်းပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ဓ | | | | |
| | | | | ခ | | | | |
| | | က | န | ဝ | ဒ | ဂ | | |
| | | သ | ဈ | ဌ | ဗ | လ | | |
| ဟ | ဇ | ပ | ဘ | အ | ည | ထ | ဃ | ရ |
| | | ဠ | ဋ | ဖ | ဍ | ယ | | |
| | | ဆ | စ | မ | တ | င | | |
| | | | | ဓ | | | | |
| | | | | ဏ | | | | |

ဤအင်းပုံအတိုင်း (က)အလယ်ဝင်သော အင်းကို မိုင်းကိုင်စက္ကူတွင်ချ၍ ဂုဏ်တော်တစ်ထောင်စုပ်ပြီးလျှင် သီလဆောက်တည်၍ ည့အိပ်ရာဝင်တွင် သောက်၊ နောက်တည ၎င်းအစီအရင်အတိုင်းပြု၍ (ခ)အလယ်ဝင်သောအင်းကိုသောက်၊ ဤကဲ့သို့ အစဉ်အတိုင်း ၃၃-ရက်၊ ၃၃-အင်း ရက်မပျက်အောင် သောက်သော် အဘိညာဉ်နှင့် တူသော တန်ခိုးရှိ၏ဟု ဆရာအမှာရှိသည်၊ ယုံကြည်လေးမြတ်ကြလေ။

အောင်လျှင်- ထူးခြားသော အဝီတ်,နိမိတ်, အိပ်မက် စသည် မြင်မက်လိမ့်မည်၊ ဆရာတော် ဘုရားကြီး၏တပည့် ကိုယ်ရင်ကြီးတပါးမှာ ဤအင်းဖြင့် ထွက်ရပ်ပေါက် သွားသည်ဟု လူအများ ယခုတိုင် ပြောဆို စမှတ် ပြုကြသည်။

## ရန်မျိုးအောင် ဗျည်းအင်းပုံ

| | | | | | | |
|---|---|---|---|---|---|---|
| | ဠ | ပ | | ဇ | ဏ | |
| န | ဆ | ဎ | | ဟ | ခ | ဗ |
| ဍ | လ | အ | က | ဖ | ဈ | တ |
| စ | ဓ | သ | | ရ | ဘ | ဂ |
| ဝ | ဌ | မ | | ဃ | ထ | ည |
| | င | ဒ | | ဋ | ယ | |

ဤအင်းကို ဗားမဲ့ဆရာတော်သည် တိုက်ရည်,တိုက်မောင်း, ဗဟိုရ်ခေါင်းလောင်း စသည်များတွင် ဟင်္သာပြဒါးနှင့်ရေး၍ ပေးတော်မူသဖြင့် အလုံးစုံ ဘေးဘယ ကင်းစင်၍ အလိုတော်ရှိသမျှ အောင်မြင်တော်မူဖူးသည်။

ယခုအခါ မိမိတို့၏အဆောင်အယောင်များတွင် ဤအင်းကို စီရင်၍ အသုံးပြုသင့်ကြပေသည်။ ထိုဗျည်းအင်းများ၏ အကျိုးသွား အကျယ်ကို နောက်မှာ၍။ အထူးမှာ အဆိုင်အပြိုင်များ၌ သိသာထင်ရှားလှပေသည်။

မဏိစေဒ၁တ အင်းပုံ

| | | | |
|---|---|---|---|
| | သ | သ | |
| နိ | မ | မ | နိ |
| နိ | မ | မ | နိ |
| | သ | သ | |

ဤအင်းကို လက်ဖွဲ့ထိုး၍ ၎င်းလက်ဖွဲ့ကို ဂုဏ်တော် တထောင်စိပ်ပြီးလျှင် ဘုရား ပလ္လင်တော်မှာ ထားသော် တန်ခိုးတော် အလွန်ကြီး၍ ရောင်ခတော် လွှတ်၏၊ ရာဇပလ္လင်မှာ ထားသော် သမီးကညာ ဆက်သလာ၏။ ကုန်တွင် ထားသော်ကုန်စွ ံ၏။

စူဠာမဏိ ဈည်းအင်းပုံ

| | | | | | |
|---|---|---|---|---|---|
| | | ထ | ခ | | |
| | က | ည | မ | ဒ | |
| ဈ | ယ | ဓ | တ | ဂ | ဋ္ဌ |
| န | ဍ္ဎ | အ | | ဘ | ဏ |
| ရ | ဇ | | | ဟ | ဃ |
| ဠ | ပ | စ | ဝ | ဆ | ဗ |
| ဆ | လ | ဉ | ဖ | င | သ |

ဤအင်းပုံကို သပ္ပါယ် တင့်တယ်အောင် စေတီပုံတော်ကဲ့သို့ ညီညွတ်စွာ ရေးသား၍ အထက်အဆိုပါ မင်းတရားကြီးသည် အမြဲ ကိုးကွယ်တော်မူစေသည့်အတွက် နတ်နှင့်တူသော ဘုန်း၊ တန်ခိုးနှင့် ပြည့်စုံတော်မူလေသည်၊ အကြောင်းထူးရှိက အခွင့်အားလျော်စွာ ရေချမ်းတော်, ပန်းတော်, ဆွမ်းတော် စသည်

တင်လှူပြီးလျှင် အလိုရှိရာ ဆုကိုတောင်းစေသည်၊ အလိုတော် ရှိသမျှ တလုံးတဝတည်း ပြည့်စုံတော်မူ၍ ပစ္စုပ္ပန် သံသရာ နှစ်ဖြာ အကျိုး တိုးတက် ကြီးမားသော အစီအရင် ဖြစ်ပါ သည်။

ယခုအခါ မွန်ဘောင်တွင်သွင်း၍ ကိုးကွယ်ဆည်းကပ် ကြရန် အမွန်သင့်လျော်ပါသည်။

အာဝေသာကအင်းပုံ

| | | | | | | |
|---|---|---|---|---|---|---|
| | | တ | က | ဖ | | |
| | | ပ | သ | ဈ | | |
| လ | ဏ | ဇ | ထ | ခ | ဗ | ည |
| ဆ | ဉ | ဝ | အ | ဟ | ဒ | ဂ |
| ဎ | ရ | စ | ဓ | ဃ | ဋ | ဘ |
| | | ဍ | ဌ | မ | | |
| | | ယ | င | ဠ | | |

ဤအင်းကို ရွှေပြား, ငွေပြားတွင်ချ၍ လက်ပွဲထိုးပြီးလျှင် ဆောင်ရသည်။ အကျိုးကား အနန္တဟု ဆရာအမှာရှိချေသည်။ ၎င်းအင်းပုံကို "အသောက=စိုးရိမ်စရာမရှိသော အင်း" ဟု အကျယ် မှာထားတော်မူသည်။ ကြံစည်၍ အသုံးပြုနိုင်လျှင် သိဒ္ဓိလေးပါး ပေါက်သည်ဟု အမှာအထား ရှိပါသည်။ ၎င်း အင်းသည် (က)အလယ်ဝင်သောအင်း စသည်ဖြင့် ၃၃-မျိုး

ရှိပါသည်၊ သို့ဖြစ်၍ ယခု အင်းပုံမှာ (အ) အလယ်ဝင်သော အင်းဖြစ်သည်။

မှတ်ချက်၊ "တနေ့သ၌ မင်းချင်း တယောက်မှာ ကြီးစွာသော ရာဇဝတ် ဖြစ်ဒဏ်ထိုက်သင့်၍ မင်းတရားကြီးရှေ့နား တော်ကြားလေလျှင် 'ဖျက်စေဟုအမိန့်တော်ရှိရာ၌ "အဓသာက" လက်ဖွဲ့ကို မိမိကိုယ်၌ ဆောင်လျက် ပါရှိသဖြင့် မြို့ဝန်, မြို့ကျွပ်ကိုင်၏ အနှောင်အဖွဲ့မှ လွှတ်ပြီးလျှင် တောကျေးလက်များတွင် ၃–ထခန့် ခန့်ရာမှ ဘဝရှင်မင်းတရားကြီး အမျက်တော် ပြေသဖြင့် ပြန်ခေါ်တော်မူပြီးလျှင် ရှိရင်းရာထူးကိုပြန်၍ ပေးဖူးကြောင်း။

အဋ္ဌမ သုခ ပျဉ်းအင်းပုံ

| | | |
|---|---|---|
| ဓ | ပ | ဘ |
| ဗ | က | ဋ |

| | | | | | | |
|---|---|---|---|---|---|---|
| သ | ထ | ည | ဝ် | ဃ | မ | ဌ |
| ဈ | ဖ | ဟ | ခ | အ | န | င |
| တ | ဝ | ဇ | ပ | စ | ဉ | ယ |

| | | |
|---|---|---|
| ဏ | ဠ | ရ |
| လ | ဆ | ဎ |

ဤအင်းမှာ အဆုံး၌ မြင်းသေမြင်းကိုက်သွားရသောအင်း ဖြစ်သည်၊ ရှင် ပါးသော ရောဂါ ဖြစ်သော်လည်းကောင်း။

တရားတဘောင် ဖွေ့ရသော်လည်းကောင်း၊ မင်းပြစ်မင်းဒဏ် သင့်သော်လည်းကောင်း၊ လူကြီးသူကြီး ငြိုငြင်သော်လည်း ကောင်း၊ အကြံအစည်အထ, မမြောက်သော်လည်းကောင်း၊ ဤ အင်းကို လက်စက်မီးခွက်တွင်ချ၍ ထိုသူ၏ မွန်မြတ်သောအဝတ် စကို ကျီးခြေကျစ်ပြီးလျှင် မီးစာလုပ်၍ မဆစ်ဆီနှင့်ထွန်း၊ အလို ရှိရာဆုကို တောင်းပါလေ။ ဆုတောင်းသောအခါ ထိုသူ၏နေ့ နံ, ထိုသူ၏အမည်, လိုသောဆု စသည်တို့ကိုထုတ်ဖော်၍တောင်း လေ၊ ဆရာတော်ဘုရားသည် ဤအင်းဖြင့် အထောင်မကသော ရဟန်းရှင်လူတို့အား သနားချီးမြှင့်တော် မူဖူး လှလေပြီ၊ အလို ဆန္ဒ ပြည့်ဝသည်ချည်းပင်တည်း။

## ဗျည်းအင်းများ၏ ဂုဏ်ထူး

အဆိုပါ ဗျည်းအင်းများတွင် က–ကြီးကစ၍ ချထောအင်း က–ကြီးအလယ်ဝင်သော အင်းများသည် တန်ခိုးတူမျှကြ၏။ ခ–ဂ–စသည်တို့ကိုလည်း ဤနည်းအတိုင်းပင်မှတ်။

'က'အင်းကိုအသုံးပြုလျှင် မြေကြီး အထုနှင့်တူသောဘုန်း တန်ခိုးပညာ, ဥစ္စာစည်းစိမ်တို့နှင့် ပြည့်စုံသည်။

'ခ'အင်းမှာခုနစ်ရက်သား,သမီးတို့၏ ကြည်ညိုလေးမြတ် ခြင်းကို ခံရ၏။

'ဂ'အင်းမှာ နတ်သိကြားတို့နှင့် တွေ့နိုင်လေ၏။

မှတ်ချက်။ ။ငင်းအင်းကို ငါးဆူဓါယကာ, မင်းတရားကြီးအား ဗားမဲ့ ဆရာတော် ကိုယ်တိုင် စီရင်၍ ပေးဖူးလေ၏၊ ထိုအင်း၏ အစွမ်းသတ္တိကြောင့် သိကြားကိုယ်တိုင် လာဖူးသောဟူ၏။

'ဃ' အင်းတော်မှာ မိုးကြိုးလောင်မီးကွင်း၏၊ အင်းဝမြို့နန်းတော် ၄က်မြတ်နား၌ စီရင်၍ထား၏။

'င' အင်းမှာ ဆင်၊မြင်း၊ကျွဲ၊နွား ပေါ်များ၏။

'စ' အင်းမှာစစ်မက်အဂ်ါမရှိ (အမရပူရမြို့တော်ဗဟိုရ်စည်ကြီးတွင် စီရင်၍ထားသည်။)

'ဆ' အင်းမှာ အဆိပ်ဟူသမျှနိုင်၏။

'ဇ' မှာအကြံဟူသမျှအောင်မြင်၏။

'ဈ' မှာရန်အပေါင်းကိုနိုင်၏။

'ည' မှာမြွေနဂါးများကိုနိုင်၏။

'ဋ' မှာနတ်မိစ္ဆာတို့ကိုနိုင်၏။

'ဌ' မှာတစ္ဆေစသည်ကြောက်၏။

'ဍ' မှာရန်သူပြေးစေ၏။

'ဎ' မှာရေပေါစေတတ်၏။

'ဏ' မှာမကောင်းကြံသောနည်းဖြစ်၍မပေါ်ပြီ။

'တ' မှာအပြိုင်အဆိုင်အတိုက်အခိုက်နိုင်၏။

'ထ' မှာရန်ပြေပျောက်၏။

'ဒ' မှာမိုးကိုထိတ်စေ၏။

'ဓ' မှာကာယသိဒ္ဓိပြီး၏။

'န' မှာမှောင်ကျ၏၊ မိုးအုံ့စေတတ်၏၊ ရွာလည်းရွာစေတတ်၏။

'ပ' မှာလေကြီးမိုးကြီးရွာစေတတ်၏။
'ဖ' မှာရေကြီးစေတတ်၏။
'ဗ' မှာကမ်းပြိုစေတတ်၏။
'ဘ' မှာရေကိုမီးလောင်စေတတ်၏။
'မ' မှာကျောက်တိုင်ကျောက်ခဲကို ကွဲစေတတ်၏။
'ယ' မှာရေထွက်စေတတ်၏။
'ရ' မှာရေဝေးစေတတ်၏၊ရေကျစေတတ်၏ တည်းဟူ၏၊
'လ' မှာအမှောင်ကိုလင်းစေတတ်၏။
'ဝ' မှာယားယံစေတတ်၏။
'သ' မှာအယားပျောက်စေတတ်၏။
'ဟ' မှာအကြီးအကဲဖြစ်စေတတ်၏။
'ဠ' မှာတိုင်း ခရိုင် နိုင်ငံ မြို့ပြ ပြည်ရွာ ကျယ်ဝန်းစေတတ်၏။
'အ' မှာဆေးဝါးမန္တရားအပေါင်းကျေပျက် စေတတ်၏၊ သူပြုလုပြုမှုစ၍နိုင်နင်းစေ၏။

ဤသို့ဗျည်းအင်းတမျိုးလျှင် နည်းပေါင်း ၃၂၊ ၅၃ စသည် ပွားများခွဲထွင်နိုင်သောကြောင့်ဗျည်းအင်းအမျိုးပေါင်း၃၀၀ ကျော်၄၀၀ ခန့်ပါဝင်၏။

ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရေးသားတော်မူခဲ့သည်၊ ညက်ဝင်၍ အသုံးပြုကြပါကုန်၊ အက္ခရာ

ထခုတခုမှာ အနက်အဓိပ္ပာယ် တမျိုးစီဖြစ်၍ အကျိုး မတူချေ၊ အရာဌာနသို့လိုက်၍ အကြောင်းအားလျော်စွာအသုံးပြုရသည်၊ များစွာကျယ်ဝန်း၏။ သတိကို ရှေ့ထား၍ များများကြီး ကြံကြလေ။

ဂုဏ္ဍာသယ ပုဏ္ဏကအင်းမုံ

| | | |
|---|---|---|
| ပု | ဟုံ | ရာ |
| က္ခ | နံ | ဏ္ဏ |
| ကော | ဇာ | ယ |


အင်းဆံ ဂါထာကား 'ပုဏ္ဏကောဟံ ယက္ခရာဇာ' အလယ်မှာ လိုသူ၏ နံကိုသွင်း။ အဟံ-ငါသည်၊ ပုဏ္ဏကော - ပုဏ္ဏက မည်သော၊ ယက္ခရာဇာ- ဘီလူးမင်းတည်း။

ဤအင်းကို ရွှေပြားတွင်ဖြစ်စေ, ငွေပြားတွင်ဖြစ်စေ နက္ခတ်ခါးပတ်ရွေးချယ်၍ စီရင်ပြီးသော် တောင်ထိပ်သို့တက်၍ အင်းဆံဂါထာနှင့်တထောင်စုပ်၍ ဆောင်၊ ရန်ဟူသမျှပြေပျောက်၏၊ အဟုန့်အတား ကောင်းလှ၏၊ အပြိုင်အဆိုင် အနိုင်အရှုံး ဟူသမျှ၌ ရေကောင်းရေထန့်တွင် စိမ်ပြီးလျှင် အထက် အင်းဆံဂါထာနှင့် ခုနစ်အုပ်စုပ်၊ ၎င်းရေကို မျက်နှာသိမ်း၍ သောက်ပြီးလျှင် စိတ်ကိုတင်းတင်းထားရမည်၊ အလုံးစုံပြီးစီး၏။ ပိယကိုလိုသော် နံ့သာရေနှင့် ၎င်းနည်းအတိုင်း စီရင်ကြလေ။

စီးပွားနှင့် စပ်လျဉ်းသော အပြိုင်အဆိုင် အနိုင်အရှုံးများမှာ တရုတ်စကား အသားတွင် အကြောပြတ်အောင် အင်းချ

ပြီးမှ ဟသ်ပြခါ၊နှင့် ထပ်၍ ရေးပြီးလျှင် အထက်ပါအတိုင်း စီရင်၍ ဆောင်ပါလေ၊ မိမိလိုရာကိုပြော၊၍ ပြောသမျှဖြစ်၏၊ ယုံမှားမရှိလင့်။

## ဣစ္ဆာသယမီးထွန်းအင်းပုံ



ဤအင်းကို လက်စက် မီးခွက်တွင်ချ၍ မဆစ်ဆီနှင့် ချည်မျှင်ကို သက်စေ ထည့်ပြီးလျှင် ဘုရားကိုပူဇော်လေ၊ ဘေးရန်ကင်း၏၊ အကြံအစည် ထ,မြောက် အောင်မြင်၏၊ တရားတဘောင်တွေ့သော် နိုင်၏၊ စီးပွားရေး တိုးတက်၏၊ အသက်ရှည်၏၊ လိုသောဆုကို ပေါ်ထုတ်၍ တောင်းလေ။

## ဘုရားငါးဆူအင်း

ဥုံ-တိဓလာမာလောဇာ၊ ဥုံ-ဇာဓလာမာလောတိ။

| | | |
|---|---|---|
| | သံ | |
| မ | ယျ | ဂို |
| | ပ | |

ဂစ္ဆအမုမှိ ဩကာသေတိဋ္ဌာဟိ
မဟာဇိနံ သော ဉတ္တိ

| | | |
|---|---|---|
| | သံ | |
| မ | ယျ | ဂို |
| | ပ | |

ဥုံ-တိဓလာမာလောဇာ၊ ဥုံ-ဇာဓလာမာလောတိ။

ဤအထက်ပါပုံစံအင်းအတိုင်းရွှေပြား၊ ငွေပြားတွင် လက်၍ ထိုးပြီးလျှင် ဂုဏ်တော် ၉ ပါး တထောင်စုပ်၍ ဆောင်၊ အများ ဝိုင်းဝန်း၍ ဖမ်းဆီးသော်လည်းမမိနိုင်၊ မိမိကိုယ်ကို သူတပါး က ရိုက်နှက်သော်လည်း မထိ မခိုက်နိုင်၊ လက်နက် ဟူသမျှ လွဲ၏၊ ဤလက်ဖွဲ့သည် ရှေးမင်းများ အဆက်ဆက်မှ စ၍ ဆင်းသက် အသုံးပြုတော်မူခဲ့ကြရာ ရွှေဘိုဘုရင်လက်ထက်တော် မှပျောက်ဆုံးကြောင်းနှင့် သက်ကြီးစကား ကြားရ ဖူးလေ သည်။

## သရဏဂုံ အဝင် သုံးအင်း

| | | |
|---|---|---|
| စ္ဆာ | ယ | ဗု |
| ဒ္ဓံ | ပု | ဂ |
| ဏံ | မိ | သ |

| | | |
|---|---|---|
| ဂ | သ | မိ |
| ဓ | ဒီ | ဏံ |
| ရ | စ္ဆာ | မ္မံ |

| | | |
|---|---|---|
| ဏံ | ဃံ | စ္ဆာ |
| မိ | အာ | ရ |
| သ | ဂ | သံ |

## သရဏဂုံ အထွက်သုံးအင်း

| | | |
|---|---|---|
| ဏံ | မိ | သ |
| ဒုံ | ပု | ဂ |
| ဠွာ | ရ | မုံ |

| | | |
|---|---|---|
| ဂ | သ | မိ |
| မ | ဒိ | ဏံ |
| ရ | ဠွာ | မုံ |

| | | |
|---|---|---|
| သ | မိ | ဏံ |
| ဂ | အာ | ဿံ |
| သံ | ရ | ဠွာ |

ဤအထက်ပါ သရဏဂုံ အဝင်အထွက် အင်းများကို ရွှေပြား၌တွင်ဖြစ်စေ, ငွေပြားတွင်ဖြစ်စေ ၂-ခုချ၊ မျက်နှာချင်းဆိုင်၍ လိပ်ပြီးလျှင် သရဏဂုံ သုံးပါး တထောင်စီ ဘုရားရှေ့တော်မှာ စုပ်၍ ရိုသေစွာဆောင်ရမည်၊ အန္တရာယ် အမျိုးမျိုးကင်း၏၊ ဘေးအပေါင်းလွတ်ကင်း၏၊ လူ့နတ်တို့ ကြည်ညိုမြတ်နိုး၏၊ မျက်နှာ အလွန်ပွင့်လန်း၏၊ ရေတွင် သွားသော်လည်းရေမနစ်နိုင်၊ မင်းတရားကြီး လက်ထက်တော်က ထင်ပေါ် ကျော်စောသော မြို့ပြင်ကြီး ဆရာသည် ဤလက်ဖွဲ့ကိုဆောင်၍ မြစ်ငယ်တဘက်သို့ လှေငယ်ဖြင့် ကူးသွားကြရာ မြစ်လယ်တွင် လှေနစ်သဖြင့် ၎င်းဆရာကြီးမှာ မကူးပဲလျက် ရေပေါ်တွင် တဝက်ခန့် ပေါ်နေရာမှ ဤလက်ဖွဲ့၏ တန်ခိုးကိုသိ၍ အမျိုးမျိုး စမ်းသပ်ကြည့်ရာ သိသိသာသာကြီး ထင်ရှားပေ၏။

ထို့နောက် တိုင်တားမင်းကြီးကြား၍လူလွှတ်ခေါ်ပြီးလျှင် ၂-ကြိမ် ၃-ကြိမ်တောင်း၍ ဆက်သ လိုက်ရ၏၊ ငွေ ၃၀၀ ကျပ်နှင့် မြင်းတစီးပူဇော်သောဟူ၏။

အကျိုးရအကွက်ရာအင်းပုံ(ရထားသွား)

| | | | |
|---|---|---|---|
| ဥုံ | ဧ | တံ | သ |
| ရ | ဝံ | သွား | ဟ |
| ဥုံ | ဧ | ကု | သ |
| ရ | ဝံ | သွား | ဟ |

ဤအင်းကို ကျောက်ပြားတွင်ဖြစ်စေ, စက္ကူတွင် ဖြစ်စေ ပျက်လွယ်စေအောင်ရေး၍ ရေစိမ်၍ထား၊ အင်းပျက်လျှင် ၎င်းရေနှင့်ကုနီဟူသမျှကိုပက်၊ သိသိသာသာကြီးကုန်စွ ်၏။

အကွက်ရာသချ်ာအင်းပုံ(လက်ျာရစ်သွားနည်း)

| | | | | |
|---|---|---|---|---|
| သ | ဇွေ | ယ | ကွေ | ပ |
| ယော | ၂ | ၉ | ၄ | လာ |
| သ | ၇ | ၅ | ၃ | ယ |
| တော | ၆ | ၁ | ၈ | တိ |
| ကု | ကွေ | ယ | ထွိ | [illegible] |


ငွင်းအင်းဆံကား—

"ယဇ္ဇေ ယကျေ ဟ ဘာယတိ၊ နတ္တိ ယကျေ ကုစတာဘ ယော" ဟောကျာရဝ်ချ၊ ရွှေ့ငွေတွင် လက်ဖွဲ့ထိုး၍ဆောင်၊ စုန်း တစ္ဆေ ပြဲဘုတ် ..၅ ပယောဂမှန်သမျှ မချဉ်းမကပ်ဝံ့ပြီ၊ ဆုပ်ပြုလုပ်မှုစ၍ ဘေးရန်အပေါင်း ကာကွယ်၏၊ ငွင်းလက်ဖွဲ့ ၄ ည် မျောက်ဆုံးထတ်ပါသည်၊ အထူးသတိထား၍ ဆောင် ပါ။

ဥတ္တမဆံချာအင်းပုံ

| | | | |
|---|---|---|---|
| | ၃ | ၄ | |
| ၈ | ၅ | ၅ | ၇ |
| ၉ | ၅ | ၅ | ၆ |
| | ၂ | ၁ | |

ဤအင်းဆံကား- "၃-ဣတိ သိဟော။ ၇-သတ္တနာဂေ ါ၊ ၅ ပဉ္စပိဿနု၊ ၄-စတု ဓေဝ ါ၊ ၆-ဝဿဝေရာ ရာဇာ၊ ၅-ပဉ္စ ဣန္ဒာ၊ ၁-ကေရုကွော၊ ၉-နဝဣဿရိယ ၅-ပဉ္စဗြဟ္မာ၊ ၂-ဒွေရာဇာ၊ ၈-အဋ္ဌ အရဟန္တာ၊ ၅ ပဉ္စဗုဒ္ဓါမဟာမုနိ" ဟု ဆို၍ အခေါ်ရွေးပြီးလျှင် ရွှေငွေတွင်ချ၍လက်ဖွဲ့ထိုးပြီးလျှင် "ဒသံစိဓာပုကာမယာ၊ မယာကာ ပုဓာပိသံဒ" ငွင်းဂါထာနှင့် ဆိတ်ငြိမ်ရာတွင် တထောင်စုပ်၊ မကြိုးတပ်၍ဆောင်၊ အကြောင်းထူးရှိသော် ဘုရားရှေ့တော် မှာ သရဏဂုံ သီလ ဆောက်တည်ပြီးလျှင် လိုရာဆုကို တောင်း ၍ဆောင်မလာ၊ ရှိဆယ်ပါးနှင့် ပီယမှာ အထူးချီးမွမ်း ထိုက် သည်။



မဟာဝဇိရတုလ အစီဇွန်ယျသရဖက် အင်းပုံ

မဟာအတုလအစိန္တေယျသရဏဂုံအင်း

တဘက်တွင်ပါသော မဟာအတုလအစိန္တေယျသရဏဂုံအင်း တော်ကြီးကို စက္ကူဖြူတွင် အင်္ဂါစုံလင်၍ ကောင်းမွန်စွာ ၇ ခု ချပြီးလျှင် စစ်ပြီးသော ပျားဖယောင်းနှင့် ဖယောင်းသုံးတိုင် လုပ်ရမည်၊ တတိုင်လျှင် ဖယောင်းအချိန် ၂၂-ကျပ် ၂-မတ်ရှိရမည်၊ မီးစာမှာ လိုသူ၏ မှန်မြတ်သောအဝတ်စကို ရေစင်စွာ ဆေးကြော ဖွပ်လျှော်၍ ပေါင်းကျစ်ပြီးလျှင် မီးစာလုပ်၊ ပြဿဒါးမကြုံသော ကြာသပတေးနေ့ ကောင်းသောအချိန်တွင် စီမံလျှင် သာ၍ကောင်းသည်။ အောက်အင်း ၃-အင်းမှာ ကွက်လပ်သုံးခု ရှိသည့်နေရာတွင် အလယ်က ကိုယ့်နံကိုသွတ်၍ အောက် ၂-ဘက်က လိုသူ၏ နံကို သွတ်ပါ၊ နေ့နံကိုမသိလျှင် သူ၏ အမည်ကိုထည့်၊ အပေါ်အင်းမှာ ကွက်လပ် ၂-ခုတွင် ကိုယ့်နံကို အပေါ်က, သူ၏နံကို အောက်ကထည့်ပြီးလျှင် သရဏဂုံသုံးပါး ၁၀၈-ပုဒ်စီ ရုပ်၍—

၁။ ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

၂။ ဧဝံ အစိန္တိယာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

၃။ ဧဝံ အစိန္တိယာ သံဃာ၊ သံဃဂုဏာ အန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ငှင်းသုံးပုဒ် ၃၇-ခေါက်စီ ရွတ်ပြီးလျှင်—

ဥုံ တုရွှေဟိ၊ မမ တုရွှေဟိ၊ ပိယေဟိ၊ မမ ပိယေဟိ၊
သိန္နေဟံ မမ သိန္နေဟံ၊ ဥရုသိန္နေဟံ၊ ဥုံ ရာဇစိတ္တံ၊
သဗ္ဗပုရိသ ဒေဝစိတ္တံ မှိုင်းမှိုင်း။

ဤဂါထာနှင့် ၁၀၈-ခေါက်ရွတ်ပြီးလျှင် ပထမ တတိုင်ကို သီလခံယူ၍ အလိုရှိသော ဆုကိုတောင်းပြီးလျှင် ဘုရား၏ရှေ့တော်မှာ ထွန်း၊၊ မိမိစိတ်ကို အလိုအတိုင်း ပြည့်စုံလိမ့်မည်ဟု ထည်ကြည်ငြိမ်သက်စွာ ထားရမည်။ ဒုတိယမီးတိုင်ကို ဆံပင်ကြီးမှာ "ရက္ခစိုးနတ်ကို ပူဇော်ပသပါသည်"ဟု အထက်က အတိုင်းဆုတောင်း၍ ထွန်း။ တတိယတိုင်မှာ အိမ်တွင်း မင်းမဟာဂီရိကိုရည်စူး၍ ဦးရှတိုင်အိမ်ဦးခန်းတွင် ၎င်းအတိုင်း ဆုတောင်း၍ထွန်းလေ။ (ပီယတွင်အကျော် ပွဲ တွေ့ဖြစ်၏။)

ဤအစီအရင်ကို ပြုသော် လူကြီးသူကြီးများ အထူးချစ်ခင်၏၊ တွေ့လိုသော် ပရဒါရကံ ကင်းစေ၊ သစ္စာရှိစေ၊ သစ္စာမရှိလျှင် တေးဖြစ်တတ်၏။ သတိပြုကြပါ။

အဝေးသို့ သွားသောသူ, ပျောက်သော သူ, ကိုယ့်ထံသို့ ရောက်စေလိုသော သူများကိုလည်း ၎င်း ဇစီအရင်အတိုင်း အသုံးပြုကြပါ၊ နီးသောခရီးဖြစ်လျှင် မီးတိုင်တဝက် မကျခင် ရောက်၏။ ခရီးဝေး၍ မလာနိုင်သောသူများ ရုတ်တရက် မရောက်လျှင် ထပ်၍ မထွန်းပါနှင့်၊ ဧကန်ရောက်တတ်သည်။ ၎င်းကွက်လပ် ၂-ခုတွင် လိုရာကိုထည့်ပြီးလျှင် အရာရာအသုံးပ-၁၀။

ပြုနိုင်ပါသည်။ ကြံစည်၍သုံးကြလေ ရောဂါဝေဒနာ အမျိုးမျိုးများနှင့် ရှုးသွပ်သူများကိုလည်း ပျောက်ကင်း ချမ်းသာစေနိုင်သည်။

၁။ ဗုဒ္ဓသံ မင်္ဂလံ လောကေ, ဗုဒ္ဓနာသ ခရံ ဝရံ၊
ဗုဒ္ဓသံ သရဏံ ဂစ္ဆ, သုခကာမော ပိ စေတုဝံ။
၂။ ဓမ္မသံ မင်္ဂလံ လောကေ, ဗုဒ္ဓနာသ ခရံ ဝရံ၊
ဓမ္မသံ သရဏံ ဂစ္ဆ, သုခကာမော ပိ စေ တုဝံ။
၃။ သံဃသံ မင်္ဂလံ လောကေ, ဗုဒ္ဓနာသ ခရံ ဝရံ၊
သံဃသံ သရဏံ ဂစ္ဆ, သုခကာမော ပိစေ တုဝံ၊

ရင်း ၃-အင်းကို ပြာပြု၍တိုက်၊ ဆေးနှင့်ရော၍ပေး၊ ၉၆-ပါးသော ရောဂါ ပျောက်၏၊ ရင်း ၃-ဂါထာနှင့် ဆေးအစာများကိုမန်း၍ပေးလေ၊ သိသိသာသာကြီး တန်ခိုးထက်မြက်၏၊ ဆေးဆရာများနှင့်လည်း အထူးသင့်လျော်၏။

---

၁ ယထာဝိ ဥဏှေ ဝိဇ္ဇန္တေ၊ ပရံ ဝိဇ္ဇတိ သီတလံ၊
တေ တိဝိမဝိဇ္ဇန္တေ၊ နိဗ္ဗာနံ ဣစ္ဆိတဗ္ဗကံ။

အထက် ဂါထာနှင့် စီးပွား ဆုတ်ယုတ်သောအခါ, အကြံပျက်သောအခါ, စိတ်နှလုံး မချမ်းသာသောအခါ၊ ဖယောင်းပြားတွင် အင်းချ၍ မိမိ၏သက်စေ့ ချည်မျှင်ကို မီးစာလုပ်ပြီးလျှင် ဖယောင်းတိုင်လုပ်၍ မီးပူဇော်ပြီး လိုသောဆုကိုတောင်းလေ၊ ကောင်းလှ၏။

## ချုရန်အင်းပုံ

| | | | | | |
|---|---|---|---|---|---|
| | ၂၅ | ၂ | ၁၅ | ၂၂ | |
| ၁ | ၆ | ၂၃ | ၂၆ | ၃ | ၁၆ |
| ၂၄ | ၂၇ | ၁၀ | ၅ | ၁၄ | ၂၁ |
| ၇ | ၃၂ | ၂၉ | ၂၀ | ၁၇ | ၄ |
| ၂၀ | ၁၁ | ၁၈ | ၉ | ၃၀ | ၁၃ |
| | ၈ | ၃၁ | ၁၂ | ၁၉ | |

မှတ်ချက်။ ။နောက်၌ ဖော်ပြလတ္တံ့ဖြစ်သော အင်းဆံ ဂါထာများမှာ ဤအင်းပုံအတိုင်းချ၍ အသုံးပြုရန်ဖြစ်သည်၊ နောက်၌ အင်းပုံကိုမပြပဲ အင်းဆံနှင့် စီရင်ပုံအကျိုးသွားများကိုသာ ပြပါလိမ့်မည်။

## အတုလသရဏဂုံအင်း

၁ စိန္တာမဏိ ရတနာခိ, ဗုဒ္ဓံ ဗုဒ္ဓရတနံ၊
ကရံ ကရတိ သရဏံ, ဒိပ္ပမေဝ သမိဇ္ဈတု။
၂ စိန္တာမဏိ ရတနာခိ၊ ဓမ္မံ ဓမ္မ ရတနာခံ၊
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
၃ စိန္တာမဏိ ရတနာခိ, သံဃံ သံဃ ရတနာခံ၊
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

ဤင်း အင်းဆံဂါထာကို ပုံတွင်ပြထားသော အင်းပုံအတိုင်း မီးခွက်တွင် မြင်းခေါ်သ မြင်းကိုက် ချပြီးလျှင် အလိုရှိရာ ဆုကို

တောင်း၍ဆီမီးပူဇော်လေ။ ၃-အင်း မီးခွက်ထွန်း၊ အလွန် ထင်ရှား၏။ (ပွဲတွေ့ဖြစ်သည်။)

---

## သမ္ဗာဒေဝ ယတြာအင်း

မာနုဿိယာ ပဇာယ၊
ဒိဝါစ ရတ္တောစ ဟရန္တိ ယေ ဗလိံ။
တသ္မာဟိ နေ ရက္ခထ၊ အပ္ပမတ္တာ-တိ။

၃၁လုံးရှိသည်၊ လပ်သော အကွက်တွင် နံ့သွတ်၍ လက်စက်မီးခွက်တွင် ချပြီးလျှင် သမ္ဗာဒေဝနတ်မြတ်, နတ်ကောင်းများအားရည်စူး၍ ပူဇော်လေ၊ သက်သတ်မပါသော ဘောဇဉ်, ခဲဖွယ်, သစ်သီး ချိုချဉ်တို့ကို ထည့်၍ ပသ, ပြီးလျှင်လိုသောဆုကိုလည်း တောင်း၊ အကြောင်းထူးရှိမှ ပြုလုပ်လေ၊ (ယတြာပြုအင်း။)

---

ယေဒေဝတာစ ဗြာဟ္မဏာ၊ ယက္ခာ နာဂါစ ဂရုဠာ၊
တေပိ ဝိသ္သာ ပိယံ မယှံ၊ ပုတ္တော မမေဝ သံယုတ္တံ။

၎င်းဂါထာကို လက်စက်မီးခွက်တွင် အင်းချ၍ ဆုတောင်းပြီးလျှင် ရုက္ခစိုးနတ်အား မီးပူဇော်လေ၊ မတရားသည်ကို မပြုရ။ ရှူးကာဝ်သည်။ (ပီယ)

တေသံ မေတ္တာ နုဘာဝေန။
သဗ္ဗ ရောဂါ သုခီ ဟောန္တု၊
သဗ္ဗေ ဘယာ ဝိနဿန္တု။
သဗ္ဗ နိဿန္တုပ္ပဒ္ဒဝါ။

ဗားမဲ့ဆရာတော် ကုစားသော ဂါထာတော်ကြီး ဖြစ်သည်၊ မကျန်းမမာဖြစ်လျှင် ၎င်းဂါထာကိုအင်းချ၍ ဆီမီး ပူဇော်ခြင်း၊ ၎င်းဂါထာနှင့်ပင် ရေကိုမန်း၍ တိုက်ခြင်းဖြင့် ဖြစ်-ပါးသော ရောဂါတို့ကို ကုစားတော်မူရာ များစွာ ပျောက်ကင်းချမ်းသာကြောင်းကို စာဟောင်းတွင်တွေ့ရပေသည်၊ ယုံယုံကြည်ကြည် အားထားကြလေ။

---

စီးပွားတိုးတက် အသက်ရှည်လျား စည်းစိမ်များသော
သီရိ ဝဇုန အင်းဆံ ဂါထာကား

သုခံ ဘဂျံ ဗလံ ဇေယျံ။
ယသံ တေဇော လာဘံ အာယု၊
အဋ္ဌဝရာ နိမာနေဝ။
ဝဇုန္တု ဇိနတေဇသာ။
မီးခွက်တွင် အင်းချ၍ နေ့စဉ် ဆီမီးထွန်းလေ။

---

ခေါင်းဆေးမင်္ဂလာပြုလုပ်ရန် မဟာသုခအင်းဆံဂါထာ
ယဿ ဘောဂါစ ပုညာစ၊ ယဿန္တိ သဗ္ဗဗုဒ္ဓါနံ၊
ယဇိတွာ ဓမ္မံ သံဃဉ္စ၊ ယဿန္တိ အမတံ ပဒံ။

ဤအင်းကို သန့်ရှင်းသော စက္ကူတွင်ရေး၍ ပြာချပြီးလျှင် ဦးခေါင်းဆေးသောအခါမှာ ထည့်၊ သို့မဟုတ် ဦးထိပ်မှာသွန်း လောင်းလေ၊ စည်းစိမ်ဥစ္စာ ဟူသမျှ တည်တံ့ တိုးပွား၏၊ ကြက်သရေမင်္ဂလာနှင့် ပြည့်စုံ၏၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ရွှင်လန်းစေ၏။

မင်းတရားကြီးသည် ခုနစ်ရက်တကြိမ် စီရင်တော်မူစေ၏။

---

## ရတနာတံတိုင်း အင်းဆံဂါထာ

သာသနဿ စ လောကဿ, ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ၊
သာသနမ္ပိ စ လောကဉ္စ, ဒေဝေါ ရက္ခန္တု သဗ္ဗဒါ။

ဤ အင်းကို တစုံဘရာတွင် ရေးသား၍ အိမ်ထောင့်၊ ကျောင်းထောင့်စသည်တို့တွင် ဆွဲကပ်၍ထားလျှင် ရန်သူဟူသမျှ လို့ခြုံလှ၏။

---

## အာယုဒီဃ အင်းဆံဂါထာ

ပဒ မစ္စုတ မစ္စန္တံ, အသင်္ခတ မနုတ္တရံ။
နိဗ္ဗာနမိတိ ဘာသန္တိ, ဝါနမုတ္တာ မဟေသယော။

ဤအင်းကို သိမ်ဝင် သပိတ်ကွဲမှချ၍ အိုးသစ်တွင် ရေထည့်ပြီးလျှင် ၎င်းအင်းကို ရေစိမ်၍ သောက်သော် ၉၆-ပါး သော ရောဂါ ပျောက်ကင်း၏၊ အသက်ရှည်၏၊ ရေမသောက် နိုင်လျှင် မီးခွက်တွင်ချ၍ပူဇော်၊ စက္ကူတွင်ချ၍ယပ်လုပ်ပြီးလျှင် လှူလေ။

## လူနတ်များ ချစ်ခင်သော သဗ္ဗပိယသိမ်ဝင် အင်းတော်

၁။ ဣတိပိသော ဝိသေသောဣ၊ ဣသေသော ပဥ္စနာမိဣ၊
ဣမိနာ ဘုမ္မိ တံသောဣ၊ ဣသောတံ ဗုဒ္ဓံ ပိတိဣ။
၂။ သိဒ္ဓိတေဇာ သိဒ္ဓိဝရာ၊ သိဒ္ဓိဇေယာ သိဒ္ဓိကမ္မံ၊
သဗ္ဗာပူဇာ လာဘာဝရာ၊ သဗ္ဗေ ပိယံ ဘဝတု မံ။

ဤ အင်းဆံဂါထာ ၂-ပုဒ်ကို ရွှေပြား, ငွေပြား ရရာတွင် တခုစီအထက်ပါ အင်းပုံအတိုင်းချ၊ မျက်နှာချင်း ဆိုင်ပြီးလျှင် လက်ဖွဲ့ စီရင်ပြီးသော် ဥပသမ္ပဒကံ ဆောင်ရာတွင် သိမ်မှာ သုံးခါသွင်း၍ဆောင်ရမည်။ ဆောင်သောအခါ နံ့သာရေစိမ်၍ မြင့်မြတ်သော နေရာတွင် ရှိသေစွာ ဆောင်လေ။ ၎င်း နံ့သာ ရေကို လိမ်းသုတ်၍သွားလျှင် ကြံစည်သမျှ အောင်မြင်ပြီးစီး နိုင်၏။

မှတ်ချက်။ ။၁၂၄၀-ပြည့်နှစ် ဦး၌ သီပေါမင်းသားအား ဆရာ တော်ကြီးတပါးက စီရင်၍ပေးတော်မူရာအလိုတော် ပြီးမြောက်၍ ၅-နှစ်ခန့်ရှိသောအခါ ရွှေနန်းတော် တွင် လက်ဖွဲ့ပျောက်ဆုံးကြောင်းကို မှတ်သားမိသူ တို့က ပြောဆိုကြ၏။

---

## ရန်လွတ်အင်းတော်

အဟိ စေဝရာ ဗျဂ္ဃ သီဟာ၊ ကရိ ရာဇာ ဝါရိ တေဇာ၊
ဝရံ အဋ္ဌဘယေ အာသော၊ ရက္ခနော မာရဇိ ဝိနေ။

ဤအင်းကို ရွှေပြား ငွေပြားတွင် လက်ဖွဲ့ထိုး၍ ဆောင်၊ ဘေးအန္တရာယ် ကင်းလွတ်၏၊ ပိုးမွှား တိရစ္ဆာန် ထုံပြေသော

နေရာများမှာ ငှင်းဂါထာနှင့် ရေကို ၃၇-ကြိမ်မန်း၍ ပက်၊ တခြားတပါးသို့ ထွက်သွားလိမ့်မည်။ မြွေ, ကင်း စသည်တို့ ကိုက်လျှင် ငှင်းရေမန်းကို တိုက်လေ။

---

## သိရိမင်္ဂလာ အင်းဆံဂါထာ

သုနက္ခတ္တံ သုမင်္ဂလံ၊ သု ပဘာတံ သုဟုဋ္ဌိတံ၊
သု ခဏော သုမုဟုတ္တောစ၊ သု ယိဋ္ဌံ ဗြဟ္မစာရိသု။

ဤဂါထာကို အထက်ပါ ပုံစံအတိုင်း အင်းပြု၍ သုံးပါ၊ ကြက်သရေမင်္ဂလာ တိုးတက်၏။ လက်ဖွဲ့ထိုး၍ ငှင်းဂါထာနှင့် (၁၀၀၀)ရုပ်၍ဆောင်၊ မရေမတွက်နိုင်သော အကျိုးရှိ၏။

---

## မြင်းသေ မြင်းကိုက်သွားနည်း

### အထူး မှာထားချက်

| | | | | | |
|---|---|---|---|---|---|
| | ၂၅ | ၂ | ၁၅ | ၂၂ | |
| ၁ | ၆ | ၂၃ | ၂၆ | ၃ | ၁၆ |
| ၂၄ | ၂၇ | ၁၀ | ၅ | ၁၄ | ၂၀ |
| ၇ | ၃၂ | ၂၉ | ၂၀ | ၁၇ | ၄ |
| ၂၈ | ၁၁ | ၁၈ | ၉ | ၃၀ | ၁၃ |
| | ၈ | ၃၁ | ၀၂ | ၁၉ | |

အောက်၌ပြလတ္တံ့ ဖြစ်သော အင်းဆံ ဂါထာ များမှာ ယခု ပြထားသော အင်းပုံတွင် သွင်း၍ အသုံးပြုလေ၊ နောက် အမှာများ ကိုသာ ရေးသားပြမည်၊ ဂါထာ တပုဒ်ဖြစ်လျှင် တအင်း၊ နှစ်ပုဒ် ဖြစ်လျှင် နှစ်အင်း စသည် ဖြင့် သိလေ။

**ရထားသွားနည်း**

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | |
| ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ |
| ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ |
| | ၂၉ | ၃၀ | ၃၁ | ၃၂ | |

အထက် အင်းသွားနည်းမှာ မြင်းသွားဖြစ်၍ အောက် အင်းသွားနည်းမှာ ရထား သွားနည်း ဖြစ်သည်၊ ရထားသွားနည်းမှာ လောကုတ္တရာ ဂုဏ်၌ ထက်သန်သည်၊ မြင်းသွားနည်းမှာ လောကီဘက်၌ အကျိုးပေး ထက်သန်သည်။

ဩဗြဲရှစ်ချက် ဣန္ဒိတလာဘ အင်းဆံဂါထာ

ဩဗြဲယာရော ပုတ္တဒါရာနိ၊
ဩဗြဲဟာရိ နဂရာနိစ။
ဩဗြဲထပေတွာန ပါပါနိ၊
ဩဗြဲဟာရိ ဝဋ္ဋဒုက္ခတော။
ဩဗြဲဘယော လောကပဇ္ဇောတော၊
ဩဗြဲဘယော ဓေဒစမနုဿာ။
ဩဗြဲဘယော မဂ္ဂမုဂ္ဂဿ၊
ဩဗြဲဘယော ပန တေ နံမော။

ဤဂါထာ ၂-ပုဒ်ကို ရွှေပြား၊ ငွေပြား တခုခုတွင် အထက်ပါအင်းပုံအတိုင်း မြင်းသွားချ၊ မျက်နှာချင်းဆိုင်၍ လိပ်ပြီးလျှင် ၎င်းဂါထာနှင့်ဘုရားရှေ့တော်မှာ ၁၀၈-ခေါက်၊ သစ်ပင်ကြီးမှာ ၁၀၈-ခေါက်၊ လမ်းဆုံတွင် ၁၀၈-ခေါက် စုပ်၍ ပေးသုံး။

ဆောင်၊ အခါခပ်သိမ်း လာဘ်ပေါများ၏၊ အထူးအားဖြင့် သွားလေရာရာ ခဲဖွယ်ဘောဇဉ် ပေါများ၏။

မှတ်ချက်။ ။တောင်ပေါ် ဆရာတော် ဘုရားကြီးသည် ဤနည်းအတိုင်း စီရင် ဆောင်ထားသဖြင့် အံ့မလောက်အောင် လာဘ်သပ်ပကာ ပေါများကြောင်း မင်းတရားကြီး ရွှေနားတော်ကြား၍ လျှောက်ထားသောအခါ ဤအဆောင်အရွက်ကို အမိန့်ရှိသွားကြောင်း အထင်အရှား မှတ်သားထားကြပါသည်၊

## အဋ္ဌရာယဝိသောဓန အင်းဆံဂါထာ

၁။ ဗုဒ္ဓေါ မေ သတ္တုပါကာရံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
လူသွာသု ဗုဒ္ဓံ သရဏံ၊ သဗ္ဗရောဂါ ဝိနာသန္တု။

၂။ ဓမ္မော မေ သတ္တုပါကာရံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
လူသွာသု ဓမ္မံ သရဏံ၊ သဗ္ဗဘယာ ဝိနာသန္တု။

၃။ သံဃော မေ သတ္တုပါကာရံ၊ သံဃံ သရဏံ ဂစ္ဆာမိ။
လူသွာသု သံဃံ သရဏံ၊ သဗ္ဗဒုက္ခာ ဝိနာသန္တု။

အဋ္ဌရာယ်ကြီး,ဘေးကြီး,ကပ်ကြီးသင့်သော် ရုပ်းသုံးအင်းကို စက္ကူထွင်ချ။ ပြာပြု၍တိုက်ပြီးလျှင် ထိုသူ၏ ဦးခေါင်းကဖြိုနှိမ်ပြီး ရုပ်းအင်းဆံ ၁-၈ ထောဖြင့် တတ်အားသမျှ ဖြူးဖြူးလေဟုနှုတ်၍ မန်းမှုတ်ချပါ၊ ၂-ယောက် ၃-ယောက်ပိုင်၍ မန်းမှုတ်လျှင် သာ၍ ကောင်း၏။

ဘေးဆိုး, ရန်ဆိုး, အန္တရာယ်ဆိုး, ကပ်ဆိုးတို့မှ လွတ်ဖွးလေပြီ၊ ထိုဂါထာ၏ အနက်အဓိပ္ပာယ်ကိုသိလျှင် သာ၍ ထင်ရှားသည်။ ပွဲတော့ဖြစ်၏။

## ဓမ္မစေတီမှော်အင်း

၁။ ဒရိံ ဒရိန္တ မာရိန္တံ၊ သဥ္ဇိံ သဥ္ဇိန္တ ရာဇိန္တံ၊
မုနိံ မုနိန္တ သမ္ဘိန္တံ၊ နမိံ နမိန္တ တံ ဝန္ဒေ။

၂။ ဒရိံ ပူရိံ ဓိတိ မေရုံ၊ ဉာဏသာဒါဒိပါရဒံ၊
ပစ္ဆိမရာဇ သမ္ဗုညံ၊ ဝန္ဒေ တံ ဇိန ဝေဿဘုံ။

၃။ သမ္ဘိန္န အာဒိစ္စ ဗန္ဓုံ၊ အစိန္တေယျံ မဟာဂရုံ၊
ဇိနတံ ပိ ဝတံ စက္ခုံ၊ နာရံ သာရံ နမာမဟံ။

၄။ လောကိဿရ မဟာပဒုံ၊ သီလာချဿ မေရုမေရုံ၊
သဗ္ဗေမေဝ ဇိနေဿ ကေတုံ၊ ဝန္ဒေ တံ ဇိနာပါရဂုံ။

၅။ နာဟံ နာဟံ ဇိန္နဇိနေ္နာ၊ သဒ္ဓာချမေ္မာ သုတိဓောဝ၊
မဟာသတ္တော မဟာသတ္တံ၊ ဇိန မေ ဇိန တံ ဝန္ဒေ။

၆။ ပဟိံ ပဇိံ ပဟိံ ပဂံ၊ သိရိ မုနိံ အစိန္တေယျံ။
သန္ဒိံ ဒိတ္တိံ ဋိတိန္နိယံ၊ နာမာမိ တံ မဟာဇနံ။

၇။ တဏ္ဍိံ ပဟိံ ဇဟိံ မာနံ၊ ဏုန္ဒိံ သိဒ္ဓိံ ဒိတ္တိံ နိဒေယ၊
အရိံ ဓမ္မိံ ဝရိံ ဒနေ္တာ၊ ဗောဓိ ပဒုံ ဝရံ ဒဒေ။

ဤ ခုနစ်ဂါထာကို နေရာတကျ စက္ကူတွင် အထက်က ပြထားခဲ့သော အင်းပုံအတိုင်း မြှေးသွားချပြီးလျှင် မိမိမွေး

ဖွားသော နေ့တွင် ရှစ်ပါးသီလကို ဆောက်တည်၍ ပထမ အင်းကိုပြာပြုပြီးလျှင် ရေအေးနှင့်ဖျော်၍ ငုင်းခုနစ်ဂါထာနှင့် ဘုရားကို ရှစ်ခိုးပြီးသော် နံနက်အရုဏ်တက်တကြိမ် နေ့လယ် မွန်းတည့်မှာတကြိမ်, ညနေနေဝင်ဆဲတွင်တကြိမ် အလိုရှိသော ဆုဂါထောင်း၍ သောက်၊ နောက်နေ့မှာ တတိယအင်းကို ငုင်း အတိုင် သောက်၊ နောက်နေ့မှာ ဒုတိယအင်း စသည်ဖြင့် ခုနစ် ရက်စေ အောင်အစဉ်အတိုင်းသောက်၊ နောက် ငါးပါးသီလကို အမြဲထိန်းရသည်။

အကျိုးကား- ပြောသမျှစကား အောင်ရ၏၊ အာဏာ တည်၏၊ အကြံဟူသမျှအောင်၏၊ အလုံးစုံသော သတ္တဝါတို့ ကြောက်ရွံ့ကြ၏၊ နတ်တို့စောင့်မ၏၊ အလွန်သိသာထင်ရှား လှပါသည်။

ရဟန်းတော်များနှင့် အထူး သင့်လျော်လှပါသည်။ ခုနစ် ရက် ဥပုသ်စောင့်သောအခါ အမျက်ဒေါသ မထွက်စေရ၊ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရပါသည်၊ နဝင် ဥပုသ်မျိုး ဖြစ်၏၊ ဤဂါထာကိုလည်းနေ့စဉ် သရဇ္ဈာယ်ရပါသည်။

### အံ-ရှစ်ချက်ပါသော သဗ္ဗသုခ အင်းဆံဂါထာ

၁။ အံမရော ပါဠိဟာ တုဗ္ဗော၊ အံမရေ စိတ္တံ မေ တာဒါ၊
အံမရေ သောဘာတော ဗုဒ္ဓေါ၊ အံမရေ ပနတောနမော၊

၂။ အံသေန မာရ ပိတ္တာန၊ အံဖုသေတိ သဗ္ဗေသတ္တာ၊
အံသေဟိ ဒ္ဓိဟိ မဂ္ဂေဟိ၊ အံသန္တိ အမရပုရေ။

၎င်းအင်းဆုံဂါထာ ၂၂-ခုတွင် ပထမဂါထာကို သိမ်ဝင် သပိတ်ကွဲမှာချ၊ ဒုတိယဂါထာမှာ လက်စက်မီးခွက်တွင် ချ၍ နှမ်းဆီထည့်ပြီးလျှင် သိမ်စင်သပိတ်ကွဲတွင် ချသော အင်းကို ၎င်းဆီမီးခွက်တွင် မှောက်၍ချ၊ အေးကမှ မီးစာငယ်ငယ်တပ်၍ ထွန်း၊ ထွန်းသောအခါ တပါးသူက ထွန်းလျှင် မည်သူ့ အတွက် မည်သည့်အကြောင်းရှိ၍ ထွန်းပါသည်၊ စသည်ဖြင့် ဆုတောင်း၍ ထွန်းလေ၊ ဘေးရန်ရှိသမျှ မီးမငြိမ်းမီးပျောက်ကင်း၏၊ ကိုယ်တိုင်ထွန်းလျှင်လည်း ဆုတောင်း၍ ထွန်းရမည်။

မှတ်ချက်။ ။အက္ကရာဇ် ၁၂၂၈-ခုနှစ်တွင် မန္တလေး ရတနာပုံ မြို့တည်နန်းတည်၊ ပဉ္စမ သင်္ဂါယနာတင် တဝရှင် မင်းတရားကြီးအား သားတော် မင်းကွန်းမြို့စားနှင့် မင်းခုံတိုင်မြို့စားတို့ တိုင်းပြည်ရေးအတွက် လုပ်ကြံကြရာ ရွှေနန်းတော်ကြီးတိုင်အောင် ပေါက်ရောက်လုဆဲဆဲ ဖြစ်သော်လည်း၊ စကြာဒေဝီ မည်သော တောင်နန်းမတော် မိဖုယားကြီးက ဤနည်းအတိုင်း စီရင်တော်မူသဖြင့် ကစင့်ကရဲ ပြိုကွဲပျက်စီး၍ သွားကြောင်းကို ကောင်းကောင်းကြီးမှတ်မိ သိရှိသူများ ယခုတိုင် ထင်ရှား ရှိပါသေးသည်၊ သို့အတွက် အကြောင်းရှိက ယုံယုံကြည်ကြည် ကိုးစားကြလေ။

ထို့နောက် ဂုဏ်တော် ၁၂-ဂါထာ, နှစ်ကျိပ်ရှစ်ဆူ ဂါထာ, ဘုရားငါးဆူ ဂါထာ, ဘုရားရှစ်ဆူ ဂါထာတော်, ဓမ္မပဒလာ ဂါထာတော်, ပရိတ်ကြီးလာဂါထာတော်, မဟာမင်္ဂလသုတ်လာ ဂါထာတော်, သုတ်ပါဠိတော်, ဝိနည်းပါဠိတော်, အဘိဓမ္မာပါဠိတော် စသည်များ၌ လာသော ဂါထာ

တော်များကို အကြောင်းအားလျော်စွာ ဆိုင်ရာ ဆိုင်ရာစွင် အသုံး ပြုလုပ်နိုင်ပါသည်။ အင်းပြုသော အခါ၌သော နက္ခတ် ခါးပတ် အချိန်အခါ အင်္ဂါပယောဂ စုံလင်ဖို့ လိုပါသည်။ သို့ အတွက် နည်းရရုံ အမြွက်မျှသာ ပြလိုက်ရပါသည်။ (ဗားမဲ့ ဆရာတော် ဘုရားကြီး၏) အမှတ်အသား ဖြစ်သော စာမှာ ၁၀-ကြောင်းရေးပေ၊ ၂၆-အင်္ဂါခန့် ရှိပါသည်။ နောင် အခွင့် သင့်ပ လျှင် ကောင်းနိုးရာရာ ရွေးချယ်၍ တုတ်နုတ် ပေဦးမည်။ (မဟာမြိုင်)

## ရှင်ကျော်လေးပါး အင်းတော်

| | | | | |
|---|---|---|---|---|
| တိ | လော | မာ | လော | ဇာ |
| ဣ | ဒ | မ္ဗိ | ဗု | ဒ္ဓ |
| ဣ | ဒ | မ္ဗိ | ဓ | မ္မ |
| ဣ | ဒ | မ္ဗိ | သံ | ဃ |
| ဇာ | လော | မာ | လော | တိ |

ဥုံ၊ စတုဒိသာ သီလစန္တံ၊ ရက္ခိတဗ္ဗာ သီဟာရာဇာ၊ မံ ပါလေန္တု၊ သဗ္ဗသတ္တရူ၊ ဝိနာသန္တု၊ အ သေသတော။ ရုပ်းဂါထာနှင့် အင်းကိုရုံ၊ ဆေးကောင်း ဝါးကောင်းနှင့် ထိုး၊ အရာရာတိုင်းမှာစွမ်း၏၊ လုံခြုံ၏၊ လက်ဖွဲ့ထိုး၍ ဆောင်၊

အကျိုးထူး၏။ ဆေးထိုးလျှင် ၎င်းအရံဂါထာနှင့် တထောင် ရုပ်ပြီးမှ ထိုး၊ လက်ပွဲထိုးလျှင် ၎င်းအတိုင်း၊ အရံ ဂါထာနှင့် တထောင်ရုပ်၍ ဆောင်ကြပါကုန်၊

---

မိုးရွာအင်း-ပဉ္စမ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ၅ | ၄ | ၂ | ၅ | ၂ | ၅ | ၅ |
| ၅ | ၄ | ၂ | ၅ | ၂ | ၅ | ၅ | ၁ |
| ၄ | ၂ | ၅ | ၂ | ၅ | ၅ | ၁ | ၂ |
| ၂ | ၅ | ၂ | ၅ | ၅ | ၁ | ၂ | ၁ |
| ၅ | ၂ | ၅ | ၅ | ၁ | ၂ | ၁ | ၂ |
| ၂ | ၅ | ၅ | ၁ | ၂ | ၁ | ၂ | ၆ |
| ၅ | ၇ | ၁ | ၂ | ၁ | ၂ | ၆ | ၁ |
| ၅ | ၁ | ၂ | ၁ | ၂ | ၆ | ၁ | ၁ |

မိုးမရွာ တိမ်ပြာ တပိုင်းဖုံး။

---

## နေပူအင်း-ဒုတိယ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၁ | ၄ | ၁ | ၁ | ၆ | ၂ | ၆ |
| ၁ | ၄ | ၁ | ၁ | ၆ | ၂ | ၆ | ၇ |
| ၄ | ၁ | ၁ | ၆ | ၂ | ၆ | ၇ | ၅ |
| ၁ | ၁ | ၆ | ၂ | ၆ | ၇ | ၅ | ၉ |
| ၁ | ၆ | ၂ | ၆ | ၇ | ၅ | ၉ | ၉ |
| ၆ | ၂ | ၆ | ၇ | ၅ | ၉ | ၉ | ၈ |
| ၂ | ၆ | ၇ | ၅ | ၉ | ၉ | ၈ | ၉ |
| ၆ | ၇ | ၅ | ၉ | ၉ | ၈ | ၉ | ၉ |

မောင်မလာ မယ်မှာ သတင်းသုံး

ရင်းအင်းများကို နေရာတကျ စီစဉ်၍ ဘုရားတန်ခိုးကြီး ရှေ့တော်မှာချ၊ ပဌမအင်းမှာ မိုးရွာစေတတ်၏၊ ဒုတိယအင်းမှာ နေပူစေတတ်၏၊ တတိယ နေ-ကြွေကြက်၏၊ စတုတ္ထ လ-ကြွေကြက်၏။ ရင်းလေးအင်းကို အလိုရှိရာ ဉာဏ်ရှိတိုင်း သုံးနိုင်သည်။

## နေ့ကြောက်အင်း-တတိယ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၁ | ၄ | ၃ | ၁ | ၃ | ၂ | ၃ | ၃ | ၂ |
| ၁ | ၄ | ၃ | ၁ | ၃ | ၂ | ၃ | ၃ | ၂ | ၈ |
| ၄ | ၃ | ၁ | ၃ | ၂ | ၃ | ၃ | ၂ | ၈ | ၈ |
| ၃ | ၁ | ၃ | ၂ | ၃ | ၃ | ၂ | ၈ | ၈ | ၇ |
| ၁ | ၃ | ၂ | ၃ | ၃ | ၂ | ၈ | ၈ | ၇ | ၈ |
| ၃ | ၂ | ၃ | ၃ | ၂ | ၈ | ၈ | ၇ | ၈ | ၆ |
| ၂ | ၃ | ၃ | ၂ | ၈ | ၈ | ၇ | ၈ | ၆ | ၈ |
| ၃ | ၃ | ၂ | ၈ | ၈ | ၇ | ၇ | ၆ | ၈ | ၉ |
| ၃ | ၂ | ၈ | ၈ | ၇ | ၈ | ၆ | ၈ | ၅ | ၆ |
| ၇ | ၈ | ၈ | ၇ | ၈ | ၆ | ၈ | ၅ | ၆ | ၆ |

မိုးမရွာ တိမ်ပြာတောင်ကိုယ်က တက်တယ်ကို

## လ ကြောက်အင်း၊ လ စန္ဒြာအင်း စတုတ္ထ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၅ | ၅ | ၄ | ၆ | ၇ | ၅ | ၂ | ၅ | ၃ | ၂ |
| ၅ | ၄ | ၆ | ၇ | ၅ | ၂ | ၅ | ၃ | ၂ | ဋ |
| ၄ | ၆ | ၇ | ၅ | ၂ | ၅ | ၃ | ၂ | ဋ | ဇ |
| ၆ | ၇ | ၅ | ၂ | ၅ | ၃ | ၂ | ဋ | ဇ | ရ |
| ၇ | ၅ | ၂ | ၅ | ၃ | ၂ | ဋ | ဇ | ရ | ဇ |
| ၅ | ၂ | ၅ | ၃ | ၂ | ဋ | ဇ | ရ | ဇ | ဒ |
| ၂ | ၅ | ၃ | ၂ | ဋ | ဇ | ရ | ဇ | ဒ | ၉ |
| ၅ | ၃ | ၂ | ဋ | ဇ | ရ | ဇ | ဒ | ၉ | ဌ |
| ၃ | ၂ | ဋ | ဇ | ရ | ဇ | ဒ | ၉ | ဌ | ဇ |
| ၂ | ဋ | ဇ | ရ | ဇ | ဒ | ၉ | ဌ | ဇ | ဇ |

မောင်မလာ-သစ္စာမယ်က မျက်တယ်ကို

ဗားမဲ့ ဆရာတော် ဘုရားသည် ဤအင်းများဖြင့် မိုးရွာစေခြင်း၊ နေပူစေခြင်း၊ မုန်းသူကိုချစ်စေခြင်း၊ ဆင်းရဲသူကို ချမ်းသာစေခြင်း၊ မကျန်းမာသူကို ကျန်းမာစေခြင်း၊ အလိုမပြည့်သူကို အလိုပြည့်စေခြင်း စသော အကျိုးတို့ကို ပြီးစေနိုင်ရန် စီမံသော အင်းများဖြစ်သဖြင့် ဉာဏ်ရှိတိုင်း သုံးကြလေ၊ ထိုအင်းများနှင့် ကျောက်ဖျာကြီးများကိုပင် အလိုအလျောက် ရှိ့စေတော်မူ၏။

ပထမ

| | | |
|---|---|---|
| ပု | ဒိ | ပု |
| ဒိ | အာ | ဒိ |
| ပု | ဒိ | ပု |

ဒုတိယ

| | | |
|---|---|---|
| ဒိ | အာ | ဒိ |
| အာ | ပု | ဒိ |
| ဒိ | အာ | ဒိ |

တတိယ

| | | |
|---|---|---|
| အာ | ပု | အာ |
| ပု | ဒိ | ပု |
| အာ | ပု | အာ |

ဍင်းသုံးအင်းသည် မြတ်စွာဘုရား၏ ဂုဏ်တော်ကို နှလုံးသွင်း၍ နေ့ကောင်းရက်သာ အချိန်သင့်သောအခါ စီရင်ပြီးလျှင် ပန်း၊ ရေချမ်းစသော လှူဖွယ်ဝတ္ထုတို့ဖြင့် မြတ်စွာဘုရားအား လှူဒါန်းပြီးလျှင် စက္ကူတွင်ချ၍ ပြာပြု၊ ပထမအင်းကို ညဉ့်ဦးယာမ် သောက်၊ ဒုတိယ အင်းကို သန်းခေါင်ယာမ်သောက်၊ တတိယအင်းကို မိုးသောက်ယာမ်မှာ သောက်ပြီးလျှင် ခုနစ်ရက် ဥပုသ် ဆောက်တည်၍ လိုရာဆုကို တောင်း၊ "ဣစ္ဆိတ-အာဏာတည်အင်း" ဖြစ်သည်။ ကြံတိုင်း ပြီးစီး၍ မှန်ကန်သော အရာဌာနဟူသမျှ ဉာဏ်၌ထင်၏။ အကျိုးများစွာ ညွန်းသည်။ ကြံ၍သုံးကြလေ။

## မိတ်တက်အင်း

| | | | | |
|---|---|---|---|---|
| ၈၅ | ၂၄ | ၃၆ | ၇၀ | ၆၀ |
| ၇၀ | ဗိ | ဓေယျ | သွား | ၂၄ |
| ၃၆ | ဓယ | | ယာ | ၃၆ |
| ၂၄ | ဝါ | ဟုံ | ဗိ | ၇၀ |
| ၈၅ | ၇၀ | ၃၆ | ၂၄ | ၆၀ |

ဤ အထက်ပါအင်းကို ခုနစ်အင်း ညီတူ စက္ကူတွင်ချ၊ အလယ် ကွက်လပ်ကို (၁-၂-၃-၄-၅-၆-၇) အစဉ်လိုက် ထည့်ပြီးလျှင်—

ဥုံ သူရဿတိ ဒေဝါနံ၊ ရုက္ခ ဒေဝါနံ၊

အာကာသ ဒေဝါနံ၊ အမစ္စ ဒေဝါနံ၊ ပိယံ မမ ဟေ။

ရင်းမန္တန်နှင့်(၃၇)ခေါက် စိပ်ပြီးလျှင် မြာပြု၍ တနင်္ဂနွေ နေ့အရုဏ်တက်ကစ၍ တနင်းလာ ့ အင်္ဂါ စသည့် အရုဏ်တက် တိုင်းသောက်၊ သောက်သောနေ့ကစ၍ ဝါးပါးသီလကို ခံယူ ဆောက်တည် လုံခြုံစေပြီးလျှင် ခေတ်သုံးပါး၌ သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

ဤအာရုမ်အတွင်း သတ္တဝါ အပေါင်းတို့သည် ချမ်းသာ ကြပါစေကုန်သတည်း။

ဘုရား၊အလောင်းနိတ်မင်းကိုထဲမ္ဘူးထားရှိ သိကြား၊မင်းကြီး၊နှင့်တကွ နတ်အပေါင်းတို့ဆည် ချမ်းသာကြပါစေကုန်သတည်းဟု မေတ္တာကမ္မဋ္ဌာန်းကို ကြီးစား၍ စီးဖြန်းပွားများ အားထုတ်ရမည်။

"အမိသော်မှ ရယ်ရှင်ရ၏"ဟု အမှာတွစ်ပါသည် သံအရာရှည်လျားလှသဖြင့် သစ္စာရှိစေ၊ အရာထုမှာ မျက်နှာပွင့်လန်း၍ ရည်မှန်းတိုင်း ပြီးစေနိုင်သည်။

တနည်း– ဂုဏ်းအင်းကို ရွှေပြား၊ ငွေပြားတွင် နက္ခတ်၊ ခါးပတ် ကောင်းသော အခါ ကောင်းမွန်မွေးကြိုင်သော ပန်းစုံတင်၍ ထိုးပြီးလျှင် အလယ်ကွက်တွင် ဆောင်မည့်သူ၏ နံကိုထည့်၊ "နံယေပရံယုဒ္ဓ" ဂုဏ်းဂါထာနှင့် တထောင် စုပ်၍ဆောင်လေ။ ပီယဥ္စ အတူမရှိဟု ညွှန်း၏။

တဖန် ကုန်တိုက်ကို အလိုရှိသော်–

ဥုံ-သီဝလိစ မဟာနာမံ၊ ဂုဏ္ဍာဒေဝါ သဖြဟ္မကာ၊
ဂုတ္တိယော ဝါ ပုရိသော ဝါ၊ လာဘံ ဘဝိဿတိ။

ဂုဏ်းဂါထာနှင့် (၃၇)ခေါက် စိပ်ပြီးလျှင် ကြည်လင်သန့်ရှင်းသော ရေတွင် စိမ်၍ ကုန်ကို ဖျန်းပက်ရသည်။ ယုံမှားမရှိလင့်။

## သမ္ဗုဒ္ဓေ အဝင်အင်းတော်

| | | | | | |
|---|---|---|---|---|---|
| | အ | ဒ္ဒါ | ဝိဇ္ဇ | ရ | |
| စ္စ | တိ | ပ္ပ | ဇ္ဇ | မ | တာ |
| ဒ္ဒါ | မ္ဗု | တိ | န္တော | ဇာ | ဝိ |
| ပ | ဂ | မ | မူ | ပ | မ |
| သ | ဗု | သေ | တေ | သ | မ |
| | ဟာ | တိ | ဇ္ဇ | သိ | |

## သမ္ဗုဒ္ဓေအထွက်အင်းတော်

| | | | | | |
|---|---|---|---|---|---|
| | အ | ဒ္ဒါ | မ | သေ | |
| မ | ဟာ | သိ | ဇ္ဇ | မ္ဗု | ဒ္ဒါ |
| တို့ | ပ | ဇ္ဇ | တေ | ရ | ပ |
| ဝိ | မ | န္တော | မ | ဗု | သ |
| တာ | စ္စ | ဇာ | တိ | တိ | ပ္ပ |
| | သ | ဝိဇ္ဇ | ဂ | မ | |

## အင်းဆုံဂါထာ

အဋ္ဌ ဝီသတိ သမ္ဗုဒ္ဓါ၊ မမှသီသေ ပတိဋ္ဌိတာ၊
ပဉ္စ ဗုဒ္ဓါ မဟာတေဇာ၊ မမ ပူရခန္တာ ဂစ္ဆတိ။

ငှင်း (၂) ဂါထာကို လက်ဖွဲ့ ၂-လုံးထိုး၍ ဆောင်၊ ကာယမှစ၍ သိဒ္ဓိအမျိုးမျိုးပြီး၏။ ပယောဂ အမျိုးမျိုးကို နိုင်နင်းစေ၏။

---

## သရဏဂုံ နံ့ပေါ်အင်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၄ | ၃ | ၂ | ၁ |
| ၂ | ဒု | ရ | ဆ္ဆာ | ဩ | ဓ | ရ | ဆ္ဆာ | ၂ |
| ၃ | ဂ | သံ | ဒွံ | ၇ | ဂ | ဂုံ | ဗွံ | ၃ |
| ၄ | သ | ဗိ | ဏံ | ဂ | သ | ဗိ | ဏံ | ၄ |
| ၅ | ဩ | ၇ | ဂ | ယာ | ဂ | ၇ | ဩ | ၅ |
| ၄ | ဓေ | ရ | ဆ္ဆာ | ဂ | သံ | ရ | ဆ္ဆာ | ၄ |
| ၃ | ဂ | မ | ဝါ | ၇ | ဂ | ပ | ဃံ | ၃ |
| ၂ | ဘ | ဗိ | ဏံ | ဩ | သ | ဗိ | ဏံ | ၂ |
| ၁ | ၂ | ၃ | ၄ | ၅ | ၄ | ၃ | ၂ | ၁ |

ဤ သရဏဂုံ နံ့ပေါ်အင်းကို ငါးပါးသီလ ခံယူပြီးလျှင် လျှော်ဖွယ်ဒါန်းဖွယ် ဝတ္ထုများကို မြတ်စွာဘုရားအား ကပ်လှူ၍ နံ့သာရေချိုးပြီးလျှင် လက်ဖွဲ့စီရင်ရမည်။ အလိုရှိသမျှမအောင်မြင်သောအရာမရှိ၊ အထူးအားဖြင့် ဓာတာစန်းလက် ညံ့သော်

စက္ကူတွင်ချ၍ ဇာတာနှင့်အတူ မြင့်မြတ်ရာတွင် ထား၍ ပန်း၊ ရေချမ်းတင်လှူပြီးလျှင် လိုရာဆုကို တောင်း၊ အိပ်မက်နိမိတ် မဇကာဝင်းသော် ခေါင်းအုံးတွင်ထား၍ အိပ်၊ ရေကြောင်းခရီး သို့သွား၍ လှိုင်းတံပိုးကြီးသော် လက်ဖွဲ့ကို ရေစိမ်၍ ပက်၊ ပယောဂ မှန်သမျှ ရေစိမ်၍ ပက်။ လက်ဖွဲ့ကို ဆောင်၍ သွား သော် ရန်သူမျိုးငါးပါး ကင်း၏၊ (၉၆)ပါးရောဂါစွဲကပ်သူ တို့ကို ရေစိမ်၍တိုက်၊ အမှန်ပျောက်ကင်းချမ်းသာ၏၊ ယုံယုံ ကြည်ကြည် သုံးကြပါလေ။

## အရဟံ ဗျည်းအင်း

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ဏ္ဍ | လ | င | ဌ | ပ | ဉ | ဃ | ဂ | ည | ခ | ဟ | ဇ္ဈ |
| ယ | ဋ | ဒ | ဝ | စ | ဦ | ဟ | နိ | မ | ယ | ဋ | လ |
| စ | ဃ | ရ | ဘ | ထ | ပ | ခ | ဈ | သ | ရု | ဒ | င |
| ည | မ | သ | ပ | ဗ | ဆ | ဏ | ဠ | ပ | ဘ | ဝ | ဌ |
| ဂ | န | ရှ | ဋ္ဌ | က | တ | ရ | က | ဗ | ထ | စ | ဒ |
| ဓ္ဓ | ဟ | ဗ | ဏ | ရ | အ | အ | တ | ဆ | ဖ | ဋ | ဇ |
| ဂ္ဂ | ဋ | ဖ | ဆ | တ | အ | အ | ရ | နိ | ဝ | ဟ | ဍ္ဎ |
| ဒ | ဓ | ထ | ဝ | က | ရ | တ | တ | ဋ္ဌ | ဈ | နိ | ဂ |
| ဋ္ဌ | ဝ | တ | ပ | ဋ္ဌ | ဏ | ဆ | ဗ | ပ | သ | မ | ည |
| င | ဒ | ရ | ဘ | ရှ | ခ | ဖ | ထ | ဘ | ဂ | ဃ | ခ |
| လ | ဋ | ဃ | မ | န | ထ | ဋ | ဝိ | ဝ | ဒ | ဋ | ယ |
| ဏ္ဍ | ယ | ဓ | ည | ဂ | အ | ရ | ဗ | ဋ္ဌ | ဧ | လ | ဌ |

ဤအထက်ပါ ဗျည်းအင်းကို ကျနစွာ စီရင်ပြီးလျှင် လက်မောင်းထိုး၍ဆောင်၊ သို့မဟုတ် စက္ကူတွင်ချ၊ ပြာဖျော်၍ ခုနစ်ရက်သောက်။

အကျိုးကား စိတ်သွားတိုင်း ကိုယ်ပါ လိုရာကို ပြီးစေနိုင်၏၊ အလွန်တန်ခိုးကြီးသောအင်း ဖြစ်သည်။ အကျိုးမှာ မရေတွက်နိုင်အောင် ရှိ၏။ ဤအင်းပုံမှာ (အ)အလယ်ဝင်သောအင်းပုံဖြစ်သည်။ ညက်ရှိတိုင်း သုံးပါလေ။

---

## ဗုဒ္ဓိတ သစ္စာလေးပါး အင်းတော်

| | | | |
|---|---|---|---|
| ဒု | မ | မ | မ |
| သ | နိ | သ | သ |
| နိ | နိ | ဒု | ဒု |

အင်းဆံဂါထာမှာ "ဒု သ နိ မ၊ သ နိ မ ဒု၊ နိ မ ဒု သ" ရင်းအင်းကို ရွှေပြား၊ ငွေပြားတွင်ချ၊ လက်မောင်းထိုး၍ ဆောင်သော် အကျိုးများစွာ ရှိ၏။

ဝယုံလျှင် ကျောက်ပျဉ်တွင်ချ၍ရေမှာပစ်၊ သောင်ထွန်း၏။ ကျွန်းပေါ်၏။ ကျောင်းထုတ်ရွှန်းတွင်ချ၊ ရဟန္တာကဲ့သို့ တန်ခိုးကြီး၏။ အိမ်ခေါင်တိုင်မှာချ၊ လာဘ် ပေါများ၏။ နန်းတော်ကွန်းစဉ်တိုင်မှာချ၊ တန်းတန်ခိုးကြီးမြင့်၏။ (ဗားမဲ့ ဆရာတော်ထည် ညောင်ရမ်းမင်းတရားကြီး၏ သားတော်အား စီရင်၍ပေးသော သစ္စာလေးပါး အင်းတော်၊) အင်းကိုချသောအခါ "အကျွန်ုပ်ကေမကာဠ ဗုဒ္ဓရုပ်၊ အကျွန်ုပ်တလုံး ဘုရားတဆူ ဤတွင် တည်တော်မူပါ" ဟူ၍ ရေး၊ "အကျွန်ုပ်မစဥ္ဈ ဌာနေ ဌာ ဗ-ဝ ဍ။

နေ''ဟု ဆို၍ အင်းဘောင် ခတ်၊ အင်းဘောင် ပြတ်လျှင် ''ဗြောင်းနမော ဗောဓိပက္ခိယ''ဟုဆို၍ ဆက်လေ၊ အင်းကွက်က ကြီး၍ အင်းဆံက မငယ်စေနှင့်၊ အင်းကွက်ငယ်၍ အင်းဆံကြီးသဖြင့် အင်းဘောင်နှင့်လည်း မထိရ၊ အင်းမှန်တမျှ သတိရှိစေ။ ၎င်းအင်းနှင့် အမှာကို နောက်မှတွေ့၍ ထည့်လိုက်ရသည်။

---

ဤ၌ အနိဋ္ဌစသော အကျိုးအပြစ်များကို ထင်ထင်ရှားရှား ပေးစွမ်းနိုင်သော မိတ်ရန် နံဂြိုဟ် အင်းပုံနှင့် တကွ ၎င်းတို့၏ အကျိုးအပြစ်ကို ခုနစ်ရက်သားသမီးတို့၏ အကျိုးငှာ စီရင်ပုံနှင့် တကွ ဖော်ပြပါအံ့။

တနင်္ဂနွေမိတ်နံ
ဂြိုဟ်တက်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၁၅ |
| ၇၈ | ၁၄ | ၂၄ | ၄၂ | ၂၄ |
| ၃၆ | ၇၇ | ၁ | ၄၀ | ၃၆ |
| ၉၄ | ၆၈ | ၅၆ | ၅၀ | ၇၈ |
| ၁၅ | ၇၈ | ၃၆ | ၂၄ | ၁၅ |

တနင်္လာမိတ်နံ
ဂြိုဟ်တက်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၇၈ | ၁၅ |
| ၇၈ | ၁၀ | ၁၉ | ၂၈ | ၂၄ |
| ၃၆ | ၇၃ | ၂ | ၃၇ | ၃၆ |
| ၂၄ | ၆၄ | ၅၅ | ၄၆ | ၇၈ |
| ၁၅ | ၇၈ | ၃၆ | ၂၄ | ၁၅ |

### အင်္ဂါမိတ်နှံဂြိုဟ်တက်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၄၈ | ၁၅ |
| ၄၈ | ၁၃ | ၂၂ | ၃၀ | ၂၄ |
| ၃၆ | ၄၆ | ၃ | ၄၀ | ၃၆ |
| ၂၄ | ၆၄ | ၅၈ | ၄၉ | ၄၈ |
| ၁၅ | ၄၈ | ၃၆ | ၂၄ | ၁၅ |

### ဗုဒ္ဓဟူးမိတ်နှံ ဂြိုဟ်တက်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၄၈ | ၁၅ |
| ၄၈ | ၁၆ | ၂၅ | ၃၄ | ၂၄ |
| ၃၆ | ၄၉ | ၄ | ၄၃ | ၃၆ |
| ၂၄ | ၄၀ | ၆၁ | ၅၂ | ၄၈ |
| ၁၅ | ၄၈ | ၃၆ | ၂၄ | ၁၅ |

### ကြာသပတေးမိတ်နှံ ဂြိုဟ်တက်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၄၈ | ၁၅ |
| ၄၈ | ၁၂ | ၂၁ | ၃၀ | ၂၄ |
| ၃၆ | ၄၅ | ၅ | ၃၉ | ၃၆ |
| ၂၄ | ၆၆ | ၅၄ | ၄၈ | ၄၈ |
| ၁၅ | ၄၈ | ၃၆ | ၂၄ | ၁၅ |

### သောကြာမိတ်နှံ ဂြိုဟ်တက်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၄၈ | ၁၅ |
| ၄၈ | ၈ | ၁၄ | ၂၆ | ၂၄ |
| ၃၆ | ၇၁ | ၆ | ၃၅ | ၃၆ |
| ၂၄ | ၆၂ | ၅၃ | ၄၄ | ၄၈ |
| ၁၅ | ၄၈ | ၃၆ | ၂၄ | ၁၅ |

### စနေမိတ်နှံ ဂြိုဟ်တက်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၄ | ၃၆ | ၄၈ | ၁၅ |
| ၄၈ | ၁၁ | ၂၀ | ၂၉ | ၂၄ |
| ၃၆ | ၄၄ | ၄ | ၃၈ | ၃၆ |
| ၂၄ | ၆၅ | ၅၆ | ၄၄ | ၄၈ |
| ၁၅ | ၄၈ | ၃၆ | ၂၄ | ၁၅ |

### တနင်္ဂနွေမိတ်နှံ ဂြိုဟ်ဆုတ်ပုံ

| | | | | |
|---|---|---|---|---|
| ၁၅ | ၄၈ | ၃၆ | ၂၄ | ၁၅ |
| ၂၄ | ၁၄ | ၄၄ | ၆၈ | ၄၈ |
| ၃၆ | ၂၃ | ၁ | ၅၉ | ၃၆ |
| ၄၀ | ၃၂ | ၄၁ | ၅၀ | ၂၄ |
| ၁၅ | ၂၄ | ၃၆ | ၄၈ | ၁၅ |

တနင်္ဂနွေ ရန်နံ
ဂြိုဟ်တက်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၁၃ | ၂၅ | ၆၇ | ၄၈ | ၁၉ |
| ၄၈ | ၁၃ | ၂၂ | ၃၁ | ၂၅ |
| ၆၇ | ၇၆ | ၁ | ၄၀ | ၆၉ |
| ၂၅ | ၆၇ | ၅၈ | ၄၉ | ၄၈ |
| ၁၃ | ၄၈ | ၆၇ | ၂၅ | ၁၃ |

တနင်္ဂနွေ၏ရန်
ဂြိုဟ်ဆုတ်အင်းပုံ

| | | | | |
|---|---|---|---|---|
| ၀၃ | ၄၈ | ၆၇ | ၂၅ | ၁၃ |
| ၂၅ | ၁၃ | ၇၆ | ၆၇ | ၄၈ |
| ၆၇ | ၂၂ | ၁ | ၅၈ | ၆၇ |
| ၄၈ | ၃၁ | ၄၀ | ၄၉ | ၂၅ |
| ၁၃ | ၂၅ | ၆၇ | ၄၈ | ၁၃ |

မိတ်နံ ဂြိုဟ်ဆုတ်အင်း ပုံမှာ- တနင်္ဂနွေ၏ အင်းပုံ တခုကို ပြလဖြင့်လည်း ကြွင်းကျန်သော ခြောက်ပါးသောနေ့နံ ဂြိုဟ်ဆုတ်အင်းပုံတို့ကို သိထိုက်လှပြီ။ "လာစေလိုတက်၊ ပြန်ချက်မှာ ဆုတ်" ဟူသော ဥပဒေသအတိုင်း လက်ဝဲရစ်ချခြင်းမျှသာ ထူးလေတော့သည်။

### မိတ် ရန် နံဂြိုဟ်အင်းတို့၏ အကျိုးကိုပြခြင်း

ဤ နံဂြိုဟ် အင်းတို့ကို နေ့သင့် နံသင့် သစ်သားကို လည်းကောင်း၊ ရွှေပြား-ငွေပြားကို လည်းကောင်း ကောင်းစွာ စီရင်ကုန်သည် ရှိသော် အတိုင်းမသိသော အကျိုးထူးတို့ကို ပေးကုန်၏။

ပေးဘန်ကား- ကိုယ်တွင် ဆောင်သော် လေးမြားကွင်း၏၊ ရန်စစ်သိမ်းကို အောင်စေ၏။ လာစေလိုသော် လာ၏။ ပြန်စေလိုသော် ပြန်၏။ ပူစေလိုသော် ပူ၏၊ အေးစေလိုသော်အေး၏။ အိမ်တွင် ထားသော် အန္တရာယ် ကင်း၏။ သစ်ပင်တွင် ထား

သော် အသီးမသီးမူ အသီး-သီးစေ၏၊ သားမရသော မိန်းမဆောင်သော် သားရ၏။ မီး, မင်း, ခိုးသူ, ရေ, မြေ ဟူသော အန္တရာယ်ဘေး ငြိမ်း၏။ ရှုံးသောသူ ဆောင်သော် ပျောက်၏။ ဦးခေါင်းတွင်ဆောင်မူ သူခပ်သိမ်းတို့ သားကဲ့သို့ချစ်၏။ သီးသော သစ်ပင်တွင် ထားသော် အသီးမသီးစေနိုင်။ ကိုယ်တွင်ဆောင်သော် အနိုင်အထက်မပြုနိုင်၊ အိပ်ရာတွင်ထား၊ အိပ်မက်ကောင်း မက်၏။ နတ်၏စည်းစိမ်ကို မြင်မက်နိုင်၏။ ပဒေသရာဇ်, ဧကရာဇ်, စကြာဝတေးမန္ဓာတ်မင်းတို့၏စည်းစိမ်ကို မြင်မက်နိုင်၏။

ရေစီးရာ၌ထားသော် ရေမစီး၊ ရေမစီးရာ၌ထားမူ ရေစီး၏။ အနှောင်အဖွဲ့ လွတ်၏။ ဂုတ္တိသျှို, ရာဇသျှို၊ ပီယ, ကာယ စသော သဗ္ဗသျှိုတို့နှင့် ပြည့်စုံ၏။ လယ်ယာတွင် ထားသော် ပဲ, စပါး များ၏။ ရေစိမ်၍သောက်၊ စုန်းပယောဂတို့ကို နိုင်၏။ နွားခြံတွင်ထား နွားတိုးပွား၏။ တောလမ်းကို သွားသော်လည်း လာဘ်ရစေတတ်၏၊ ရန်သူတဘက်ကို အောင်၏။

ခရီးသွားသော်ဆောင်၊ လျင်မြန်၏၊ အလိုအတိုင်း ပြည့်စုံ၏၊ ရေ၌ဆောင်လျှင် ရေအန္တရာယ် ကင်း၏၊ အဝှံ့အယားနှင့် သမင်ရက် စသည်တ်ကို ရေစိမ်၍တိုက်၊ ချိုးသော်လည်း ချိုးစေ၊ ပျောက်ကင်း၏၊ လယ်ယာတွင်ထား၊ ရေမခန်းပြီ၊ ဥယျာဉ်တွင်ထားသော် အသီးအနှံ့မျိုးကို ကောင်းစေ၏၊ ခိုးသူ မခိုးဝံ့၊ အလိုရှိရာကို နှုတ်မြွက်၍ဆောင်သော် အလိုအတိုင်း ပြီး၏၊ ဥစ္စာနှင့်အတူထား၍မြှုပ်၊ ဥစ္စာယူမည်ကြံသော် ယားယံစေတတ်၏၊ လမ်းကို မသိနိုင်ရှိ၏၊ မျက်စိကွယ်သကဲ့သို့ ဖြစ်၏၊

မိုးကြီးရွာစေတတ်၏၊ လေကြီးတိုက်စေ၏၊ မြို့ရွာတွင်မြှုပ်သော် စည်ပင်စေတတ်၏။

ဤသို့လျှင် အဖိုအမ-နှစ်နည်းတို့ဖြင့် ပြအပ်သော မိတ်နှံဂြိုဟ်, ရန်နံဂြိုဟ်အင်းတို့သည် အဖိုအမ-အကျိုးတို့ကို ပေးစေတတ်သဖြင့် သုခကို ဒုက္ခ၊ ဒုက္ခကို သုခ၊ အပွင့်ကို အသီး၊ အသီးကို အပွင့်၊အမြစ်ကို အပင်၊ အပင်ကို အမြစ်၊ မကောင်းကျိုးကို ကောင်းကျိုး၊ ကောင်းကျိုးကို မကောင်းကျိုး စသောအားဖြင့် အနန္တအကျိုးတို့ကို ပေးနိုင်၏ဟု လောကီ ကျမ်းတို့၏ ဘွယ်ရာ အင်းညွှန်းကို မှတ်သားကြလေကုန်။

အညွှန်းကို မှတ်သားပြီး၍လည်း အင်းစီရင်ရန် ဥပဒေသတို့ကိုပြအပ်ခဲ့ပြီးသော နည်းနိဿယတို့ဖြင့် စီရင်ရာသည်။

ဤမဟာသိဒ္ဓိကျမ်းရင်းကြီး၌ကား အလုံးစုံသော အင္ဂါရသအင်း, သုဝဏ္ဏဘုမ္မိအင်း, သုကိတ္တိမာအင်း, တြိသိဟအင်း, သရဖူတော်အင်း, မဟာပါသာဒအင်း, အဇ္ဇတဂ္ဂေ အင်း, သရဏဂုံအင်း, ထေးကျွန်းအင်း, အာယုသမိုက်အင်း, ဇမ္ပူနဝအင်း, အင္ဂမုခ်အင်း-ဘာ၁(၉)ပါးအင်း, အာယုစက်အင်း, မဏိဇောတအင်း, ဇေယျသုခအင်း, ဆင်းကွန်ချာ, ဂန္ဓါပုတ်သင်္ကေါက်အင်း,ပေတ ကင်းသင်းအင်း, ဇေယျတုအင်း, ဇမ္ဗူတုနီအင်း, ပြည်ကျိုး ချမ်းသာအင်း,စတုရဂ်ပတ် အင်းစသော အင်းအမျိုးမျိုး တို့ကို နောင်အခွင့် သင့်သော အခါ စွာ ရိုက်နှိပ်ဝေငှပါဦးမည်။

## ဘုရားလေးဆူ ပတ္တာဝက်ပါ အင်းတော်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | သာ | ဝါ | ဓာ | | | ဝ | ဝ | ဝ | |
| ထိ | ပ | | ဋိ | ဒ | မွာ | နေ | | ဇ္ဈော | ဍ |
| ထိ | ကကုသံဘုရား | | | ယိ | ယု | ကောဏာဂုံဘုရား | | | ဋ္ဌာ |
| နွာ | အ | | နှ | ဍွံ | ဗ | မ | | ဏ္ဍိ | သု |
| | သိ | ဝု | ဝ | နုံ | | အာ | ခံ | ရော | |
| | ဘ | ဒိ | န္တ | | | ထံ | ရော | ဝ | |
| သု | ဝ | | တု | ဒိ | ကော | ဝိ | | သ | ဂေါ |
| ကော | ကဿပဘုရား | | | ဏ္ဍိ | သာ | ဂေါတမဘုရား | | | ဋ္ဌ |
| ဘ | ယာ | | ဿာ | မာ | ယော | ဗော | | ဝိ | ဗ္ဗ |
| | ယု | တေ | ရာ | | | နှ | တိ | ဏ္ဍိ။ | |

အင်းဆံဂါထာ

သမ္ဗိုဟ်တိုယော ဝိဝဋ္ဋန္တိ။ ပဏာကောရောဂေါ ဝိနဿတု၊
မာတောဝန္တန္တရာယာ၊ သုခိ ဒိဿ ယုကောဘာဝ။
အဘိဝါဒန သီလိဿ၊ နိစ္စံဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယုဝဏ္ဏော သုခံဗလံ။

ငှင်းအင်းကို မကျန်းမမာရှိလျှင် ဖြစ်စေ, ပြိုဟ်စီးစေသည့် သည့်အခါ ဖြစ်စေ, စီးပွားဆုတ်ယုတ်သောအခါမှာ ဖြစ်စေ, အလုပ်အကိုင် အကြီးအကျယ်တို့ကို စ၍ တည်ထောင်သော အခါမှာဖြစ်စေ အသုံးပြုရသည်၊ အလယ်တွင် ရှစ်ကွက် အလယ် ပါ၏၊ ထိုရှစ်ကွက်တွင် တနင်္ဂနွေ တနင်းလာစသည် ခုနစ်နံကို အစဉ်လိုက်ထည့်၊ နောက်ဆုံး ကွက်လပ်ကို လိုသူ့နံကို ထည့် ရမည်။

အသုံးပြုနည်းမှာ– ဆီမီးခွက်ကြီးကြီးမှာ အင်းချ၍ မဆစ် ဆီနှင့် ဘုရားကိုပူဇော်၍ ဆုတောင်း၊ ဆီမီးခွက်ကြီးမရနိုင်လျှင် စက္ကူတွင်ချ၍ မီးခွက်ကို အပေါ်ကတင်၍ထွန်း၊ ထို့နောက် စက္ကူတွင်ချ၍ ယပ်လုပ်ပြီးလျှင် ဘုရားကိုလှူ၊ ဆုတောင်း၊ အလုံးစုံသော သူအပေါင်းတို့သည် အကြောင်းရှိသည် ဖြစ်စေ, မရှိသည်ဖြစ်စေ အထူးသဖြင့် ယုံကြည်လေးမြတ်စွာ လိုက်နာ ပြုကျင့်အပ်ပေသည်။ တပ်ရောဂါများ ဖြစ်ပွားသောအခါ ငှင်းအင်းကို စက္ကူတွင်ချ ပြာပြု ရေမှာထည့်၍သောက်၊ ထို ရေဖြင့် ဝင်း, စည်း, ခြံ, အိမ်ထရံ စသည်များကို ပက် စက္ကူမှာချ၍ အိမ်ထောင့်မှာထား၊ ဘေးအန္တရာယ် ကင်း၏။ အသည်းအသန် မမာမကျန်းလျှင် အင်းကို မီးခွက်တွင် ချ၊ အလယ်တွင် နံသွတ်၊ ချည်မျှင်ကို သက်စေ့ထက် တပင်ပို၍ မီးစာလုပ်၊ လူမမာ၏ခေါင်းရင်းက ထွန်း၊ အင်းဆံဂါထာ ကို ခေါင်းရင်းကစနေ၍ရွတ်၊ လျင်စွာ ပျောက်ကင်းချမ်းသာ စေနိုင်သည်၊ ယုံယုံကြည်ကြည် အသုံးပြုကြလေ။ လက်တွေ့ဒိဋ္ဌ ဖြစ်သည်။ နေ့စဉ်ပူဇော်လျှင် အသက်ရှည်၍၊ ရောဂါကင်း၏၊ လာဘ်လာဘ ရှင်၏။

တနည်း:- ထဘက်တွင် ပြထားသော ဂါထာတော်ကြီးကို အထက်ကပြထားသော (ဘုရားလေးဆူ ယတြာ ဝက်္ကါ အင်းတော်)တွင် သွင်း၍အသုံးပြုရမည်။

အင်းဆံဂါထာတော်မြတ်ကား

၁ ဘဝံကမန္တာ ဘဝေ ရောဓဂါ၊ ဘဝံ ပါထု ဘဝိပ္ပရော၊
ဘဝံဝန္တော ဘဝေနာဂေါ၊ ဘဝ ဒါတု ဘဝိသာရော။
၂ ဖုဋ္ဌာ လောကမ်မွေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊
အာသောကံ ဝိရဇံ ခေမံ၊ တော် မင်္ဂလ မုတ္တမံ။

တရံရောအခါ ရတနာပုရ အင်းဝ နေပြည်တော်ကြီး၌ တရုပ်စစ်သည်များ အားကြီးအင်ကြီးချီတက် တိုက်ခိုက်မည်ရှိရာ ဆရာတော်ကြီးအား လျှောက်ထားသဖြင့် ဗားမဲ့ ဆရာတော် ဘုရားကြီးသည် အလုံးစုံသော မြို့ထိပ်-ပြအိုး ပစ္စင် ရင်တား များမှာ ဤအင်းကို ချစေသည်၊ ချ၍ပြီးလျှင်ပြီးချင်း တရုပ် စစ်သည်များထံမှ လူစေလွှတ်၍ အသာအကြည် ပြောဆိုပြန် သွားကြလေသည်။

ယခုအခါ သူပြု၊လူပြု၊အပြိုင်အဆိုင်၊ အနိုင်အရှုံး စသော ကိစ္စများတွင် အသုံးပြုရန် အလွန်သင့်လျော်ပေသည်။ ညက် ရှိတိုင်း အသုံးပြုနိုင်သည်။

တနည်း- အောက်ပါ ဂါထာတော်ကြီးများကို ဘုရား လေးဆူ ယတြာပြုအင်းတော်ကြီးတွင်သွင်း၍ အသုံးပြုရမည်။
ဗ-၃၄။

## အင်းဆံ့ဂါထာကား

၁ ပထဝီဗလ သုန္ဒရီ သဗ္ဗညု၊ ဗောဓိ မင်္ဂလံ၊
အသင်္ချေယျံ မာရသေနံ၊ ဇေယျော ဇေယျတုမင်္ဂလံ။

၂ ဒေဝပုတ္တ ကိလေသဉ္စ၊ ခန္ဓမစ္စု ဘီသဒ်ါရာ၊
ပဉ္စမာရံ ဇိနံ ဗုဒ္ဓံ၊ တံတေဇသာ ဘဝတု မေ။

အထက်တွင်ပါသော အင်းဆံ့ဂါထာတော်ကို ယခင်နည်းအတိုင်း အသုံးပြုခြင်းဖြင့် အကြံအစည်ဟူသမျှ ကောင်းမွန်လျင်မြန်စွာ အောင်မြင်စေခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်း, စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ ပေါများခြင်း, ကျေးကျွန်သင်းပင်း အခြွေအရံ ပေါများခြင်း, ကြက်သရေမင်္ဂလာနှင့်ပြည့်စုံခြင်းစသော အကျိုးများ သိသိသာသာ ထင်ထင်ရှားရှား ခံစားရပါသည်။


၁ ဘဝေ ဝါယံ ဘယံ ဒိသွာ၊ ဘဝဥ္စ စိဘဝေသိနံ၊
ဘဝါနာပိဝတိံ ကိဉ္စိ၊ နန္ဒိံစ ဥပါဒိယတိ။

၂ သံဂုံပမယျ၊ ဒုမသ၊ သမဒုံ၊ ဠသွသုံ၊ သုသွာဠ၊
သြကာသေ၊ သေကာသြ၊ ဠချ၊ ချဠ၊ ယျမပဂုံသံ။

အသုံးပြုနည်းမှာ— ရွှေပြား, ငွေပြားတွင် လက်ဖွဲ့ထိုး၍ ဆောင်သော် အလုံးစုံသော အမှောင့် ပယောဂ ကင်း၏။ ပယောဂ ဖမ်းစားသော သူများကို ဤလက်ဖွဲ့ကို ရေစိမ်၍

တိုက်သော် ပျောက်ကင်း ချမ်းသာ၏၊ အင်းဝနေပြည်တော်ကြီးတွင် အတွင်းရေးအတွက် ရှုပ်ထွေး ထတ်ဖြတ်ကြရာ မကောင်းဆိုးဝါး အစိမ်း သူရဲများသည် ရွှေနန်းတော်ကြီး အတွင်း အထင်အလင်း ချောက်လှန့်ကြသဖြင့် ဆရာတော်ဘုရားအား လျှောက်ထားသည်တွင် ဤအဆိုပါလက်ဖွဲ့ကို နန်းတွင်းသူတို့အား ဆောင်ထားစေခြင်း, သင်္ဘောစက္ကူတွင်ချ၍ ပြာပြုပြီးလျှင်ရေဘွင်ထည့်၍ဖျန်းပက်စေသဖြင့်တာထားခြင်း ပျောက်ကင်းကွယ်ပ ကြရလေသည်။

၁၀၅ သို့-



၁၀၅ သို့-

၁၀၄– သို့

သဗ္ဗရောဂါဓမ္မာ ဘာသာကရော ဗန္ဓမေဝ၊

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ထု | တော် | ရှပ် | ထု | တော် | မ | မ | ဒူ | ရေ | ဒူ |
| ဏ္ဍံ | ပီ | ယံ | မှိုင်း | ဆ]ါ | မှိုင်း | ထိုက် | ဆ]ါ | ထိုက် | ဍ |
| နှိဂ | ငွင | ဓ | ဂ | ဂှ | နှိဂ | ငွင | ဂ | ဂ | ဌွ |

[illegible]

၁၀၄– သို့

တဘက်တွင် ပြထားသော 'ဇဝံအစိန္တိယာ ညွန့်ပေါင်း အင်း'ကို စီရင်သောအခါ အောက်ပိုင်းက ကွက်လပ် (၂)ခု ရှိသည်တွင် သူ့နံကိုအောက်ကသွင်း၊ နံ-မသိလျှင် အမည်ကို သွင်း၊ ကိုယ်နံကိုအပေါ်ကသွင်း၍ ဖယောင်း ငါးမတ်သားကို အပြားလုပ်ပြီးလျှင် ပုံအတိုင်း အင်းချရမည်၊ ပြီးလျှင် ကိုယ့် သက်စေ့ ချည်မျှင်ကို မီးစာလုပ်၍ထည့်၊ ဖယောင်းတိုင်ကဲ့သို့ ဖြစ်အောင်လိပ်၊ ၎င်းအတိုင်း သုံးတိုင် လုပ်ပြီးလျှင် တနေ့ တတိုင်ကျ သုံးရက်ဆက်၍ ထွန်းရမည်။

ကိုယ်ဘွားအန္တရာယ်ရှိသော်၊ ဇာတာစန်းလက်ညှိုးသော်၊ အကြံအစည် မအောင်မြင်သော် မြတ်စွာဘုရားကို ရည်မှန်း၍ ခေါင်းရင်းမှာထွန်း၊ တရားထဘောဝ် ဖျော့ကြသော် မြေကို တူးပြီးလျှင် ဝသုန္ဓရေကိုရည်ညွှန်း၍ ထွန်း၊ ဥစ္စာပျောက်သော် တံခါးဝမှာထွန်း၊ ဥစ္စာမြှုပ်ထားရာ မတွေ့သော်၊ မေ့သော် နတ်ကွန်းမှာထွန်း၊ ဆရာအချင်းချင်းကြံသော် ဘုရားရှေ့တော် မှာထွန်း၊ ရွာစည်ကားစေလိုသော် ရွာလယ်မှာထွန်း၊ ရာထူး ဌာနန္တရကိုကြံသော် အရှေ့တောင်ထောင့်မှာထွန်း၊ မင်းအဖြစ် ကို ကြံသော် အရှေ့မြောက်ထောင့်မှာထွန်း။

တနည်း- အသက်ရှည်စေလိုသော် ဘုရားကို ရည်မှန်း၍ မိမိ၏ အာယုအရပ်မှာထွန်း၊ အကြီးအမှူးဖြစ်လိုလျှင် နဂရ အရပ်မှာ အရှင်မဟာကဿပကို ရည်မှန်း၍ထွန်း၊ ရတနာ ရွှေ ငွေဆန်ရေစပါး ပေါများလိုလျှင် ဂဟာပတိအရပ်မှာ အရှင်သီ ဝလိမထေရ်မြတ်ကို ရည်မှန်း၍ ထွန်း၊ တန်ခိုးကြီးစေလိုလျှင် တေဇအရပ်မှာ အရှင်မဟာမောဂ္ဂလာန်ကို ရည်မှန်း၍ ထွန်း၊ ဘုန်း

ကြက်သရေ တိုးတက်စေလိုလျှင် သိရိအရပ်မှာ အရှင်သာရှိ ပုတ္တရာကို ရည်မှန်း၍ လွန်း။

## ဖယောင်းတိုင်စုပ်ရန် မန္တန်ကား

'ဣတိပိသော' ဂုဏ်တော်ကို ၃၄-အုပ် စုပ်၍ လွန်းပါ၊ သူတထူးကိုလုပ်ပေးလိုလျှင် "ငွေချိန် ၃၀-ရမှ လုပ်ပေးပါ" ဟု အမှာ ပါရှိသည်။ ယုံမှားမရှိနှင့်၊ အလွန် ကျော်ဇောသော ဖယောင်းတိုင်ဖြစ်သည်။ ညာဏ်ရှိသမျှသုံး။

---

## ပဋ္ဌာနဆီမီးအင်း

| | | | | |
|---|---|---|---|---|
| က | ဝ | ဈ | နု | ဂ |
| ဘ | ဓ | ခ | ဏ | ည |
| ဍ | ဇ | နံ | ဃ | ပ |
| ဒ | ဗ | စ | ဋ | တ |
| ဆ | ဌ | ထ | ဖ | င |

၎င်းအင်းကို လက်စက်မီးခွက်တွင် ချ၍ လိုသူ၏မှန်မြတ်သော အဝတ်စကို မီးစာလုပ်ပြီးလျှင် မဆစ်ဆီနှင့် မြတ်စွာဘုရားကို ပူဇော်၍ လိုရာဆုကို တောင်း၊ အလိုအတိုင်း ပြီးစီး၏။ ခုနစ်ရက်ထက် မနည်း ပူဇော်လေ၊ နေ့စဉ်ပူဇော်နိုင်လျှင် သာ၍ကောင်း၏။

---

## ခိုးသားခားပြတို့ကြောက်ရွံ့သော စေ့ရဘိတအင်းတော်

### အင်းဆံဂါထာကား

| | | | |
|---|---|---|---|
| | ၁ | ၄ | |
| ၁၁ | ၆ | ၉ | ၂ |
| ၈ | ၃ | ၁၂ | ၅ |
| | ၁၀ | ၇ | |

ဥုံ သမ္ဗုဒ္ဓေယျံ၊ စေ၀ရော နိက္ခမော သွားဟာ၊ ၎င်းအင်း- အိမ်လေးထောင့်တွင် ဆွဲကပ်၍ထား၊ အင်းဆံဂါထာကို အရပ်လေးမျက်နှာသို့ လက်ညှိုးထိုး၍ရွတ်။ သူခိုးမလာပြီ။

---

## နတ်လူအများချစ်ခင်၍ လိုအင်ဆန္ဒ ပြည့်ဝစုံလင်သော ချစ်နှံ့မပြယ် အင်းတော်

ဓ ဓ

| | | | | | |
|---|---|---|---|---|---|
| | ၁ | ၈ | ၁၅ | ၂၂ | |
| ၂၅ | ၁၄ | ၂၁ | ၂ | ၉ | ၁၆ |
| ၂၀ | ၇ | ၂၆ | ၂၃ | ၃၀ | ၃ |
| ၁၃ | ၂၄ | ၂၉ | ၃၂ | ၁၇ | ၁၀ |
| ၆ | ၁၉ | ၁၂ | ၂၇ | ၄ | ၃၁ |
| | ၂၈ | ၅ | ၁၈ | ၁၁ | |

ဗ ဝ

အောက်ပါ ဂါထာ များစကို ဤပြထားသော အင်းပုံတွင် တပုဒ်စီ သွင်း၍ ရွှေပြား၊ ငွေပြား တခုခုတွင် ချ၊ ဂါထာ ခုနစ်ပုဒ်၊ လက်ဖွဲ့ ခုနစ်လုံး ရေ၏။ ၎င်းကို အစဉ်လိုက် ကြိုးနှင့် သီကုံး၍ ဆောင်၊ ထူးမြတ်သော ခါးလှဲ့ကျော်ဖြစ်သည်။

အကျိုးကား- တန်ခိုးကြီး၏၊ ကျော်စော၏၊ အကြံအစည် အောင်၏၊ လာဘ်ပေါများ၏၊ နတ်လူတို့ချစ်ခင်၏၊ ဘယ်အခါ ဘယ်နေရာမှာမဆို အောင်၏၊ အထူးအားဖြင့် ကုန်မရှိ

သော် ရေစိမ်ပြီးလျှင် ၎င်းအင်းဆံဂါထာကိုရွတ်၍ ပက်၊ အလွန်သိသာထင်ရှားလိမ့်မည်။ ယုံကြည်စိတ်ချ၍ သုံးကြပါ။

အင်းဆံဂါထာများကား

၁ ဥုံ ဘုမ္မာဒေဝါစ အာန္တလိက္ခေ မမ သူရသာတီ၊
သူရသာတီ အာဂစ္ဆန္တု၊ စန္ဒိရသာ ဝသာဝရော။
၂ သူရသာတိစ မေ မာတာ၊ မေ မာတာစ သူရသာတီ၊
အနုကမ္ပံ ဥပါဒါယ၊ လာဘံ ဒေဟိ သူရသာတီ။
၃ စန္ဒိဒေဝီစ မေ မာတာ၊ မေ မာတာစ စန္ဒိဒေဝီ၊
အနုကမ္ပံ ဥပါဒါယ၊ လာဘံ ဒေဟိ စန္ဒိဒေဝီ။
၄ စန္ဒာဒေဝီစ မေ မာတာ၊ မေ မာတာစ စန္ဒာဒေဝီ၊
အနုကမ္ပံ ဥပါဒါယ၊ လာဘံ ဒေဟိ စန္ဒာဒေဝီ။
၅ မာတာဒေဝီစ မေ မာတာ၊ မေ မာတာစ မာတာဒေဝီ၊
အနုကမ္ပံ ဥပါဒါယ၊ လာဘံ ဒေဟိ မာတာဒေဝီ။
၆ ဟိရံဒေဝီစ မေ မာတာ၊ မေ မာတာစ ဟိရံဒေဝီ၊
အနုကမ္ပံ ဥပါဒါယ၊ လာဘံ ဒေဟိ ဟိရံဒေဝီ။
၇ မာယာဒေဝီစ မေ မာတာ၊ မေ မာတာစ မာယာဒေဝီ၊
အနုကမ္ပံ ဥပါဒါယ၊ လာဘံ ဒေဟိ မာယာဒေဝီ။

ထိုတွင် ပထမ အင်းထောင့်မှာ (၈-၆-၅-၀) ထည့်၍ ဒုတိယအင်းမှာ (၅-၈-၆-၀) တတိယအင်းမှာ (၈-၅-၀-၆) စတုတ္ထအင်းမှာ (၀-၅-၆-၈) ပဉ္စမအင်းမှာ (၆-၀-၅-၈) ဖး၁၅။

ဆင့်မဆောင်းမှာ (၀-၈-၈-၀) သတ္တမအင်းမှာ (ရှ-သ-ည-ဏ) ထည့်ပါ။

ထရံရောအခါ မင်းတရားကြီးသည် ဗားမဲ့ ဆရာတော်ဘုရားအား ရွှေနန်းတော်သို့ ပင့်ခေါ်တော်မူပြီးလျှင် “အရှင်ဘုရား.... ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ပွားတိုး ချမ်းသာ မင်္ဂလာကြက်သရေ ပြည့်စုံစေကြောင်း မကောင်းသောအဘေး ကင်းဝေး ရှောင်ရှား လွှင့်ပါး ပျောက်ပျက်စေနိုင်သော အားထားမှီခိုရာကို စီရင်၍ပေးတော်မူပါ”ဟု လျှောက်ထားသဖြင့် ခုနစ်နံသစ်သားကို ဘုရားထုလုပ်၍ အလုံးစုံသော အင်းပေါင်း ဂါထာပေါင်းတို့ဖြင့် မွမ်းမံစေပြီးလျှင် ရွှေချ၍ကိုးကွယ်တော်မူစေသည်။

နောက် ၂-နှစ်ခန့်ရှိလျှင် ရွှေမြို့တော်အတွင်း ဝမ်းရောဂါဖြစ်ပွား အသေအပျောက် များလှသဖြင့် ရွှေနားတော် ကြားလေလျှင် ဆရာတော်ကိုပင့်၍လျှောက်ထားရာ “ဤခုနစ်နံဘုရားကို ရေသပ္ပါယ်၍ ထိုရေကို တိုက်ပစေ”ဟု မိန့်တော်မူရာ မြတ်စွာဘုရားကို ရွှေနန်းတော်ဦး၌ သီတင်းသုံးစေတော်မူ ပြီးလျှင် များစွာသော ရေကောင်း ရေသန့်တို့ဖြင့် သပ္ပါယ်၍ တိုင်းသူပြည်သားများအား သောက်စေရာ ၄ ရက်ခန့်ရှိလျှင် အလုံးစုံ ပျောက်ကင်းချမ်းသာကြလေသည်။ မြတ်စွာဘုရား၏ပုံတော်ကို တဘက်တွင် ဖော်ပြထားသည်။



ဘုရားထုလုပ်၍ ကျောင်းတော်နှင့် ဖြစ်စေ, အိမ်တွင်-မှန်အိမ်နှင့် ဖြစ်စေ အမြဲကိုးကွယ်ခြင်း ပြုလုပ်ကြပါ၊ မြတ်စွာဘုရားရုပ်ပွားတော် ထုလုပ်နည်းမှာ-

တနင်္ဂနွေသားအတွက် ကံ့ကော်သားကို ဦးခေါင်းတော်၊ မယ်ဇယ်သား လက်ယာ လက်တော်၊ ချရားသား လက်ဝဲလက်တော်၊ သပြေသား ကိုယ်တော်၊ သီးသား လက်ယာခြေတော်၊ ဇန်းသားလက်ဝဲခြေတော်၊ အုန်းသား အောက်ပိုင်းတော်။

တနင်္လာသားအတွက် မယ်ဇယ်သား ဦးခေါင်းတော်၊ ကံ့ကော်သား လက်ယာလက်တော်၊ ချရားသား လက်ဝဲလက်

တော်၊ သပြေသား - ကိုယ်တော်၊ သီး, ဒန်း, အုန်း အထက်က အတိုင်း။

အင်္ဂါသားအတွက် ချရားသား ဦးခေါင်းတော်၊ ကျန်အပိုင်းမှာ တနင်္လာသားအတိုင်း။

ဗုဒ္ဓဟူးသားအတွက် သပြေသား ဦးခေါင်းတော်၊ ကံ့ကော် လက်ယာလက်တော်၊ မယ်ဇယ်လက်ဝဲ၊ ချရားကိုယ်တော်၊ သီး, ဒန်း, အုန်း တို့မှာ အထက်ကအတိုင်း။

ကြာသပတေးသားအတွက်မှာ သီးသား ဦးခေါင်းတော်၊ ကံ့ကော်သား လက်ယာ၊ မယ်ဇယ် လက်ဝဲ၊ ချရားကိုယ်တော်၊ သပြေ, ဒန်း, အုန်း အထက်က အတိုင်း။

သောကြာသား အတွက်မှာ ဒန်းသား ဦးခေါင်းတော် ကံ့ကော် လက်ယာ၊ မယ်ဇယ်လက်ဝဲ၊ ချရားသားကိုယ်တော်၊ သပြေ, သီး, အုန်း အောက်ပိုင်းတော်။

စနေသားအတွက် အုန်းသား ဦးခေါင်းတော်၊ ကံ့ကော် လက်ယာ၊ မယ်ဇယ် လက်ဝဲ၊ ချရားသား ကိုယ်တော်၊ သပြေ, သီး, ဒန်း အောက်ပိုင်းတော်။

## ထုလုပ်ရမည့် စနစ်ထုံးစံ

ထုလုပ်မည့်သူသည် ဝတ်ဖြူ စင်ကြယ်သန့်ကို ဆင်ယင်၍ သီလဆောက်တည်ပြီးလျှင် လောင်းပြီး အသားစုကို စပ်၍ သော်လည်းထုရ၏၊ ဦးခေါင်းတော် တခြား ကိုယ်တော် တခြား လက်တော် ခြေတော် တခြားစီလည်း ထုရ၏၊ ထုပြီးမှလည်း

စပ်ရ၏၊ သားရိုးကိုင်ပြီး ရွှေမှုန်းမံလိုသမျှ မှုန်းမံရ၏၊ တင်ပျဉ်ခွေတော်ပုံ၊ ရပ်တော်မူပုံ၊ လျောင်းတော်မူပုံ အလိုရှိရာ ထုလုပ်ရ၏။ ကြီးကြီးငယ်ငယ် အရွယ်မရွေး ထုလုပ် ကိုးကွယ်နိုင်၏။ အတိုင်းအထွာ ပမာဏမှာ ထုလုပ်သောဆရာ၏ တာဝန်ဖြစ်၏။ ပြီးလျှင် အနေကဇာ တင်ရသည်။ ဓာတ်တော် ဌာပနာလိုလျှင် ဌာပနာရ၏။ ခုနစ်ရက်တကြိမ်ဖြစ်စေ, တဆယ့်ငါးရက်တကြိမ်ဖြစ်စေ, တလတကြိမ်ဖြစ်စေ ရေသပ္ပါယ်ရ၏။ ဤရေကိုသောက်ရ၏။ ဘေးဥပဒ် အပေါင်းမဝင်မရောက်နိုင်။ အကာတ်ရှုဝင်ရောက်လာသောအခါဖြစ်အံ့၊ ဆီမီးပူဇော်ခြင်း, ဆွမ်းတော်တင်ခြင်း, ရေချမ်းတော်, ပန်းတော်တို့ဖြင့် တင်လှူ၍ ရေသပ္ပါယ်ရသည်၊ ထိုရေကို သောက်ရ၏။ မကျန်းမမာရှိလျှင် ဆေးနှင့် ဖျော်၍ တိုက်ရ၏။ မျက်နှာသစ်ရ၏။ အိမ်မတ်လည် ခန်းတွင်း,ခန်းပြင်တို့မှာပက်ရ၏။ အလုံးစုံသော အနိဋ္ဌဖလတို့နှင့် မတွေ့မကြုံရပြီ။

## ထိုနောက်တဖန် ယုံကြည်ရန်မှာ

အောင်မြေလောက · စေတီတော် ဒါယကာ ဘိုးတော်မင်းတရားကြီးသည် အင်းဝမြို့ ရွှေထီးရွှေနန်း၌ ၂-နှစ်စံမြန်းတော်မူပြီးလျှင် အမရပုရ ရွှေမြို့တော်ကြီးသို့ ပြောင်းရွှေ့ စိုးစံတော်မူစဉ် ရွှေမြို့တော် တောင်ပြင်ကန၌ ကပ်ဖျားကြီး ကျရောက်ဖြစ်ပေါ်ပြီးလျှင် ထိုမှ ရွှေမြို့တော် အရှေ့ပြင်, မြောက်ပြင်, အနောက်ပြင်တခုလျောက်၊ ထိုကမှ မြို့တွင်း ရွှေလင်းပင်ဘုရားအနီး၊ နန်းတော်တောင်, ဈေးကြီး စသည်တလျှောက် စက်ရှောက်၍ ဖျားနာသေဆုံး ပျက်ပြားကြသည်။ သမားတော်တို့

လည်း မကုသနိုင် မကြံနိုင်ကြံသဖြင့် သာသနာပိုင် မှော်ဘီ ထောင်ဆရာတော်ကြီးက ဗားမဲ့ဆရာတော်ဘုရား စီရင်၍ထား ခဲ့သော အန္တရာယ်ကင်း၊ အနှံ့အထား မြတ်စွာဘုရား ပုံတော် ကို ကျနစွာ ထုလုပ်တော်မူစေ၍ ထိုခုနစ်နံ့သစ်သား မြတ်စွာ ဘုရား ကိုယ်စားတော်အား ဆွမ်း၊ ရေချမ်း၊ ပန်း၊ နံ့သာ စသည် ပူဇော်လှူဒါန်း၍ ဆုတောင်းကြစေရာ များစွာသော ပြည်သူပြည်သား အပေါင်းတို့မှာ ပိန်းကြာဖက်တွင် ရေမတင် သကဲ့သို့ ကင်းစင် လွင့်ပျောက် ချမ်းသာခြင်းသို့ ရောက်ကြရ သည်။ ထိုနောက်မှ ခုနစ်နံ့မြတ်စွာဘုရား ရုပ်ပွားတော်ကို ဌာပ နာ၍ စေတီတော်တည်စေ၏။ "ကပ်လွတ်ဘုရား" ဟု မည်တွင် ခေါ်ဆိုကြသည်။ ယခုပျက်စီးယိုယွင်း၍ အနည်းငယ်မျှသော အဆောက်အအုံ ကလေးနှင့် စေတီနေရာ မပျောက်ရုံလောက် ထပ်မံတည်ထားကြတော့သည်။

သို့ဖြစ်၍ ဤခုနစ်နံ့ သစ်သား ရုပ်ပွားတော်မြတ်ကို ထက် တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ အာရုံပြု ပြီးလျှင် နှိမ့်ချ သော သက်နှင်းတော်ကို ဝတ်ရုံ ဆင်ယင်တော်မူ၍ ဗောဓိပင် နှင့် ရွှေပလ္လင်တော် မြတ်ဝယ် ကိန်းဝပ် စံပယ်တော်မူဟန် ယခု ရှိရ ဂုဏ်၊ ဂုဏဂုဏ်ဟု ဆိုအပ်သော ကျေးဇူးတော် အစုံ ဂုဏ်တော် အပေါင်းတို့ကို အောက်မေ့ ဆင်ခြင်၍ တမျှင်း ဖြောင့်တည်း စိတ်ထားလျက် ဤအစီအရင် အနှံ့အထားကို ယုံကြည်လေးမြတ် ဆည်းကပ် ကိုးကွယ်ကြပါလျှင် လောကီ လောကုတ္တရာ နှစ်ဖြာသော သုခကို ဧကန္တ ခံစံကြရပါလိမ့် မည်။ လောက၌ သမားကု၊ ဘုရားကုဟု ချမ်းသာကြောင်း

နှစ်ပါးရှိရာ ရှေးသူဟောစင်းတို့သည် ကပ်ရောဂါများကိုထမား ကုထက် ဘုရားကု ဂုနည်းကို ယုံကြည်အားထားများများကြီး အသုံးပြုကြပါသည်။ သို့ဖြစ်၍ မိမိတို့ကြည်ညို ကိုးစားသော ဘာသာတရားနှင့်လည်း ညီညွတ်၊ ရှေးသူဟောင်း ပညာရှိတို့၏ နည်းလမ်းလည်း တိမ်ကော ဆုတ်ယုတ်ခြင်း မရှိစေရ၊ သတိမေ့ တရား ရှေ့ထား၍ ရဟန်းရှင်လူအများ ကြိုးစားအားထုတ် ထုလုပ်ကိုးကွယ်နိုင်ကြပါစေသတည်း။ ရတနသုတ် ပရိတ်တော်ကြီး စသည်တို့ကိုထောက်။

မှတ်ချက်။ ။မြတ်စွာဘုရားထုလုပ်ပြီး၍ သစ်စေးသရိုးမွမ်းမံသော အခါ ထိုသစ်စေး သရိုးများတွင် အင်းပေါင်း, ဂါထာပေါင်း ထည့်၍ ပြုလုပ်ရပါသည်။ အင်းပေါင်း, ဂါထာပေါင်း ဆိုသည်မှာ ဤစာအုပ်တွင် ပါသော အင်းများ, ဂါထာများကို ပြာချ၍ သစ်စေးနှင့် ရောနှောလျက် ထည့်ခြင်းဖြစ်သည်။

ဤပြဆိုပြီး ပြဆိုလတ္တံ့ဖြစ်သော အင်းအိုင်ခါးလှဲ့ လက်ဖွဲ့ မန္တရား ဆေးဝါး အစီအရင်များသည် မယုံကြည်အပ်၊ အလေးမပြုအပ်သော အရာမဟုတ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး သည်ပင် အရေးအခွင့်ရှိက အကြောင်းငါးပါးဖြင့် လွတ်မြောက်နိုင်ရန် ကြံစည် အားထုတ်ရမည်ဟု 'ပဥ္စကနိပါတ် တစသာရ'၌…

ဇပွေန မဒန္တေန ထုတာသိတေန၊
အနုပ္ပဒါနေန ပဝေဏိယာစ ါ၊

ယထာ ယထာ ယတ္ထ လဗ္ဘေထ အတ္ထံ။

တထာ တထာ တတ္ထ ပရက္ကမေယျ။

ဟူ၍ ဟောတော်မူသည်။ အနက်ကား....

ဇမ္ပူနဝါ-အင်းအိုင်မန္တန်,စိမ်မှန်းမှုတ် ဂါထာ စုပ်သဖြင့်သော်လည်းကောင်း၊ မန္တေနဝါ-ကြောင်းကျိုးသိမြင်ပညာရှင်သော်လည်းကောင်း၊ သုဘာသိတေန တို့နှင့် တိုင်ပင်နည်းယူ၍သော်လည်းကောင်း၊ ချစ်ဖွယ်သော စကားဝါ-သာယာချောင်း တောင်းပန်ဖလှယ် ချစ်ဖွယ်သော စကားကောင်းဖြင့်သော်လည်းကောင်း၊အနုပ္ပဒါနေနဝါ-လက်ဆောင်တန်ဆိုးဥစ္စာထိုးသဖြင့်သော်လည်းကောင်း၊ ပဝေဏိယာဝါ-စဉ်လာမပျက်မျိုးနွယ်ဆက်သဖြင့်လည်းကောင်း၊ ယထာ ယထာ-ဤငါးပါးသော အကြောင်းတို့တွင် အကြင်ကြင် အခြင်းအရာအားဖြင့် ပြုသည်ရှိသော်၊ ယတ္ထ-အကြင် ရေးခင်းမှုပေါက် ကျရောက်ဖြစ်ပေါ်လာရာ၌၊ အတ္ထ-အကျိုးစီးပွားကို၊ လဗ္ဘေထ-ရရာ၏၊ တထာ တထာ-ထိုထိုအခြင်းအရာဖြင့်၊ တတ္ထ-ထို ရေးခင်းမှုပေါက် ကျရောက်ဖြစ်ပေါ်လာရာ၌၊ ပရက္ကမေယျ-လုံ့လထူ၍ ရန်သူကို အောင်မြင်ရာ၏။

ဤ ဒေသနာတော်ဖြင့် ယုံကြည်ကိုးစား အားထားထိုက်ပေသည်။

အောက်ပါ ဂါထာတော်ကြီး များကို အင်းပြု၍လည်းသုံးနိုင်ပါသည်။ ဘုရားရှိခိုးသောအခါမှာလည်း၊ အသုံးပြုနိုင်သည်။ အလိုအလျောက်လည်း ရွတ်ဘတ် သရဇ္ဈာယ်နိုင်ပါသည်။

ဤဂါထာများ၏ အကျိုးမှာ-မကောင်းကျိုးဟူသမျှ ကင်းပျောက်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံနိုင်သော ဂါထာတော်ကြီးများ ဖြစ်ပါသည်။

နမော မေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

မှတ်ချက်။ ။ယောနယ်မှ မင်းလှမြို့သို့ ကုန်ရောင်းချရန်လာသော လှည်းစာစီးကို ဓားပြလူဆိုးတို့က တိုက်ခိုက်ကြရာ မိန်းမတစ်ယောက်သည် ထိုဂါထာတော်မြတ်ကို ရွတ်ဘတ်သရဇ္ဈာယ်သည့်အတွက် ဓားပြများကထိုမိန်းမကို မမြင်ကြဲ ထွက်သွားကြသည်၊ ထိုမိန်းမနှင့် ဓားပြများသည် ရှစ်ဇွတာင်ခန့်မျှသာ ဝေးသတတ်။

၁ နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယ သံဝရာ၊
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ၊

၂ ဘဝေ ဝါဟံ ဘယံဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ၊
ဘဝံနာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ နုပါဒိယိံ။

မှတ်ချက်။ ။ဤဂါထာတို့ကို အမြဲ အသုံးပြုတော်မူသော ဆရာတော် ဦးမူစာ၏ အရှင်မြတ်သည် တပါးတည်း-တောင်အမြဲနေတော်မူလေ့ရှိ၏၊ ဆင် ကျားစသော သားရဲတို့သည် အပါးသို့ လာနေ၏၊ တစ္ဆေ, မြေဘုံဘိတို့သည်လည်း တရားတော်ကိုလာ၍နာကြ၏။ ဆရာတော်ဘုရားက နှစ်လျှင် ချက်ချင်းပြန်သွားကြ ၏ ။ ။ အံ့ဖွယ်ရှိပေစွ။

၁ အစေဝဇ္ဈ သိကရာ ဝါတော၊ ဟိရဋ္ဌ ပရိ ဇာဝိုဇ၊
ဝယဒတ္တ ဘဝေ ဗျာသော၊ ရက္ခမံ မာရဇိ ဇိန။

၂ သောဘာဝဇ ဗယ တေလာသာ၊ ချဂျယ လဆာဇောကယု၊
အဋ္ဌဝရာနီ မာနေဝ၊ ဝနိုဏ္ဍ ဇိန တေဇသာ။

ဤဂါထာတော်ကြီးသည် ဘေးအန္တရာယ် ကင်း၍ စည်းစိမ်ချမ်းသာ တိုးတက်စေနိုင်သည်၊ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် ဤဂါထာတော်ကြီးကို နံနက်-ညဉ့် နေ့စဉ်ရွတ်ဘတ်တော်မူ၏၊ သားတော်မင်းကွန်းမြို့စား လုပ်ကြံမည့် နေ့နှင့် ခေါင်းခဲ ဦးယဉ်းနာဖြစ်သောနေ့မျှသာ သတိလစ်လပ်တော်မူကြောင်း အမိန့်တော်ရှိဖူးသတတ်။

၁ ကေစိတ္တံ ဝိစိန္တေတွာ၊ ကေဝမ္မံ သုနိဿိတိ၊
သေတော သေမော လောကေ၊ ကေရာဇာတိ
ပါဆန္ဒော။

၂ သေတိ သမ္မာသမ္ဗုဒ္ဓေါ၊ သေတိ ဓမ္မမုတ္တမံ။
သေတိ မဂ္ဂမုဂ္ဂယော၊ သေတိ ပန တေ နမော။

ဤဂါထာတော်ကြီးကို ဗားမဲ့ ဆရာတော် ဘုရားကြီး၏ တပည့်အဆက်ဆက် သုံးစွဲတော်မူကြ၏။ ဘေးရန် အလွန်ကင်းသော ဂါထာဖြစ်သည်။

မြန်မာနိုင်ငံတော် အထက်ပိုင်းကို အင်္ဂလိပ်မင်းတို့ အုပ်စိုးစ ၁၂၄၈-ခုနှစ်လောက်က အလုံမြို့နယ် တောရ ကျောင်း၌

နေသော ဘုန်းတော်ကြီးတပါးသည် ၎င်းဂါထာတော်ကြီးကို မပြတ် သရဇ္ဈာယ်တော်မူ၏။ တနေ့သ၌ လူဆိုးသူဆိုးတို့သည် ထိုဘုန်းတော်ကြီး ကျောင်းတွင် ရပ်ရွာရှိ-လူများ၏ ပစ္စည်း ဥစ္စာများကိုအပ်နှံထားကြောင်း သတင်းရ၍တိုက်ခိုက်လုယူရန် ည၌အခါ လာရောက်ရှာဖွေကြရာ တည၌ပတ်လုံး ထိုကျောင်းကို ရှာမတွေ့သဖြင့် အရုဏ်တက်သောအခါမှ ဘုန်းတော်ကြီး၏ ဘုရားရှိခိုးသံကို ကြားရသောအခါ ဗိုလ်လုပ်သူက ငယ်သား များကိုပြန်လွှတ်ပြီးလျှင် ဘုန်းတော်ကြီးထံ ဝင်ရောက်၍ အ ကြောင်းအကျိုးကို လျှောက်ထားရာ ဘုန်းတော်ကြီးက 'ငါ့ မှာ တစုံတရာဆေးဝါး စသည်မရှိ၊ ဤဂါထာတော်ကိုသာ အားကိုး ယုံကြည်၍ နေ့စဉ် ရွတ်ဘတ်ကြောင်း' ကို ပြန်ပြော တော်မူ၏။ အလွန်ယုံကြည်လေးမြတ်အပ်ပေသည်။

သံသာရ စက္ကဝိဒ္ဓံသံ၊ သမ္ဗုဒ္ဓမဘာ ဩရသံ၊
သံဆိန္နကံ ဘဝေ အာသံ၊ သံသံ အပိ သွမာနသံ။

ဤ 'သံရှစ်ချက်'ပါသော ဂါထာတော်မြတ်ကို ရွတ်ဘတ် အသုံးပြုခြင်းအားဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်း, အကြံအစည် ထ-မြောက်ခြင်း နတ် လူ အပေါင်းတို့ ရိုသေ လေးမြတ်ခြင်း စသော မရေမတွက်နိုင်သော အကျိုးတို့နှင့် ပြည့်စုံနိုင်ပါသည်။ သုံးစွဲကြပါလေ။

တခါသော် ဆရာတော်ဘုရားကြီး၏ တပည့် တကာဖြစ် သော "သီရိဇေယျကျော်ထင်"ဘွဲ့ခံ အမတ်တယောက် လာ

ရောက်၍ "လောကီလုပ်ရပ် ရွှေဖြစ်, ငွေဖြစ် ပညာသည် အဟုတ်အမှန် ဖြစ်မြောက်၍ သဒ္ဒိတိုင်အောင် ပေါက်နိုင်သော အတတ်မျိုးဟုတ်ပါ၏လား၊ ဟုတ်လျှင် အဘယ်ကဲ့သို့ ကျင့်ကြံ ရပါသနည်း၊ လောကတွင် ဝိဇ္ဇာဇော်ဂီဟူသည် မည်သည်ကို ဆိုပါသနည်း"ဟု လျှောက်ထားရာ အောက်ပါစကားများ ကို မိန့်ကြားတော်မူလေ၏။

လောကီ ဝိဇ္ဇာဓိုရ်လမ်းသည် ဆေးဝိဇ္ဇာ, အင်းဝိဇ္ဇာ, ပြဒါး ဝိဇ္ဇာ, သံဝိဇ္ဇာဟု ဝိဇ္ဇာလေးမျိုးရှိ၏။ ထိုလေးမျိုးတွင် တမျိုး တမျိုးကို အောင်မြင်သော ဝိဇ္ဇာသည် မနုသိဒ္ဓိ, ကာယသိဒ္ဓိ, ပီယသိဒ္ဓိ, ပထဝီသိဒ္ဓိ, ဥဒကသိဒ္ဓိ အာကာသသိဒ္ဓိ, အာယု သိဒ္ဓိ, စိန္တာမယသိဒ္ဓိ စသော သိဒ္ဓိမျိုးတို့ကို အစိုးရ၍ နတ်တို့ နှင့် တူမျှသော တန်းခိုးရှိကြသဖြင့် ဝိဇ္ဇာလမ်းတို့ကို ကြိုးပမ်း တကုတ် အားထုတ်သောသူများအား အချို့နတ်များ မနာ လိုကြ၍ အသက်၏ အန္တရာယ်, ဆေးပင်, ဆေးမြစ် တို့၏ အန္တရာယ်, ပညာ၏ အန္တရာယ် စသည်များကို နှောင့်ရှက် ဖျက်ဆီးတတ်သည်။

ထို့ကြောင့် ဤလောကီပညာများကို လိုက်စား ဝါသနာ ပါသူများမှာ ရတနာသုံးပါး၏ဂုဏ်ကို မိမိတို့၏ကိုယ်၌ အမြဲ ထုံမွှမ်း ရခြင်း, တန်းခိုးကြီးသော တောစောင့်နတ်, တောင် စောင့်နတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, မြစ်စောင့်နတ်, ကျောင်းစောင့်နတ်စသည်တို့ကိုလည်းကောင်း ရုက္ခစိုး, ဘုမ္မစိုး, အာကာသစိုးစသော နတ်များနှင့် ဝိဇ္ဇာဒေဝနတ်, ဩသဓိဒေဝ နတ်တို့ကိုလည်းကောင်း အမြဲမပြတ် မေတ္တာသက်ဝင် ချစ်ခင်

လေးမြတ်ရမည်။ သို့မှာ အနှောင့်အရှက်မရှိသဖြင့် မိမိတို့မြော်ကိုးသောအတိုင်း အောင်မြင်နိုင်မည်။ လောကီ အစီအရင် ဟူသမျှတို့၌ ရတနာသုံးပါးကို ဦးထိပ်ထားလျက် မေတ္တာတရားကိုပွားများ၍ နေသားတကျ စီရင်ပါလျှင် ကောင်းကျိုး ထူးမြောက်နိုင်သည်။

မှတ်ချက်။ ။နေသားတကျ ဆိုသည်မှာ ကောင်းသော ဆန္ဒကောင်းသော ဝီရိယ, ကောင်းသော အသိဉာဏ်ဤတရားသုံးပါးနှင့် ပြည့်စုံလျှင် လိုအပ်သောအကျိုးတို့ကို ပြည့်စုံစေနိုင်ကြောင်း ပညာရှိတို့ မိန့်ဆိုကြလေကုန်၏။

ထို့ကြောင့် သမ္မာပယောဂဟု ဆိုအပ်သော ဝီရိယမှန်, အကြံမှန်တို့ဖြင့် ကောင်းစွာ ဆောင်ရွက်ပါက လိုအပ်သော ပစ္စည်းဥစ္စာ, ပညာကုသိုလ်ထိုထိုသော ဂုဏ်အပေါင်းတို့သည် ကောင်းစွာပြည့်စုံမြဲဖြစ်၏။ ထိုဝီရိယမှန်, အကြံမှန်ဟု ဆိုအပ်သော သမ္မာပယောဂသည် သိကြားမင်း၏ နတ်တွက်ကိုပင် ပယ်ဖျက်နိုင်သော သတ္တိရှိ၏။ ထို့ကြောင့် မနသိဒ္ဓိလမ်းကိုလိုက်သောသူများမှာ ဉာဏ်ဝီရိယကို ရှေ့ထားရမည်၊ ကာယသိဒ္ဓိကို လိုက်သောသူများမှာ ရဲရင့်တည်ကြည်သော စိတ်ကိုရှေ့ထားရမည်၊ ပီယသိဒ္ဓိကို လိုက်စားသောသူများမှာ မေတ္တာတရားကို ရှေ့ထားရမည်၊ အာယုဝဍ္ဎနလမ်းကို လိုက်သော သူများမှာ သီလစောင့်၍ ဂါရဝတရားကို ရှေ့ထားရမည်။

ဤသိဒ္ဓိတို့ကို အောင်မြင်လျှင် အထက်အထက် သိဒ္ဓိမျိုးတို့မှာ မခဲယဉ်းတော့ပြီ၊ ထိုကဲ့သို့ အကြောင်းအခွင့် သင့်တင့်

ညီညွတ်အောင် ဆောင်ရွက်က အောင်မြင်သည်သာ များ၏၊ ပယ်တော်မူ၊ လောကီပညာ ဟူသည် မြတ်စွာဘုရားလည်း ထို့ကြောင့် "လောကံ သစ္စတ္တိ အာမန္တာ၊ လောကံ နသစ္စတ္တိ အာမန္တာ" စသည်ဖြင့် ဟောတော်မူ၏၊ ပြုမူစီမံပုံနေရာမကျ၍ ခရီးမရောက်ကြသည်၊ လောကီသာ လိုသလောက်မပြီးစီး၊ ပညာမှန်သမျှ နည်းကိုသာ မရရကြောင်း စုဆောင်းရှာမှီးကြသည်၊ "နည်းကားမခက်၊ လုပ်ပုံခက်သည်" ဟု အသက်ထက် ဆုံးမှတ်လေ။

ဤပြဆိုခဲ့ပြီးသော အကြောင်းတရားများသည် အောင်မြင်ခြင်းများ၏ အကြောင်းကို ပြခြင်းဖြစ်ပေသည်၊ မအောင်မြင်ခြင်း၏ အကြောင်းများလည်း ရှိချေသည်၊ ထိုမအောင်မြင်ခြင်း အကြောင်းများကိုလည်း ဆိုလတ္တံ့သော နည်းဖြင့်အောင်မြင်စေရမည်။

**အစီအရင်ဟူသမျှ အထမမြောက်ခြင်း အကြောင်း**

၁ စီရင်သူ၏ အကုသိုလ်ကံကြောင့် မအောင်မြင်ခြင်း၊
၂ နတ်တို့ဖျက်ဆီး၍ မအောင်မြင်ခြင်း၊
၃ နည်းမှန်လမ်းမှန်မဟုတ်၍ မအောင်မြင်ခြင်း၊
၄ စီရင်သူ၏ ဉာဏ်စိရိယ ညံ့ဖျင်း၍ မအောင်မြင်ခြင်း၊

ဟူ၍ လေးပါးရှိသည်၊ ထိုတွင် (၁)အချက်မှာ ကုသိုလ်ကံကို ကုသိုလ်ကံက,သာ နိုင်သည်ဖြစ်၍ ဒါန, သီလ စသော ကုသိုလ်ကို ပြုခြင်း, ရတနာသုံးပါးတို့အား ရှိခိုး ပူဇော်ခြင်း စသော အစီအရင်ဖြင့် အောင်မြင်စေရမည်။

၂—အချက်မှာ နတ်တို့ကို မေတ္တာပို့ခြင်း၊ ပူဇော်ပသခြင်း စသည်ဖြင့် အောင်မြင်စေရမည်။

၃—အချက်မှာ ဆရာကောင်း၊ သမားကောင်းတို့၏ နည်းမှန်၊ လမ်းမှန်ကိုသာ လုပ်ဆောင်၍ အောင်မြင်စေရမည်။

၄—အချက်မှာ မိမိတို့၏ဉာဏ်ကို အဖန်ဖန်စီစစ်ခြင်း၊ ပညာရှိတို့နှင့် နှီးနှောခြင်း၊ ကျမ်းဂန်၏သဘောကို စစ်ကြော သုတ်သင်၍ အလွန်လျှင် ထက်သော ဝီရိယ သမာဓိ စသောတရားများနှင့် ပူးပေါင်း၍ ကြံခြင်းဖြင့် အောင်မြင်စေရမည်။

ထိုနောက် ဆက်၍လျှောက်ထားပြန်သည်မှာ ဆရာတော်အရှင်မြတ်ဘုရား၊ ဤလောကီလုပ်ရပ် ကျမ်းများကို ပေါက်ရောက်ကြသည်ဆိုသော ပုဂ္ဂိုလ်များ၊ ရေးသားထားခဲ့ကြသော ကျမ်းဂန်တို့သည်လည်း များစွာ ရှိကြကုန်၏၊ အလွန်ပင်လျှို့ဝှက်တော်မူကြသည်တကား၊ ဤကား အဘယ်အကြောင်းပါနည်း၊ ဆရာတော်၊ 'ထိုဆရာမြတ်တို့သည် အထပ်ထပ် လေ့လာတော်မူမှ ပေါက်ရောက်သော ပညာများသည် လောကတွင် အတူမရှိသော ပညာရပ်များ ဖြစ်သည်၊ ထာမညလူများ တတ်မြောက်လျှင် လောကကြီး ပျက်စီးဘွယ်ရာ ဖြစ်သည်၊ ထို့ကြောင့် 'ဉာဏ်တူမှသိတမ်း' ဟု ရည်မှန်း၍ လျှို့ဝှက်တော်မူခဲ့ကြသတည်း'' ဟု အကျယ်တဝန်း မိန့်တော်မူပြီးလျှင် ခုတ်

ဖြင့်စီရင်သော လင်္ကာ အောင်မြေ လုပ်ထုံးကို၊ လည်းကောင်း၊ မူလဖြင့် စီရင်သော ဗုဒ်-ဖုံ-ဆိ-ကျိး လမ်းကို လည်းကောင်း အောက်ပါအတိုင်း မိန့်ဆိုတော်မူ၏။

---

## လင်္ကာအောင်မြေ ပိုဒ်ရင်း

လင်္ကာအောင်မြေ၊ ကျွန်းထိပ်ဗွေတွင်၊ ပစ်သပြေ စံ၊ ညှ မှုလှုစ်၍၊ ဇမ္ဗူရာဇ်ရွှေ၊ သုံးရစ်စေဟု၊ ခေတ် ခြေမမှား၊ စီရင်ထားသည်၊ (၁)ဂြိုဟ်များသော်နှင်း၊ ရာဟုမင်းကို၊ နှောင်သွင်း၍ထားကျားနံသမုတ်၊ ဆေး ကန့်ချုပ်က၊ သွေးသုတ်၍ကာ၊ တေဇာကြီးလှ၊ စန္ဒရ ကြေး၊ ဖိကာမွေးလျက်၊ ကန့်လက်အုပ်ပြီ၊ ဇော်ဂျီ လုံ့စွာ၊ ဖိုဝယ်မှာလျှင်၊ သာယာဖြည်းညှင်း၊ တေဇော သွင်းမှု၊ ကြေးစန္ဒနှင့်၊ ထွေးကြယှက်တင်၊ ယူငင်ခံကာ၊ အသာချ၍၊ (၂)ဒေါ်သပြေလေခက်၊ အာပေါ်ရောက် သော်၊ (၃)သောကြာဂြိုဟ်မင်း၊ ဖြူရောင်ဝင်းနှင့်၊ဖြန့် ခင်းစကြာ၊ လှည့်သောခါဝယ်၊ တရုသီတွေ၊ ချိန် အစေ့တွင်၊ မာရ်ငွေ့လျှမ်းလျှမ်း၊ ရာဟုဖမ်းကာ၊ နေ နန်းစကြာ၊ ရတနာသည်၊ ရောင်ဝါလျှပ်လျှပ်၊ သက် ဇောပြတ်မျှ၊ (၄)ကိတ်ခေတ်နှင့်ခြုံ၊ ရစ်ငွေ့လုံ့က၊ တူစုံ နှစ်ဝ၊ ပြာနကျ၏၊ (၅)ဖြူလှည်းညီး၊ ဟိုင်းဆယ်စီး တက်၊ ဆယ်ပဲတက်၍၊ တွဲယှက်လှေးတူ၊ ကိတ်မင်း ကူသော်၊ တောဝ်ဇမ္ဗူရစ်၊ ရွှေစင်ဖြစ်သည်။ ။

**တက်ဆစ်ဒေနှယ် နိဂဝိုးတည်း။**

ဤလက်ာမှာ ခံတတ်ဆေးတို့ကိုသာ ဖော်ပြ၏၊ လုပ်ထုံးမှာ များစွာချန်ချွင်းလျှို့ဝှက်၍ရေးသားတော်မူခဲ့သည်၊ အချို့မှာ ၎င်းစာအုပ်အရ လုပ်ကြ၏၊ နေရာကျသည်ဟု မကြားဘူးချေ၊ လုပ်ရပ်စာမှန်သမျှ ခံတတ်ဆေးဖော်ရန်ကို ဖြစ်စေ၊ သို့မဟုတ် လုပ်ထုံးကိုဖြစ်စေ လျှို့ဝှက်ကြ၏၊ အချို့မှာ အကုန်လျှို့ဝှက်၍ ရေးတော်မူကြ၏၊ ဉာဏ်မမီ၍ မကြံစီနိုင်၊ ထို့ကြောင့် ဤ ရတနာလုပ်ရပ်လမ်းမှာ ထုံးခန်းသို့ ရောက်သူ နည်းပါးကြ၏ ကံ၊ ဉာဏ်၊ ဝီရိယ အခန့်သင့်စေရမည်။

ဤလုပ်ထုံး၌ ဆရာတော်ကြီး၏ အမှတ်အသားမှာကား များစွာကျယ်ဝန်းလှ၏၊ ယူဆပုံများကို တဝါကျစီ၊ တပိုဒ်စီ ပြတော်မူ၏၊ အလွန်ရှည်လျားပါသည်၊ သို့ကြောင့် ယခုရေးသားဖော်ပြမည်မှာ အလုံးစုံမပြပဲ လုပ်နိုင်ရုံကိုသာ အစဉ်မပျက်ဖော်ပြထားပါအံ့၊ အရာဌာနအားလျော်စွာ ဆက်စပ်၍ ယူတော်မူကြစေလို။

## လကျ်ာအောင်မြေ ဋီကာ

ဟင်းရိုင်း ၁ဝိကို ပျားရည်အနည်းငယ်ထည့်၍ကြိတ်ပြီးလျှင် အတောင့်လုပ်၍ ခြောက်အောင်နေမှာ လှန်းပြီးလျှင် ထန်းသား ကန့် တကျပ်သားကို သွေး၍ ၎င်းဟင်းရိုင်းအတောင့်ကို သုတ်၊ နေလှန်းမြဲလှန်း၊ ဤသို့ကန့်တကျပ် ကုန်အောင်သွေး၍ သုတ်၊ နေမှာလှန်း၊ "ဆေးကန့်ချုပ်ကို၊ သွေးသုတ်၍ကာ" ဆိုသော အပိုဒ်ဖြစ်သည်။

ထိုနောက် “စန္ဒရစကြေး၊ ဖိကာမေ့းလျက်” ဆိုသည်မှာ စန္ဒရက တပုဒ်, ကြေးက တပုဒ်ဖြစ်သည်၊ စန္ဒရနှံမှာ တနင်းလာနံ ဂြုတ် ကိုဆိုသည်၊ ‘ကြေး’ဆိုသည်မှာ ကြေးနီကိုပင် ဖော်၍ ဆိုထားသည်။

ရင်းဖော်ပေပုံမှာ- ကြေးနီ ခစိ-ကို အရည်လင်အောင်ကြို၍ ဂြုတ် ၅-ကျပ်သားထည့်ပြီးလျှင် အိုးကင်း သံပြားစသည်မှာ အံခြောက်သွန်၊ ရင်းကို သံဆုံတွင်ထည့်၍ ညက်အောင်ထောင်းထား၊ ပြီးလျှင် ယခင်ဟင်းရှိင်း အတောင့်ထက် အနည်းငယ်ကြီးသော မြေလုံ အစောက်ပါးပါးတွင် ဖော်စပ် ထောင်းထု၍ထားသော စန္ဒရကြေး ခေါ်သည့် ဆေးမှုန့် ၆-ပုံ တပုံကို လုံတွင် ပထမထည့်၊ နောက် ဟင်းရှိင်းတောင့် ထည့်၊ ရင်းဘေးက ဆေးမှုန့် တဝက်လောက် သိပ်၊ အပေါ်က များများ ထည့်ပြီးမှ ထန်းသားကန့် ငါးမူးကို ညက်စွာ ကြိတ်ပြီးလျှင်ထည့်၊ နောက် လက်ချားမီးဖောက်ပြီး ငါးမူးကို အပေါ်ကထည့်ပြီးလျှင် လုံပိတ်၊ ဇော်ဂျီကောင်းကောင်းမံ၍ နေမှာခြောက်အောင်လှန်း၊ နောက်ဖွဲ ၂-ပြည်ခန့် ဝင်လောက်ရုံကျင်းစောက်တူးပြီးလျှင် ဖွဲတပြည်ကို တွင်းမှာကျဲ၍ မီးရှို့၊ ဖွဲခေါင်းဖြူလျှင် ယခင်လုံကို ထည့်၊ အပေါ်က ဖွဲတပြည်လောင်း၊ နောက်တကြိမ် အထက် ၂-ပြည်၊ အောက် ၂-ပြည်၊ နောက် အထက် ၄-ပြည်၊ အောက် ၄-ပြည် စသည်ဖြင့် မီးကို တိုး၍ တိုး၍ ထည့်၊ နောက် အောက်က တတင်းခွဲ အပေါ်က တတင်းခွဲ မီးစိုက်လေ၊ နောက်ဆုံး မီးကုန်၍ အေးလျှင် လုံကိုယူ၍ ကြည့်သော် ဟင်းရှိင်းသတ္တုရ၏၊ (ယုံမှား

မရှိလေနှင့်) ဤအရာကို "တော်ဇာကြီးလှ၊ စန္ဒရကြေး၊ မိကာ မှေးလျက်၊ ကန့်လက်အုပ်ပြီ၊ ဇော်ဂျီလုံစွာ၊ ဗိုဝယ်မှာလျှင်၊ သာယာဖြည်းညင်း၊ စေတဇောသွင်းမှ၊ ကြေးစန္ဒနှင့်၊ ထွေးကြ ယုက်တင်၊ ယှဉ်ခေဏ၊ အသာချ၍" ဆိုသော အပိုဒ်ထိ ဖြစ် သည်။

ထို့နောက် "ဒေါ်သပြေလောက်၊ အာပေါရောက်သော်၊" ဆိုသောစကားမှာ ထိုဖမ်း၍မိထားသော ဟင်းရှိင်းမှာ အညစ် အကြေးတည်းဟူသော ဒေါ်သတွေရှိနေသေးသဖြင့် ဖြူခြင်းသို့ မရောက်သေး၊ ပျော့ပျောင်းခြင်းဟု ဆိုအပ်သော အာပေါ သို့လည်း မရောက်သေးသဖြင့် "ဒေါ်သပျောက်၍ အာပေါ ရောက်အောင် လုပ်ပါဦး"ဟု ဆိုလိုသည်။

ငင်းအရ လုပ်ထုံးကား– လုံစောက်နှင့် လက်ချားချော် ချက်ပြီးလျှင် ငင်းဟင်းရှိင်း သေတ္တာကို အနည်းငယ်စီလက်ချား ချော်သို့သွင်းပါ၊ ကုန်လျှင်လုံကိုချ၍ လက်ချားမီးဖောက် သိပ် ပြီးလျှင် လုံကို ကောင်းစွာပိတ်၍ မီးလျှံ နာနာ ထိုးပါလေ၊ နောက် လုံတလုံးလဲ၍ လက်ချားမီးဖောက်တွင် ယမ်းအနည်း ငယ်ထည့်၍ထိုး၊ ဤကဲ့သို့ ယမ်းကို တိုး၍တိုး၍ ထည့်ပြီးလျှင် လုံပိတ်ထိုး၍ သွားသော် ခုနစ်လုံးခန့် ကောင်းကောင်း ထိုးမိ လျှင် ဒေါ်သပြေပျောက်၍ အာပေါဓာတ် ရောက်ပါလိမ့်မည်၊ သည်းခံ၍ ကြံစည်လုပ်ကိုင်ကြစေသတည်း၊ ထိုအခါ ဟင်းရှိင်း သေတ္တာသည် ဖြူ၏၊ ပျဉ်းပျော့၏၊ မီးမှာကြိုသော် အရည် လွယ်၏၊ မီးနေ၏။

သောကြာဂြိုဟ်မင်း၊ ဖြူဆောင်ဝင်းနှင့်၊ ဖြန့်စင်း

ထိုနောက် သောကြာဂြိုဟ်မင်း၊ ဖြူဆောင်ဝင်းနှင့်၊ ဖြန့်စင်း စကြာ၊ လှည့်သောစါဝယ်၊ တရာသီတွေ့၊ ချိန်အစေ့တွင်၊ ရတနာ မာရီဌေလျှမ်းလျှမ်း၊ ရာဟုဖမ်းက၊ နေနန်းစကြာ၊ ညီလက်ာ သည်၊ ရောင်ဝါလျှပ်လျှပ်၊ သက်ဝေပြတ်၏၊ "တရာသီတွေ့ ချိန်အစေ့တွင်" ဆိုသောအပိုဒ် အပိုဒ်များတွင်- "တရာသီတွေ့ ချိန်အစေ့တွင်" ဆိုသောအပိုဒ် ၌'ရာသီ'ဆိုသောစကားမှာ တူမျှသည်ကိုဆိုသည်ဟု မှတ်ရမည်၊ ဘယ်ကဲ့သို့ တူမျှရမည်နည်း၊ဆိုသော် သောကြာဂြိုဟ်မင်း တည်းဟူသော သွပ်နှင့် ဟင်းရိုင်း သေတ္တုတို့သည် မီးနှင့် တွေ့သောအခါ တပြိုင်တည်း အရည်ဖြစ်ရမည်ဟု ဆိုလိုသည်၊ ဟင်းရိုင်းသေတ္တုက သွပ်ထက်အရည်မာနေလျှင် သွပ်ကိုမချုပ်, မအုပ်, မဖမ်းမဆီးနိုင်မှာစိုး၍ ဆိုသောစကား ဖြစ်သည်၊ (ထို့ကြောင့် ဟင်းရိုင်းသေတ္တုကို မီးများများဝင်အောင် ထိုးနိုင်မှ အကျိုးရှိမည်ကို သတိပြုစေ လိုကြောင်း၊) ထိုသို့ ဟင်းရိုင်းသေတ္တု အာပေါရောက်မှ သွပ်တကျပ်ကိုလုံတွင်ထည့်၊ ဟင်းရိုင်းသေတ္တု ၂-ကျပ်ကိုရင်း အပေါ်ကထည့်ပြီးလျှင် သက်ချားမီးဖောက် အသင့်ထည့်ပြီး လုံပိတ်၊ မီး,လျှ ,မီးရှေ, မီးညှင်းထိုး၊ ညီနေရာ၌မီးအလွန်လိုလှသည်။

သောကြာဂြိုဟ်မင်းဟု ဆိုအပ်သော သွပ်သည် အလွန် ခက်ထန်၏၊ သတ္တိကြီး၏၊ ထို့ကြောင့် ပထမလုံကို မြှုပ်ပြီးလျှင် ဟင်းရိုင်းသေတ္တု အရည်ဖြစ်လောက်ရုံ မှန်း၍ထိုးပြီးလျှင် ဖိုကို စွန့်ရပ်၍ထား၊ အဘယ်ကြောင့်ဆိုသော် ဟင်းရိုင်းသေတ္တု အရည်ကြည်လွန်းလျှင် သွပ်ခိုးက တိုးနိုင်သည်၊ ထို့ကြောင့်

အရည်ခပ်ပြစ်ပြစ်ခနရှိသာ ထိုးရမည်၊ အကယ်၍ မီးနုနေ့လျှင်လည်း ဟင်းရိုင်းသေတ္တု အရည်မဖြစ်၍ မီးမရောက်သဖြင့် သွပ်သေနိုင်မည် မဟုတ်၊ သို့အတွက် မီးကို သဘောကြီးကြီးထား၍ ဂရုစိုက်ပါ၊ ပေါ့ပေါ့ဆဆ နေရာမကျ မဖြစ်စေနှင့်၊ အလွန်လိုလှသည်၊ ကိုယ်က နေရာမကျ၍ ချော်ချွတ်သည်ကို ရှေးပညာရှိများအား အရှုံးမဖြစ်ပါစေနှင့်။

ပုံဆိုဦးအံ့- ပရိယတ္တိနှင့် ပြည့်စုံသော ဆရာတော်ဘုရားကြီးတပါးနှင့် တပည့်ကျောင်းဒကာတို့ 'ဣန္ဒာစရိယလမ်း' ခေါ်တ်ကစားကြရာ ဘယ်ဟာကမှ နေရာမကြသဖြင့် ဆရာတော်ကြီးက ''ဟေ့ ကျောင်းဒကာ- မင်းတို့ ဣန္ဒာစရိယ' ဆရာဟာစောက်ရှူး ထင်ပါရဲ့၊ တောင်ရေးမြောက်ရေးနှင့် သူ့နည်းတွေလုပ်တာ တခုမှနေရာမကျ''ဟု မိန့်ဆိုတော်မူဘူးသလို ဖြစ်တတ်ချေသည်၊ ယခုပြဆိုသော နည်းလမ်းမှ မဟုတ်၊ လုပ်ရပ်နှင့်စပ်သမျှ မီးမတတ်၍ နေရာမကျသည်သာများ၏။

ရှေးအခါက တောင်ပေါ် ဆရာတော်ဆိုသူ ပုဂ္ဂိုလ်မြတ်တပါးသည် ကျောင်းတွင် ပြဒါးခဲ၍နေရာ မဖြစ်နိုင်ဘဲရှိနေစဉ်မထေရ်ကြီးတပါး ကြွလာတော်မူ၍ မေးမြန်းရာ မှန်ရာကိုလျှောက်ထားကာလ မထေရ်ကြီးက မိန့်ဆိုတော်မူသည်မှာ ''ငါ့ရှင် လုပ်ပုံနေရာမကျ၍ဖြစ်မည်၊ မြေပေါ်မှာပေါက်သော သစ်ပင်မှန်လျှင် လုပ်တတ်က ပြဒါးခဲသောအပင်ချည်း ဖြစ်ကြောင်း'' မိန့်ဆိုတော်မူရာ ''ဟုတ်ပါ့မလားဘုရား''လို့ ပြန်၍ လျှောက်ထားရာ ''ဟုတ်တယ် ငါ့ရှင်''လို့ အမိန့်ရှိသောအခါ ''ဒါဖြင့် ခေဥ္စာ သည်းခံတော်မူပါအုံး''ဟု လျှောက်ထားပြီးကာလ ကျောင်းအောက်သို့ ဆင်း၍ မီးသဘောကို

စဉ်းစား၍လုပ်တော့ သလဲရွက်နှင့်လဲခဲ၊ အခြားကျောဝင်းတွင်ရှိသော အပင်များနှင့်လဲ ပြဒါးခဲကြောင်း သိရလေသည်။

ထိုကြောင့် "နည်းဏားမခက်၊ မီးကခက်သည်" ဟု အသက်ထက်ဆုံး မှတ်အပ်၏၊ ဤအဆိုပါအတိုင်း မီးကို ချော့၍ဖမ်းသော် သွပ်သည် မိ၏၊ သော၏၊ ပျဉ်း၏၊ အခိုးငြိမ်း၏၊ သည်ကိုရည်၍ ရောင်ဝါလျှပ်လျှပ်၊ သက်ဇော်ပြတ်မျှ ဟို လက်ာတွင် စပ်ဆို၏၊ ကောင်းကောင်း မသေသေး၊ သို့သော် သေခါနီးပြီ ဟုဆိုလိုသည်၊ ၎င်းကလမ်းခွဲ၍ကြံလိုလျှင် ကြံကြလေ။

ထိုနောက် ကိတ်ခေတ်နှင့်ခြုံ၊ ရင်ငွေလှူံကာ၊ တူစုံနှစ်ဝ၊ ပြာနုကျ၏၊ ဆိုသော အဓိပ္ပါယ်နှင့် လုပ်ထုံးမှာ- ထိုပျဉ်းသောသွပ်ကတာမတ်၊ ဟင်းရိုင်းသေတ္တုကတာမတ်၊ ရွှေကတာပဲ၊ ၎င်းတို့ကို သမ္ဘာရာရေနှင့် ရော၍ အလွန်ကျေညက်အောင် ပြုလုပ်၍ထားပြီးလျှင် ၁-စိန်နီ၊ ၂-ဆေးဒန်း၊ ၃-ကန့်၊ ၄-ဇဝက်သာ၊ ၅-ဒုဋ္ဌာ၊ ၆-လက်ချား၊ ဤခေတ်ခြောက်ပါးမှာ ၅ူး-တပဲစီစု၍ သမ္ဘာရာရေနှင့် အလွန်ညက်စွာ ဖယောင်းသား ကျအောင် ကြိတ်ပြီးမှ လေးပုံသုံးပုံကို ဆေးလုံးလုပ်၊ ယခင်ခေတ်များကိုထည့်၊ ကျန်ဆေးတပုံကို အပေါ်က အဖုံးပြုလုပ်၍ကောင်းစွာ ပိတ်ပြီးလျှင် ဇော်ဂျီသုံးထပ် ကောင်းကောင်းထုပ်ပြီးလျှင် ဖွဲ ၂-ပြည်နှင့် မီးခုနစ်ကြိမ်စိုက်၊ ပြာနုရောက်၏၊ ပြာမဖြူလျှင် မြေလုံတွင်ပြောင်း၍ လုံပိတ်ပြီးလျှင် မီးများများထည့်၊ ပြာဖြူ၍ လာလိမ့်မည်၊ သည်ကိုရည်၍ "ကိတ်ခေတ်နှင့်ခြုံ၊ ရင်ငွေလှူံကာ၊ တူစုံနှစ်ဝ၊ ပြာနုကျ၏" ဟု စပ်ဆိုသည်။

ထိုပြာတပဲကို ဘော် စဝိ–တွင် ဖြစ်ပြီးလျှင် ရွှေစင်ဝိ– နှင့်စပ်သော် "ဆောင်ဇမ္ဗူရစ်၊ ရွှေစင်ဖြစ်သည်။ ။တက်သစ် နေနှယ် နီဝင်းတည်း။"

ထိုနောက် ဓာတ်ဆေးနှင့်မှသာ မဟုတ်၊ မူလနှင့်လည်း ဖြစ်မြောက်နိုင်ကြောင်းကို အောက်ပါအတိုင်း မိန့်ဆိုတော်မူ၏။

ဗူး-ဗုံ ဆီ-ကျီး၊ ဝါး လုံ-မီး၊ အာသီး-ခါးတောက်နဲ့၊ နူ-သီး-ဥ-သီး၊ ကျွဲသီးလေးဆူ၊ အရည်ယူ၍၊ ခေါ်မူကရဝိက်၊ ချိန်အစိတ်ဖြင့်၊ မြှောက်ဟိတ်လေးပြန်၊ ရာဇူမှန်တွင်၊ ဂုံမ္ဘာန်သွင်းကြူး၊ ဖိုလှိုင်ဦးဦး၊ သူရှုးသွေးခဲ၊ အမြဲမှန်စွာ၊ ကိုးဆယ်ခွါ၍၊ စရနာ ကြိတ်ညှင်း၊ အိုးတွင်း လှောင်သွတ်၊ ကြေပြတ်ပြစ်ခွဲ၊ ဇွက်စမြှရှင့်၊ သိမြဲညွှာဏ်ထောက်၊ စလောင်းပေါက် က၊ ဓားမြှောက်ပြခံ၊ ဝင်းဝါလျှံမျှ၊ မီးချိန်ကျထော်၊ ချ၍ငြိမ်းအေး၊ သူရှုးသွေးပင်၊ ဆွဲယူဝင်၍၊ ဘော်စင် ဆယ်ထိပ်၊ တပဲနှိပ်က၊ ချိပ်ရတုံလတ်၊ ကိုးဆင့်စပ် လော့၊ နောက်ရစ်နဝင်း၊ သုံးတြဲင်းခစ်၊ ဇမ္ဗူရစ်သည်၊ ထစ်သစ်ရွှေလှော် ရဲရဲတည်း။

## ငှဝ်းလက်ာအရ လုပ်ထုံး

"ပူး-ဗုံ-ဆံ–ကျီး၊ ဝါး–လုံ-မီး၊ အာသီး-ခါးတောက်နဲ့၊ နူသီး-ဥသီး"ဆိုသည်မှာ ခရားခေါက်ချလျှင် အောက်ပါ အတိုင်းဖြစ်၏။

၁-ဗူး။ ၅-ခါး၊ ၉-သွီး။ ၁၃-နို၊ ဗူးခါးသီးနဲ့။
၂-ဗု ၆-လုံ။ ၀၀-ခါး။ ၁၄-သီး၊ ဗုံလုံခါးသီး။
၃-ဆီး ၇-မီး။ ၁၁-တောက်။ ၁၅-ဥ။ ဆီမီးတောက်ဥ။
၄-ကျီး။ ၈-အာ။ ၁၂-နို။ ၁၆-သီး။ ကျီးအာသီးနို။

"ဤသီးလေးဆူ၊ အရည်ယူ၍၊ ခေါ်မူကရဝိက်၊ ချိန်အစိတ်ဖြင့်၊ မြောက်ဟိတ်လေးပြန်၊ ရာဇူမှန်တွင်၊ ဂုမ္ဘာနိသွင်းကြူး ဗိုလ်ရိုင်ဦး၌" ဆိုသော အပိုဒိအဓိပ္ပါယ်မှာ—

ဗူးခါးသီးနို၊ ဗုံလုံခါးသီး၊ ဆီမီးတောက်ဥ၊ ကျီးအာသီးနို၊ ၎င်းလေးမျိုးသော အသီးတို့၏သေတ္တုရည် ၂၅-ကျပ်သားစီ လေးမျိုးပေါင်း တပိဿာကို အိုးတွင်ထည့်၍ မီးမှာတည်ရမည်ဟု ဆိုလိုသည်။

"သူရွှေးသွေးခဲ၊ အမြဲမှန်စွာ၊ ကိုးဆယ်ခွါ၍၊ စရနာကြိတ်ညှင်း၊ အိုးတွင်းလှောင်သတ်၊ ကြေပြတ်ပြစ်ချွဲ၊ ထွက်စမြဲရှင့်" ဆိုသော လင်္ကာ၏ အဓိပ္ပါယ်၌ 'သူရွှေးသွေးခဲ' ဆိုသည်မှာ "ဟင်းရိုင်း"ကိုဆိုသည်၊ "အမြဲမှန်စွာ၊ ကိုးဆယ်ခွါ၍" ဆိုသည်မှာ တပိဿာကို ကိုးဆယ်ခွါက တဆယ်သားကျန်သဖြင့် "ဟင်းရိုင်းခဝိ-ကို ညက်စွာကြိတ်ပြီးလျှင် ယခင်ဆေးရည်နှင့်အတူအိုးတွင် ထည့်ပြီးလျှင်ပိတ်သော စလောင်းတွင်အလယ်ကအပေါက်ငယ်တခုဖေါက်၍ အိုးကိုဖုံး၊ လုံအောင်တေးပြီးလျှင် ဖြည်းညှင်းစွာ မီးထည့်၍ ပေးသော အခါ

စလောင်းပေါက်က အခိုးထွက်လိမ့်မည်၊ ၎င်းကိုပင် "ကြေပြတ်ပြစ်ချဲ၊ ထွက်စမြဲရှင့်" ဟု ဆိုသည်။

ဆေးရည်ကုန်ခါနီးလျှင် ၎င်းစလောင်း ပေါက်က ရွားမြှောက်၍ ကြည့်၊ စိမ်းစိမ်း, ရွှေရွှေ, ဝါဝါ, နီနီစသောအခိုးများထွက်၍ ခွာကိုစွဲလျှင် မီးချိန်တော်ပြီ၊ အိုးကိုချ၍အအေးခံဟု သိမြဲဉာဏ်ထောက်၊ စလောင်းပေါက်က၊ ရွားမြှောက်ပြစ်၊ ဝင်းဝါလျှံမျှ၊ မီးချိန်ကျသော်၊ ချ၍ငြိမ်းအေး ဟူ၍ စပ်ဆိုသည်။

သူရှားသေးမင်၊ ဆွဲယူငင်၍၊ ဘော်စင်ဆယ်ထိုပ်၊ တပဲနှိပ်က ရှိပ်ရတုံလတ်၊ ကိုးဆင့်စပ်လော့၊ နောက်ရပ်နဝင်း၊ သုံးတြင်းစစ်၊ ဇမ္ဗူရစ်သည်။ ။သစ်လစ်ရွှေလျှော် ရဲရဲတည်း ဟူသော အဆုံးပိုဒ်မှာ-

၎င်းဟင်းရိုင်းမှာ ရစ်ကြိုးစေးကဲ့သို့ ပြစ်ချွဲ၍ နေလိမ့်မည်၊ ၎င်းဆေးတပဲကို ဘော်စင် ၁၀ ပဲတွင် ပစ်ကချိပ်ကဲ့သို့ ပြစ်လိမ့်မည်၊ ၎င်းဘော်ချိပ်နှင့် ရွှေကောင်း ဆတူစပ်၊ အဲရေတူမည်၊ ၎င်းတွင် ဘော် ဆတူစပ်၊ စပ်ပြီးကို တဖန်ရွှေကောင်းဆ, တူစပ်၊ ဤကဲ့သို့ ကိုးဆင့်ကျအောင် စပ်နိုင်သည်။

## ၎င်းနည်း၏ အကျဉ်းလုပ်ထုံးကား

ဗူးခါးသီးနွန်၏ သေတ္တုရည် ၂၅-ကျပ်၊ ဗူးလုံခါးသီး၏ သေတ္တုရည် ၂၅-ကျပ်၊ ဆီမီးတောက်ဥ၏ သေတ္တုရည် ၂၅-ကျပ်၊ ကျီးအာသီးနု၏ သေတ္တုရည် ၂၅-ကျပ်၊ ၎င်းဆေး ၁၀။

ဝါးဆယ် ဝင်လောက် တပိဿာ တပိဿာကို ဂါးဆယ် ဝင်လောက် ရည်ပေါင်း ကောင်းကောင်း သန့်သန့် တွင်ထည့်၊ သော မြေအိုး နိုင်ခိုင် ကောင်းကောင်း သန့်သန့် တွင်ထည့်၊ ဟင်းရှိင်း ၁၀-ကျပ်သားကို ကြိတ်၍ထည့် စလောင်းအဖုံး တွင် အလယ်က အပေါက်ငယ် ဖေါက်ပြီးလျှင် သေချာစွာ မြေနှီ သရွတ်မံ၍ ဖုံးပြီးမှ မီးနဲ့နဲ့စီထည့်၍ပေး၊ ဆေးရည်ကုန် ခါနီးမှာ မီးကို ဖြည်းဖြည်းလျော့ရသည်၊ မီးအလွန်လိုသည် မီးမများစေရ၊ ဖြည်းဖြည်းညှင်းညှင်း၊ တေဇော်သွင်း'' ဆို သော စကားကို မှတ်မြဲမှတ်။

'အဂ္ဂိရ' ဆိုသည်မှာ 'မီးမှရသည်၊ မီးတတ်မှ ရသည်' ဟု တိုက် ရိုက်အဓိပ္ပါယ်ပေါ်ထွက်သည်၊တနည်း-အဂ္ဂိရတန၊အဂ္ဂိရတီ (ပါဠိ) မီးကြောင့်နှစ်သိက်ဘွယ်ရာရတနာရစေသော အတတ် ဟု ဆိုလိုသည်၊ထို့အတွက် မီးကို နားလည် ရိပ်မိစေရမည်။

ထို့နောက် ဆေးရည်ကုန်ခါနီးလျှင် စလောင်းပေါက်က ခေါးပြားကိုခံ၍ ကြည့်၊ စိမ်းစိမ်း, ဝါဝါ အခိုးထွက်လျှင်အိုးကို ချ၍အအေးခံ၊အေးမှ အိုးကိုဖွင့်၊ရစ်ကြိုးစေးကဲ့သို့ရမည်၊ငင်းရစ် ကြိုးစေးကဲ့သို့ နေသော ဆေးတပဲကို ဘော်စဝ်ိ ဆယ်ပဲကို အရည်လယ်အောင် ကြိုပြီးလျှင် ပြစ်ဘော်ချိပ်ဖြစ်မည်၊ ၎င်း ဘော်ချိပ်ကို ရွှေနှင့် ဆ,တူစပ်၊ အရေတူ၏၊ ၎င်းကိုဘော်နှင့် လေးတူစပ်၊ တပန်ရွှေနှင့် ဆ,တူစပ်၊ ဤကဲ့သို့ ကိုးကြိမ် ကျ အောင်စပ်၍ အသုံးပြုနိုင်သည်။

ဤနည်းဖျင် ဆီမီးတောက်မှာ ဥဖြူကို အသုံးပြုရသည်၊ ၎င်းဆီမီးတောက်ဥမှာ နာကိုကြီး၍ မွှေးသော် နာကြီး၏ အလွန်တန်ဖိုးရှိသော ဆေးမြစ်ဟု အမှာပါရှိသည်။

ယခုပြခဲ့ပြီးသောလမ်းများမှာ ရခဲ့ရိုက္ခာ ထောက်ခေါ်သော "ရတနာလုပ်ရပ်လမ်းမျှသာ" ဖြစ်၏ ခနသိဒ္ဓိသို့မရောက်သေး၊ ခန့်သိဒ္ဓိဆိုသည်မှာ အနည်းငယ်မျှသော ဓာတ်သေပြာသေကြောင့် တခဏခြင်း ပွားများသော ရွှေ-ငွေ တို့ကို ပြီးစေနိုင်မှသာလျှင် ခနသိဒ္ဓိပေါက်သည်ဟုဆိုရသည်၊ သို့ရာတွင် "ဓာတ်မသေက ရွှေငွေဖြစ်နိုင်မလား"ဟု မေးရန်ရှိ၏၊ ဓာတ်မသေလျှင် ရွှေငွေမဖြစ်နိုင်၊ အသေကလေးအသေကြီး ရှိကြောင်းကို ပထမမီးနေမှစ၍ စတုတ္ထမီးနေအထိ၊ ထိုကမှ ၈၂–ဆင့်အထိရှိကြောင်းကိုသိ၊ အရိယာပင်ဖြစ်သော်လည်း သောတာပန်နှင့် ရဟန္တာခြားနားပုံကို ထောက်၊ ဤရတနာလုပ်ရပ်လမ်းများကို ဆရာတော်ဘုရား မိန့်ကြားတော်မူသည့်အတိုင်း ကောင်းစွာ မှတ်သား၍ သိရိဇေယျကျော်ထင်အမတ်သည် စစ်ကိုင်းသို့ကူး၍ အထူးသဖြင့် ကြိုးစားလုပ်ဆောင်ရာ ကောင်းစွာ ထမြောက်အောင်မြင်ထဖြင့် ကြည်လင်ရွှင်လန်း ဝမ်းပန်းတသာ အောက်ပါ ကဗျာအသွားကို ရေးသားလေ၏။

ခွေကာသာ ပျောင်းတော့၊ ဥဒေါင်းရောင်ကျင်း
တဲ့၊ သောက်လင်းရောင်။ ။ကိတ်ဓာတ်ကယ်အနေ၊
ကိုးစင်းမြွေကို၊ ရစ်ခွေထက်အောက်၊ လွန်ကာသာ
မှောက်မယ်လို့၊ ကြံမြောက်တခု ဓာတ်စတုကို၊သတ်မှု
ပိုင်ပိုင်၊ ဆုံးအာဒိတိုင်ရအောင်၊ ကြံမှိုင်မိ တွေးခေါ်
လျှင်၊ ရုံမပျော် ညာဏ်မြော်ရေး ငယ်မှ၊ မှေးစက်နိုင်
ပေါင်း ။မျိုးအမှန် ပျိုးသန်စေမှု၊ရေသွန်းပြုလို့၊လို့မှ
ရာဆိုဝ်၊ ခံ့ခိုင်ကြီးကျယ်၊ မပြီးလွယ်၍၊ ကျယ်ညာဏ်

ရောင်မှာ၊ ထည့်မောင် မမေ့ရလေသင့်။ မဖြစ် လျှင်ကြော၊ ဖြစ်လျှင်သော၊ လူလေခေါ်ကြ၊ ဥာဏ်မဝ သူတို့ကာ၊ အလှအယဉ်၊ သူတို့သာထင်သတဲ့၊ မထင် ဆင့်ပေါင်၊ မဟာခေါင်ကို၊ မပြောင်သင့်ပါ၊ ချစ်လို သာညွှာရတယ်၊ နောင်လာမဲ့ဆုရှင်ကို၊ ဥာဏ်မမြင် အထင်ကန်းတွေကာ၊ ရမ်းပြစ်တင်နှင့်။

မှတ်ချက်။ ။ကံ့ ဥာဏ် ဝီရိယနှင့် ပြည့်စုံသော သူအပေါင်းတို့ သည် မည်ရွေ့မည်မျှကြီးကျယ်သောအရာမျိုးကိုမဆို ပြုလုပ်က လွယ်ကူစွာ အောင်မြင် ထမြောက်မြဲ အတိုင်း သိရိဇေယျ ကျော်ထင် အမတ်မှာလည်း အဆိုပါ အင်္ဂါတို့နှင့် ပြည့်စုံသူဖြစ်၍ အလိုရှိသမျှ သော ဆန္ဒတို့သည်တလုံးတဝတည်း ပြည့်စုံပေသည်၊ ထို့နောက် ဆရာတော် ဘုရားကြီး၏ ဥာဏ်ပညာ တော်များကို အကြိမ်ကြိမ် ချီးမွမ်း အံ့ဩပြီးလျှင် စစ်ကိုင်းဘက်မှ ကူး၍ ဆရာတော်ဘုရား၏ကျောင်း သို့ဝင်ရောက်၍အကြောင်းမျိုးစုံကို လျှောက်လေ၏၊

ထိုအခါ ဆရာတော်ဘုရားက ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ ဤလမ်းများသည် ရသေ့ ရိက္ခာထောက်လမ်းမျှ ဖြစ်သည်၊ သိဒ္ဓိအမျိုးမျိုးကိုပေါက်၍ ဝိဇ္ဇာအဖြစ်သို့ ဆိုက်နိုင်သော ရွှေပေတွင် ပါသည့် သံစီရင်လမ်းကို အောက်ပါအတိုင်း ပြသတော်မူလေ၏။

## ကုန်းသံ ရေသံ နှစ်ပါး စီရင်နည်း

သယံနှစ်ထွေ၊ ကုန်းရေနှစ်ပါး၊ သံသားညက်စွာ၊ ဘော်ပမာသို့၊ ရရာသမှု၊ အမှုန့်ပြုပါ၊ စိန်ဆေးမှာ ကား၊ ဆေချာမှတ်ပိုင်း၊ ပဒိုင်းခံတွာ၊ ရွှေးမှာအဖြူ၊ ကြက်ထူရှိနို၊ တလီကနုခို၊ ထိုသည့်လေးပါး၊ အဆံ ထားလော့၊ ထင်းကားအရှူး၊ ငါးဦးအညီ၊ တကျပ်စီ တွင်၊ မိဿာလင်ပါ၊ ၁၀-သာထည့်၊ သမ္ဗုဏ္ဍရေ၊ ဆေးနှင့်တေ၍၊ စိမ်လေသတ္တ၊ ရက်စေ ကမူ၊ ယူ၍ အောက်ထက်၊ တလုံးနှက်၍၊ မီးချက်နာနာ၊ ထိုးပြီး ခါလျှင်၊ အလင်းပင်ဟု၊ ယင်းဆေးစုကို၊ ပက်မှုဖြူး လေ၊ စိမ်သည့်ခရတွင်၊ လောင်းလေခုနှစ်၊ ပြီးလစ် တုံလတ်၊ ထောပတ်နွားနို့၊ နှမ်း, ဝက်တို့တွင်၊ အစဉ် သတ္တ၊ သွန်းလောင်းရက၊ မရဏာသံ၊ ဘော်သွေးမှုန် ၏၊ သန္တာန်မချွတ်၊ ဟုံးနှင့်သွတ်က၊ စသည်ကျနိုင်း ပဒိုင်းခတ္တာ၊ ကြီးစွာရှားဇောင်း၊ ငှင်းသိဂ်နိက်၊ မျှစီ ကြိတ်မှု၊ ဖြူးကြပြီးခါ၊ ပုန်းရေမှာလျှင်၊ လောင်းပါ သတ္တ၊ သုာဏ္ဏသို့၊ ရသည်အရောင်၊ ထို့နောင်ပျှား ရေ တထွေထောပတ်၊ လောင်းပြန်လတ်က၊ လက် ဆုတ်ရတုံ၊ ဆွဲဆွဲခုံ၏၊ စွယ်စုံပတ်ကြွေ့၊ ဆစ်နှင့်တွေ က၊ ကာလဗလ၊ မနသိဒ္ဓိ၊ ပြီးဘိလိုရာ၊ ပြည့်စုံစွာ သည်။ ။သစ္စာရှိကြစေသတည်း။

## ယောကျ်ားကောင်းများ၏ နှလုံးရည်

သိဒ္ဓိအမျိုးမျိုးကိုစီရင်၍ အသုံးပြုမည့်သူများမှာ ဤဆေး ဤမန္တရား, ဤအင်း, အိုင်, ခါးလှဲ့, လက်ဖွဲ့စသော အဆောင် အယောင်စသည်ကို ဆရာ့အမိန့်အတိုင်း ကျ,နစွာစီစဉ်၍ ထ, မြောက်အောင်မြင်သည် ရှိသော် အလုံးစုံသောသတ္တဝါ အပေါင်းတို့၏ ကိုယ်ခန္ဓာမှစ၍ အသက်စည်းစိမ်များကို သနားညှာတာ မေတ္တာမပျက် မနှိပ်စက်, မညှဉ်းဆဲပါ။ ဤ သစ္စာကြောင့် လိုရာသိဒ္ဓိ ပြီးမစသား ဟု သစ္စာ ပြုရသည်၊ သစ္စာအတိုင်းလည်း တည်ရသည်၊ သို့မှ အောင်မြင်၍ ဘုန်းကြီးသက်ရှည်သည်။

မဟာသိဒ္ဓိကျမ်းရင်းကြီး ပထမတွဲပြီးပြီ။